www.burmeseclassic.com



အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

နီးနီးလေးနဲ့ဝေး

DESIGN THEIN SHWE NYI

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၀၃၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၆၅၀၆၁၂

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊
စက်တင်ဘာလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095089894

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

တန်ခူးလေပြေ
နီးနီးလေးနဲ့ ဝေး/ တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၂။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) နီးနီးလေးနဲ့ ဝေး


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ဒီမိုကရေစီကောင်းကင်သစ်တွင် ငှက်များလွတ်လပ်စွာပျံသန်းနေကြ၏။ သူတို့လိုရာခရီးကို အရောက်သွားဖို့ ဓာတ်ဆီတန်းဆီစရာလည်းမလို။ ဘတ်စ်ကားတိုးစီးစရာလည်းမလို၊ မြို့ပတ်ရထားစောင့်စီးနေဖို့လည်းမလို။ ကောင်းကင်တစ်ခွင်တွင် ဖလန်းဖလန်းထကာ ပျံသန်းနေကြသည်မှာ ပျော်ရွှင်စရာ။

ရထားမျှော်နေသော စည်သူ့အကြည့်က နာရီဆီ ရောက်သွားပြန်သည်။ လက်တံတိုက ကိုးဂဏန်း၊ လက်တံရှည်က ဆယ့်နှစ်ဂဏန်းမှာဆိုတော့ ကိုးနာရီထိုးပြီပေါ့။ မင်္ဂလာဒုံဘူတာရုံ လက်မှတ်အရောင်းပေါက်ဝမှ နာရီကို မိနစ်ပိုင်းအတွင်း ဘယ်နှကြိမ်မှန်းမသိအောင် ကြည့်မိခြင်းဖြစ်သည်။ မီးရထားက မလာသေး၊ ရုံးသွားအလုပ်သွားမည့်သူများ သစ်ကုလားအုပ်ဖြစ်ကုန်ကြပြီ။

စည်သူ့လည်ပင်းလည်း ညောင်ရေအိုးဖြစ်သွား၏။ စကြံန်ပေါ်မှ ကိုယ်ကိုကိုင်း၍ ရထားလာမည့်လမ်းကို လှမ်းမျှော်သည်။ မြို့ပတ်ရထား၏ အရိပ်အယောင်ကိုမျှ မမြင်ရ။ ဒေးဗစ်ကော်ပါဖီး မြန်မာပြည်လာသွားပြန်ပြီထင်၏။ သူ၏ ပဋ္ဌလက်အတတ်ဖြင့် ရှစ်နာရီနှစ်ဆယ့်ငါးမိနစ်တွင် လာရမည့် မြို့ပတ်ရထားကို ဖျောက်ပစ်လိုက်ပြန်ပြီ။

ဒီကောင် တစ်ကမ္ဘာလုံးလှည့်ပြီး ပတ်ရမ်းနေတာ ကြာပြီ။ အဲဒီဖယ်



www.burmeseclassic.com

www.burmeseclassic.com



ချော်စင်ကြီးကိုဖျောက်ပစ်လိုပစ်၊ မဟာတံတိုင်းကို ဖောက်ထွက်လိုထွက်၊ သေယာဉ်ပုံတွေ ဖျောက်လိုဖျောက်နှင့် ကောင်းကောင်းကြီးသောင်းကျန်းခဲ့ဖူးသည်။ ခုတော့ မြန်မာပြည်လာပြီး လက်စွမ်းပြသွားလေသည်လားမသိ။

ခန္တီပါရမီနှင့် အကျွမ်းဝင်နေကြသည့် မြို့ပတ်ရထားဖောက်သည်များ၊ ချော်လင့်ချက်ကို လွှင့်ပစ်၍ ဘူတာရုံထဲမှ ထွက်သွားကြ၏။ သက်ဆိုင်ရာ ရုံးနှင့် အလုပ်ဌာနများဆီသို့ အချိန်မီရောက်ရန် ဘတ်စ်ကားပြောင်းစီးဖို့ ထွက်ခွာသွားကြခြင်းဖြစ်သည်။

BURMESE CLASSIC

စည်သူ ဘတ်စ်ကားစီးသွားဖို့ စိတ်ကူးမရှိပါ။ သူက ရထား ဘယ်အချိန် လာ… လာ မဖြစ်မနေ စောင့်စီးမည့်ဖောက်သည်အစစ်ဖြစ်သည်။ အချိန်နှင့်သွားကြရမည့်လူများ ဘူတာထဲတွင် မရှိကြတော့။ စည်သူ စိတ်ပျက်လက်ပျက်နှင့် ဂျာနယ်အပြည့်ပါသော လွယ်အိတ်ကို ဖင်ခုထိုင်လိုက်၏။

ဒီလိုရထားပျောက်သည့် အတွေ့အကြုံတွေ များလှပြီဖြစ်သော်လည်း ဒီတစ်ခါတော့ တော်တော် ကျွဲမြီးတိုမိ၏။ ဒီရက်ထဲ သူ ပိုက်ဆံများများရှာမှ ဖြစ်မည်။ စာမေးပွဲက သိပ်မလိုတော့။ အနီးကပ် သင်တန်းတက်ဖို့ သူ ပိုက်ဆံလိုနေသည်။

ဖိဖိစီးစီး ငွေရှာချင်ကာမှ အခြေအနေက မပေးသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်နေသည်။ စည်သူက မြို့ပတ်ရထားပေါ်တွင် သတင်းစာ၊ ဂျာနယ်ရောင်းသူဖြစ်၏။ သူ ဒီအလုပ်ကို ဆယ်တန်းအောင်ပြီးကတည်းက စလုပ်ခဲ့သည်။

ရောင်းခါစ ဂျာနယ်တော်တော်စုံစုံ ယူရောင်းခဲ့၏။ အတော်လည်း ရောင်းကောင်းခဲ့သည်။ 7 days, Voice, ကုမုဒြာ(မော်ဒန်), ပြည်မြန်မာတို့ အရောင်းသွက်၏။ နောက်ပိုင်းမှာ Weekly Eleven ဖောက်ထွက်လာသည်။ ဂျာနယ်တကာ့ဂျာနယ်ထဲမှာ အရောင်းရဆုံးက ဘောလုံးဂျာနယ်သာဖြစ်၏။ ပရီးမီးယားလိဂ်၊ စီးရီးအေ၊ ဗွန်ဒက်လီဂါ၊ လာလီဂါတို့ ရှိနေသမျှ ဘောလုံးဂျာနယ်တွေ ရောင်းကောင်းနေဦးမည်မှာ သေချာ၏။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် တဖြည်းဖြည်းနှင့် ဂျာနယ်ရောင်းအားတွေ ကျလာသည်။ ဘောလုံးဂျာနယ်နှင့် သတင်းစာကလွဲပြီး မရောင်းရတော့။ ထိုအခါ ဗျူဟာ ပြောင်းရသည်။ မနက်ပိုင်းကို သတင်းစာနှင့် ဘောလုံးဂျာနယ်ရောင်းပြီး နေ့ခင်းတွင် လကျော် အပတ်ကျော် ဂျာနယ်များကို တစ်ထောင်ဖိုးငါးစောင် သိပ်ကေင်းတာတွေ တစ်စောင်တစ်ရာနှင့် ရောင်းရ၏။

ရထားစီး ခရီးသည်များထဲမှ ဂျာနယ်အသစ်ကိုတစ်စောင် ခြောက် ရာပေးပြီး ဝယ်ဖတ်မည့်သူ ရှားလာ၏။ သူတို့အကျိုးစီးပွားနှင့် တိုက်ရိုက် သက်ဆိုင်သည့် ဘောလုံးဂျာနယ်ကိုပင် နှစ်ယောက်သုံးယောက် စပ်ဝယ် တာတွေဖြစ်လာသည်။ ဂျာနယ်အလယ်က အနိုင်အရှုံးစာရင်းပါသည့် အချပ် ပိုကိုသာ အဓိကဖတ်ချင်သော သူတို့၏ ဆန္ဒပြည့်ဝသည့် နည်းပင်ဖြစ်၏။

သို့ဖြစ်၍ ဂျာနယ်ရောင်းအားက ထိုးကျသွား၏။ မဖတ်ချင် မသိ ချင်ကြလို့တော့မဟုတ်။ ဂျာနယ်ထက် အရေးကြီးသော သုံးစွဲမှုကဏ္ဍတွင် ပြောင်းရွှေ့သုံးစွဲနေကြရ၍သာ ဖြစ်သည်။

စည်သူ အလုပ်ပြောင်းဖို့ စဉ်းစားလာရ၏။ အလုပ်ပြောင်းဖို့ဆိုတာ ထက် ရောင်းချမည့် ကုန်စည်ပြောင်းဖို့ ဦးစားပေးတွေးလာရတော့သည်။

'ချိုးချတဲ့ဆေး အကြောတက် ညောင်းကိုက် ပျောက်တဲ့ဆေး သက်သက်သာသာဝမ်းသွားတဲ့ဆေး၊ တွေးနေ ဒေးမနေနဲ့ ပြေးဝယ်လိုက်'

ကြားနေကျ ကိုယ်တိုင်ဆေးဖော်ရောင်းသူအဘိုးကြီး ဦးသိက္ခာ၏ အော်သံကို ကြားရသည်။ ဆေးဝယ်သူတစ်ယောက်အား ရောင်းချပေးပြီး နောက် ဦးသိက္ခာ စည်သူ့နားလာထိုင်သည်။

'ဦးလေး ရထားကို လက်ညှိုးထိုးရောင်းစားခဲ့လား'

'အဟင်း... ဝယ်သူနဲ့ဆိုင်ထားတုန်းပါကွာ၊ ဈေးမတည့်သေးဘူး'

'ဟဲ... ဟဲ... ဟဲ... ဦးလေးကတော့ ဘယ်လိုအခြေအနေပဲ ကြုံကြုံ ပျော်ပျော်ပဲနော်'

'ငါ ငိုလို့ ရထားလာမယ်ဆိုရင် ဘုန်းကြီးပျံဆယ်ပွဲစာလောက် ငိုလိုက်မယ်ကွာ'


www.burmeseclassic.com

www.burmeseclassic.com



'နေပါစေတော့ဗျာ၊ ရထားမလာရတဲ့အထဲ ရထားလမ်းမျက်ရည် လွှမ်းသွားပါဦးမယ် ဦးလေးရယ်'

'ဟား… ဟား… ဟား… သဘောပေါက်ရင်ပြီးတာပဲကွာ'

'ဆေးရောင်းရရဲ့လား ဦးလေး'

'အင်း… လူတွေလည်း ကျန်းမာရေးတအားကောင်းနေကြတယ် ကွ၊ ဝမ်းသာစရာပဲပေါ့ကွာ'

ဦးသိက္ခာနှင့် စကားပြောရတာ စိတ်ချမ်းသာစရာကောင်း၏။ အဆိုးမြင်ခြင်း လုံးဝမရှိ။ ဆေးရောင်းမကောင်းတာကိုပင် လူတွေကျန်းမာ နေကြလို့ ဝမ်းသာကြောင်း ကြံဖန်ပြောနေသေးသည်။

'ဂျာနယ်တွေလည်း အရောင်းပါးတယ်ဗျာ'

'ဗိုက်မှမဝတာ'

'ဗိုက်ဝဖို့ပဲတွေးနေလို့ မဖြစ်သေးဘူးလေဗျာ၊ စိတ်အာဟာရပြည့်ဝ မှ လူပီသမှာလေ'

'အေမတောင့်မှ သီလစောင့်နိုင်ကြမှာပေါ့ကွာ၊ ထီထိုးမထားတဲ့လူက ထီပေါက်စဉ်ဝယ်မှာမဟုတ်သလို တစ်ပြားမှ လောင်းမထားတဲ့သူကလည်း ဘောလုံးပွဲဂျာနယ် ဝယ်ဖတ်နေစရာအကြောင်း မရှိဘူးလေ၊ ဘယ်အသင်း နိုင်နိုင် ကိုယ်ထမင်းဝဖို့အကြောင်းမှ မရှိတာ'

ဦးသိက္ခာပြောပုံအရဆိုလျှင် ဂျာနယ်ထုပ်ကြီး လွှင့်ပစ်ရမလိုဖြစ် နေပြီ။

'အင်း… ကျွန်တော်လည်း ဘာပြောင်းရောင်းရင်ကောင်းမလဲ မသိဘူး'

'နွေမှာ ရေရောင်း၊ အအေးရောင်း၊ ကျန်တဲ့အချိန်မှာ စားစရာ သန့်သန့်လေးရောင်းပေါ့'

'လောလောဆယ် ဂျာနယ်တွေ ရှင်းထားရတာဗျ'

'ဂျာနယ်ဆိုတာ အမှိုက်ပဲ ကြာလေတန်ဖိုးကျလေပဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ရောင်းလို့ရသလောက် ရောင်းရဦးမှာပဲ၊ အရင်းပြုတ်ငွေပေါ်လေးပေါ့'

သူတို့စကားကောင်းနေခိုက် ရထားသံသဲ့သဲ့ ကြားရ၏။ မင်္ဂလာရှိလိုက်တာ။ ဈေးရောင်းဖို့ ဆိုင်ခန်းတွဲကြီးလာပြီ။ စည်သူ လွယ်အိတ်ကောက်လွယ်လိုက်၏။ ဦးသိက္ခာလည်း သူ့ဆေးအိတ်လေးကောက်ကိုင်လိုက်သည်။

ကွမ်းယာသည်၊ ရေခဲရေသည်၊ စုံစီနဖာကျူလီယာသည်တို့လည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ ရထားဝင်လာပြီ။ တချို့ဈေးသည်များလည်း ရထားမရပ်ခင် ပြေးလိုက်တွယ်တက်သွားသည်။ စည်သူ ထိုသို့ဘယ်တော့မှ မလုပ်။ အသက်ကို ဥဏ်စောင့်သည် မဟုတ်လား။

ဆင်းသူ တက်သူ ရှင်းတော့မှ စည်သူ တွဲပေါ်တက်သည်။ ဂျာနယ်တစ်ပွေ့ လွယ်အိတ်ထဲမှ ထုတ်ပြီး လက်ဖျံပေါ်တင်၍ ပိုက်ထားလိုက်၏။ သူ့ထက်ဦးသူတွေ အော်ဟစ်ရောင်းချနေကြသဖြင့် ခေတ္တစောင့်နေရသည်။ ရထားတစ်စီးပျောက်သွားသဖြင့် လူကြပ်နေ၏။ ရုံးပြန်ချိန်လို အပြည့်အသိပ်တော့မဟုတ်။

'အဟမ်း... ဆရာကတော်မှာတဲ့ နဖာကလော်လာပြီ၊ ကြုံတိုင်းဝယ်၊ ဝယ်တိုင်းပျောက်၊ သုံးခါနီးကျမှ ရှာမတွေ့တတ်တဲ့ နဖာကလော်လာပြီနော်၊ တစ်ရာဖိုးသုံးချောင်း၊ သော့တွဲလေးပါ အဆစ်ပါတယ်'

'ငုံးဥပြုတ် ကြက်ဥပြုတ် ပူပူလေး'

ဈေးသည်များ ကိုယ့်ပစ္စည်းကိုယ်ကြွေးကြော်ညာ၍ ပျော်စရာကောင်းအောင် အော်ဟစ်သွားကြ၏။ ဒီတစ်ခါ စည်သူ့အလှည့်...

'ကြေးမုံရမယ်၊ မြန်မာ့အလင်းရမယ်၊ မနေ့ညက အနိုင်အရှုံးဖယားတွေပါတဲ့ ဗီကလီးအလယ်ဗင်း၊ ၉၀ မိနစ်တွေရမယ်။ သတင်းစာ၊ သတင်းစာ'

ကြေးမုံနှင့်မြန်မာ့အလင်းကတော့ ရောင်းရ၏။ ဘောဂျာနယ်တွေကတော့ ဆိုင်းဆိုင်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညက အာကြီးနဲ့ လီဗာပူးပွဲဘယ်လိုလဲကွ'

'ကျွန်တော် မဖတ်ရသေးဘူး အစ်ကို၊ ဂျာနယ်က အခုမှရလာလို့'

စည်သူ့အဖြေကြောင့် မေးသူ နှာတင်းသွားပြီး တစ်ထောင်တန် တစ်ရွက်ထုတ်ပေးကာ...

'မိနစ် ၉၀ တစ်စောင်ပေး'

'ဟုတ်ကဲ့ အစ်ကို'

ဤသို့နှင့် သတင်းစာ ဆယ်စောင် ဂျာနယ် သုံးစောင် ရောင်းရ၏။ ဒီတွဲမှာ ဝယ်သူမရှိတော့။ ရှေ့ဘူတာရောက်လျှင် တွဲပြောင်းရဦးမည်။ တကယ်တော့ သူဘောလုံးသတင်းများ ဖတ်ပြီးသားဖြစ်သည်။ အရင်တုန်းကတော့ အနိုင်အရှုံးသတင်းများကို အတိအကျ သတင်းပေးခဲ့၏။ ထိုသို့ သိသွားကြသူတိုင်း ဂျာနယ်ကို ဝယ်မဖတ်တော့သဖြင့် နောက်ပိုင်း ဘယ်သူမေးမေး ဘူးတစ်လုံးဆောင်တော့၏။ ရထားအရှိန်လျှော့သွား၍ အပေါက်ဝသို့ တိုးထားလိုက်သည်။

နောက်တွဲသို့ ကူး၏။ ပရိယေသန အရေးမို့ အားနာမနေနိုင်။ တိုးတိုး ဖွဖွနှင့်ပင် အော်ဟစ်ရောင်းချရသည်။

'ကြေးမုံ၊ မြန်မာ့အလင်း၊ ဘောလုံးဂျာနယ်တွေ ရမယ်၊ မောင်းကျိုးသလား၊ သရေအရှုံးလား၊ ဘောရှုံးငွေနိုင်လား၊ ငွေရှုံး ဘောရှုံးလား၊ အတိအကျ သိရအောင် သူများကိုမေးမနေနဲ့၊ ဝယ်ဖတ်လိုက်၊ သတင်းထူးတွေ၊ သတင်းထူးတွေ၊ အရပ်သားအစိုးရသစ်က ဆင်းရဲမွဲတေမှုတွေ တိုက်ဖျက်တော့မယ်တဲ့၊ သတင်းထူးတွေနော်'

ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်မည်ဆို၍ သတင်းစာ အရောင်းသွက်သွားသည်။ ရှက်တတ်ပြီး စကားနည်းသူများလည်း ဘောလုံးဂျာနယ်ဝယ်ဖတ်ကြ၏။ ရထားပျောက်သွားတာပဲ။ ကျေးဇူးတင်ရမလိုဖြစ်နေပြီ။ အတော်လေးရောင်းကောင်းနေသည်။

'စောင်ခြုံပြီးသောက်ရမယ့် ရေခဲရေ အေးအေးလေး အကြွပါရင် နှစ်ဆယ် မပါရင် နှစ်ခွက်ငါးဆယ်၊ လာပြီနော် ဝင်ရိုးစွန်းရေခဲရေ'



www.burmeseclassic.com

www.burmeseclassic.com



'သိပ်ညှစ်နေရရင် စိတ်ညစ်ဖို့ကောင်းတယ်ဗျာ၊ မတော်လို့ လိပ်ခေါင်းထွက်နေရင် ကုရခက်မယ်၊ ဒီဆေးသာသောက်၊ ရှောခနဲ ဟောခနဲပဲ၊ ချိုးကျတဲ့ဆေးအပူအပုပ်ကင်းစင်တဲ့ဆေး၊ အကြောတက် ညောင်းကိုက်ပြေတဲ့ဆေး ဝမ်းသွားရတာ လွယ်တဲ့ဆေး၊ ဂဠုန်မင်းချိုးချဝမ်းပျော့ဆေး'

ရေခဲရေသည် အပြောကောင်းသလို ဆေးဆရာ ဦးသိက္ခာကလည်း အညွှန်းကောင်းသည်။ ရထားပေါ်က ဈေးသည်ဆိုတာ ရိုးရိုးကြီးရောင်းနေလို့မရ။ ဝယ်သူစိတ်ဝင်စားအောင် အာဝဇ္ဇန်း ကောင်းဖို့လိုသည်။ ဟာသလည်း ရှင်ရသည်။ မူပိုင်စတိုင်ကေင်းတစ်ခု ရှိအောင်လည်း တီထွင်ထားကြရသည်။

ဒီတော့ ခရီးသည်များ၏ စကားသံ၊ ဈေးသည်တို့အော်ဟစ်သံများနှင့် မြို့ပတ်ရထားက အမြဲလိုပွက်လောရိုက်နေတတ်၏။ ရထားပေါ်မှာ ရှိုးသွားမည့်သူပါသလို လက်သမား၊ ပန်းရံဆရာလည်းပါသည်။ ရှိတာလေးနဲ့ လန်းအောင်ဝတ်ထားကြသည့် ကောင်လေး ကောင်မလေးများကတော့ အများစုဖြစ်သည်။ သူတို့အားလုံး မင်္ဂလာဈေးနှင့် ယုဇနပလာဇာရှိဆိုင်ခန်းများမှ အရောင်းဝန်ထမ်းများသာဖြစ်၏။ ထို့ကြောင့် ရထားကဥက္ကလာ ဥဒ္ဒန်တောင်ဘူတာမှာ တစ်ကြော လူရှင်းသွားတတ်သည်။

မနက်ပိုင်းမို့ အကြော်နှင့်အဆာပြေစားစရာ ရောင်းသူကလည်းများ။ ဆူဆူညံညံ စည်စည်ကားကားနှင့် အလန်းဇယားများပါသောအလန်းရထားကြီးဖြစ်လေ၏။ မနက်ပိုင်းတစ်ခေါက်အဖြစ် စည်သူအင်းစိန်ထိ လိုက်သွားခဲ့သည်။ ထမင်းကို ကံဘဲ့မှာပဲစားမည်။ အင်းစိန်မှာ သတင်းစာတွေ ကုန်သွား၏။ သတင်းစာအသက်က တစ်ရက်သာရှိသည်မို့ နက်ပိုင်းမှာ မကုန်လျှင် အရှုံးပေါ်တတ်သည်။ ဘောလုံးဂျာနယ်လည်းသိပ်တော့မထူးလှ။ တစ်ရက်သက်တမ်းသာရှိသော်လည်း တစ်နေ့ကုန်အအိအိရောင်းနေရသဖြင့် သတင်းစာထက်နည်းနည်းပို၍ သက်ဆိုးရှည်၏။ အင်းစိန်တွင် သူ့လိုဈေးသည်တော်တော်များများ ဆင်းခဲ့ကြပြီး မင်္ဂလာဒုံဘက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်မည့်ရထားနှင့် ပြောင်းပြီးလိုက်ကြရသည်။ အစုံအဆန် ဈေးလိုက်ရောင်းကြသည့် သဘောပင်ဖြစ်၏။

ဒီခရီးမှာတော့ စည်သူ အသည်းအသန်လိုက်မရောင်းတော့။ ရထားပေါ်မှာ လူရှင်းသလို ဝယ်မည့်သူက လှမ်းခေါ်ဝယ်သည့်အချိန်မျိုးဖြစ်၏။ ဒီလိုလူမနည်းမများအချိန်မှာ စကားများများပြောရသည့်ဈေးသည်များ အလှည့်ဖြစ်သည်။

ဥပမာဆိုရလျှင် ဗေဒင်ဟောစာတမ်းရောင်းသူ၊ သင်္ကြန်စာရောင်းသူ၊ အစွန်းချွတ်ဆေးရောင်းသူ၊ ဘုရားရှိခိုးအမျိုးမျိုးနှင့် အန္တရာယ်ကင်းဂါထာရောင်းသူများဖြစ်သည်။

စည်သူလည်း တာဝန်ကျေရောင်းချရင်း ဈေးသည်တို့၏ ပရိယာယ်နှင့်အာဝဇ္ဇန်းကို အကဲခတ်လေ့လာနေမိ၏။

'မီးရထားနဲ့ ခရီးသွားကြတဲ့ မိဘ၊ ညီအစ်ကိုမောင်နှမများ ခင်ဗျား ကျွန်တော့်ရဲ့ သဒ္ဒါအသံကြောင့် အနှောင့်အယှက်ဖြစ်သွားမယ်ဆိုရင် ခေတ္တခဏလေး သည်းခံခွင့်လွှတ်ပေးစေချင်ပါတယ်ခင်ဗျာ'

'ဒီမှာ ကြည့်စမ်း ကျွန်တော်အစ်မကြီးများ ထီမပေါက်ချင်ဘူးလား၊ ကျွန်တော့်ဆီမှာ တနင်္လာကြာသပတေးနဲ့ စနေသားသမီးများအတွက် အထူးယတြာဟောစာတမ်းပါရှိပါတယ်ခင်ဗျာ'

'ခုနှစ်နေ့သားသမီးတော့ တာဝန်မယူပါဘူးခင်ဗျာ၊ ဒီနှစ်ထဲမှာ ကံထူးပြီး ငွေလာဘ်မြူးတဲ့ သုံးနေ့သားသမီးဖြစ်တဲ့ တနင်္လာ၊ ကြာသပတေး၊ စနေတော့ အာမခံပါတယ်၊ ထီးထိုးရမယ့်နေ့၊ ဝတ်သွားရမယ့်အဝတ်အစားအရောင်၊ ဆောင်ရမယ့်ပန်း၊ ရွေးရမယ့်အက္ခရာနဲ့ဂဏန်းစတာတွေကို တိကျသေချာတွက်ပြပေးထားတဲ့ လာဘ်ထူးကံမြူးယတြာပါခင်ဗျား၊ တစ်စောင်မှ နှစ်ရာ၊ ကွမ်းစား၊ ဆေးသောက် ကျပျောက်သလောက်နှုန်းထားနဲ့ ရောင်းပေးသွားမှာမို့ ထီဝါသနာကြီးတဲ့ ကျွန်တော့်အစ်မများ လှမ်းလို့သာ ခေါ်လိုက်ကြပါခင်ဗျာ'

'ဒီကိုတစ်စောင်'



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်ကဲ့ ဘာနေ့သမီးလဲ မမ'

'စနေ'

'ဟုတ်ကဲ့၊ ရှေ့ပါ ခင်ဗျာ၊ စနေသမီးအတွက် ထီပေါက်ကံမြူး အထူးယတြာဆုကြီးများ တည့်တည့်တိုးပြီးအကျိုးကြီးပါစေခင်ဗျာ'

'ဒီကိုလာပါဦး'

'ကြာသပတေးတစ်စောင်လောက်'

သူ့နည်းကလည်း မဆိုးဟု စည်သူကောက်ချက်ချမိ၏။ တစ်ဘူတာနှင့်တစ်ဘူတာကြား ခရီးအတွင်းမှာပင် ဆယ်စောင်လောက် ရောင်းလိုက်ရသည်။ စသည်သူ သဘောကျသွား၏။ နောက်တစ်ယောက် ကတစ်မျိုး…

'မိဘပြည်သူများ ကျွန်တော့်ကို ငါးမိနစ်လောက်ပဲ အချိန်ပေးပါ ခင်ဗျာ၊ ကျွန်တော့်မိဘများ နိစ္စဓူဝသွားလာလုပ်ရှားကြရတဲ့အခါမှာ အခန့် မသင့်ရင် ကွမ်းတံတွေး၊ ဖားသွေး၊ ငါးသွေးနဲ့ ဘောပင်မင်စွန်းတာကအစ အဝတ်အစားကောင်းလေးများ အကျည်းတန်သွားရင် ချွတ်ဖို့ စိန်တံဆိပ် ဓာတုဗေဒအစွန်းချွတ်ဆေးပါလာပါတယ်ခင်ဗျာ'

'ညီမောင် မင်းဟာက ဟုတ်ပါ့မလားကွာ၊ ကြံဖွံ့ပေါင်းများပါ ပြီ၊ ဘယ်ဆေးမှ အစွန်းမကျွတ်ပါဘူးလို့ ဆိုလာခဲ့ရင် ကျွန်တော် လက်တွေ့ ပြတာကို ခေတ္တလောက် ကြည့်ရှုပြီးမှ လက်တွေ့ဆုံးဖြတ်တော်မူကြပါ'

အစွန်းချွတ်ဆေး အရောင်းသမားက ပိတ်ဖြူစပေါ် မင်များပက် လိုက်၏။ ပြီးတော့ ခရီးသွားထဲမှ တစ်ယောက်အား ဆေးထုတ်လေးများထဲ မှ တစ်ထုပ်ကို ရွေးယူစေသည်။ ထိုဆေးထုပ်အားဖောက်၍ ဖန်ခွက်တစ် ခွက်ထဲတွင် ရေဖျော်လိုက်ပြီး မင်စွန်းသွားသော အဝတ်စကို စိမ်၍ ပွတ် လျှော်ပြလိုက်၏။ ပိတ်စမှ အစွန်းပျောက်သွားပြီး သန့်ရှင်းသွားသည်။

သူကလည်း တစ်ရာဖိုးနှစ်ထုပ်နှင့် နှစ်ရာဖိုးယူက ငါးထုပ်ပေး ပြီး ရောင်းချသွား၏။ သူလည်း ရှစ်ရာဖိုးရောင်းလိုက်ရသည်။ အားလုံးက တော့ ပညာသည်များဖြစ်ကြ၏။ ကိုယ့်ပစ္စည်း ကိုယ့်အမျိုးမျိုးအဖုံဖုံ ကြော်ငြာ


www.burmeseclassic.com

www.burmeseclassic.com



ကာ ရောင်းချသွားသည်။ စည်သူလည်း နတ်ကရာကြည့်မော့နေရင်း ပညာယူနေမိ၏။

ကြက်ဥပြုတ်သည်ဖိုးရှုပ် သူ့ဘေးလာထိုင်ပြီး ခြင်းထဲမှ ပုလင်းပြားထုတ်၍ ခွက်ပုန်းမော့နေသည်။ ပြီးတော့ ပုလင်းထိုးပေးသည်။ စည်သူခေါင်းခါလိုက်၏။ ဒီကောင် ဒီလိုသာဆက်သောက်နေလျှင် မကြာခင်ဂိမ်းပွဲဖွင့်ရောက်သွားနိုင်သည်။

ရထားက ဘောက်ထော်သို့ ဝင်လာ၏။ စည်သူနှင့် ကြက်ဥပြုတ်ရောင်းသူ ဖိုးရှုပ်တို့ အတက်အဆင်းအပေါက်ဝတွင် တွယ်စီးလာကြပြီးရထားအရှိန်သေလုနီးတွင် ခုန်ဆင်းလိုက်ကြသည်။ ပလက်ဖောင်းပေါ်အရောက် ထီးဆောင်းကာ ငုတ်တုတ်ထိုင်နေသော မိန်းမတစ်ယောက်ထီးပိတ်ပြီး ရုတ်တရက် ထရပ်လိုက်၏။ ဖိုးရှုပ် ထိုမိန်းမကိုမြင်တော့အလန့်တကြားနှင့် ထွက်ပြေးသည်။ မိန်းမကလည်း အတင်းလိုက်သည်။မျက်မှန်းတန်းနေသူများမို့ ဖိုးရှုပ်မိန်းမဆိုတာ သိလိုက်၏။

ဘာကွိုင်များ တက်ကြပါလိမ့်ဟု သိချင်ဇောနှင့် စည်သူလည်းပြေးလိုက်၏။ ရထားက ဘူတာမှာ မိနစ်ဝက်လောက်သာရပ်တာဖြစ်သည်။တွဲနောက်ဆုံးမှ ပြေးလာသော ဖိုးရှုပ် ရှေ့ဆုံးတွဲသို့ ရောက်တော့မည်။ဖိုးရှုပ်မယားက ဖိုးရှုပ်ဂုတ်ပိုးကို လှမ်းဆွဲလိုက်သည်။

'ဟင်··· သေချင်းဆိုး၊ ဒီအရေတွေပဲ မျိုဆို့နေ၊ အိမ်ကိုပြန်မလာတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ ကျုပ်တို့က ဘာနဲ့သွားစားရမှာလဲ'

ထိုမိန်းမက ဖိုးရှုပ်ကို အားပါးတရ ကိုင်ဆောင့်၍ မေးနေ၏။ဖိုးရှုပ် ကြက်ဥပြုတ်တောင်းကို လွတ်မကျအောင် ကိုင်ရင်း ရုန်းထွက်သည်။ထိုအခါ မိန်းမက ပုဆိုးခါးပုံစကို ဆွဲကိုင်ထား၏။ ရထားက ဥသြဆွဲ၍ထွက်စပြုပြီ။ စည်သူလည်း ကြားသုံးကြားမဝင်ရေးမူဝါဒအရ နီးရာတွဲပေါ်ဖမ်းတွယ်ထားလိုက်သည်။

ဖိုးရှုပ်က ကြက်ဥတောင်းကိုချ၊ ပုဆိုးကို ချွတ်လိုက်ပြီး ပုဆိုးကွင်းထဲမှ ခုန်ထွက်၍ တောင်းကိုဆွဲကာ အရှိန်ရစ ရထားနောက် ပြေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးခုန်တက်လိုက်သည်။ စည်သူ ရပ်နေရာတွဲဖြစ်နေ၍ ဖိုးရှုပ်ကို ပြုတ်မကျ အောင် လှမ်းထိန်းထားလိုက်ရ၏။

'ဖိုးရှုပ်ရာ ပြုတ်ကျမှဖြင့် သေနေပါဦးမယ်ကွာ'

'ဘူတာမှာ ကျန်ခဲ့လည်း သူ့လက်ချက်နဲ့ အသက်ထွက်မှာပဲဟာ၊ ထူးပါဘူးကွာ'

'သူပြောတာ ငါကြားပါတယ်၊ မင်းကလည်း ဘာလို့အိမ်မပြန် တာလဲ'

'အရောင်းရဘူးကွာ၊ ကြက်ဥတွေကျန်တယ်ကွာ၊ အရင်းပြုတ် တယ်၊ အတိုးနဲ့ထပ်ဆွဲပြီး လုပ်ရတယ်၊ နေ့ပြန်တိုးလည်းပေးပြီးရော အမြတ်က သုံးရာပဲကျန်တော့တယ်၊ သုံးရာတည်းနဲ့ ထမင်းမှ စားလို့မရတော့တာ၊ ဒီတော့ အရက်ပဲဝယ်သောက်လိုက်တော့ အေးရော'

ဖိုးရှုပ်မှာ ဘောကန်ဘောင်းဘီတိုပါလာ၍သာ တော်တော့သည်။ နို့မို့သာဆို ရောက်လေရာအရပ် ခွေးတစီစီဖြစ်ဦးမည်။ ဖိုးရှုပ် ဒုက္ခတွေ ကြားရတော့ သူ့ဒုက္ခက ပါးပါးလေးဟု စည်သူတွေးမိ၏။ သူလည်း မကူညီနိုင်သဖြင့် မဝေဖန်တော့ဘဲ ခပ်တိတ်တိတ်သာနေလိုက်ရသည်။

ဖိုးရှုပ် တွဲပေါ်တက်သွားပြီး ကြက်ဥပြုတ်အော်ဟစ်ရောင်းနေပြန် သည်။ သူက ဘန်ကီမွန်းမဟုတ်သလို ဘီလ်ဂိတ်လည်းမဟုတ်သဖြင့် အားလုံးက လစ်လျူရှုထားလိုက်တော့၏။ ရထားက ကံဘဲ့ဘူတာသို့ ဝင် လာပြီး ထုံးစံအတိုင်း ဒီမှာပဲ ထမင်းစားလိုက်ရန် ဆုံးဖြတ်ပြီး ရထားပေါ်မှ ဆင်းသည်။

ကံဘဲ့ဘူတာမှထွက်လျှင် လမ်းတစ်လျှောက်လုံး ဈေးသည်များနှင့် ပြည့်နေသည့် လမ်းဈေးတန်းကြီးရှိသည်။ ထိုလမ်းတွင် စည်သူ့သူငယ်ချင်း နွဲ့ယဉ်ရှိ၏။ နွဲ့ယဉ်က အမေမုဆိုးမကြီးနှင့်အတူ အထည်ဆိုင်ဖွင့်ထားသည်။ ပိတ်စများနှင့် ဖန်စီအင်္ကျီများကို လပေးရော လက်ငင်းပါ ရောင်းချကြ၏။

ထိုဆိုင်နှင့်ကပ်လျက် ဖွင့်ထားသော နွဲ့ယဉ်အဒေါ် ရောင်းသည့် ထမင်းဆိုင်တွင် စည်သူ မနက်စာစားနေကျ ဖြစ်သည်။ ဟင်းအလိုက်လေး



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ ခြောက်ရာ၊ ရှစ်ရာလောက်သာ ကျသင့်သည်မို့ စည်သူတို့လို လူစားတွေ အားပေးကြ၏။

ဈေးလမ်းအတိုင်း စည်သူ လျှောက်လာသည်။ ဒေါ်နွဲ့လေး၏ ဆိုင်တွင် ထိုင်စရာမရှိအောင် လူကျနေ၏။ စောင့်ရဦးမည်မို့ နွဲ့ယဉ်တို့ အထည်ဆိုင်သို့ ဝင်လာခဲ့သည်။ အထည်ပုံကြားထဲ ငုတ်တုတ်ထိုင်စာကျက်နေသည့် နွဲ့ယဉ်ကိုတွေ့ရ၏။

'တယ်ဟုတ်ပါလား၊ စာတွေဘာတွေကျက်လို့'

'ဟော... စည်သူ၊ မကျက်လို့ရမလား၊ စာမေးပွဲက ကပ်နေပြီ၊ ဘာလဲ ဒေါ်လေးဆိုင်မှာ လူများနေလို့လား'

'အေး'

'ဒါဆို ထိုင်လေ၊ ဒီမှာ စားမလား၊ ငါ သွားယူပေးမယ်'

'နေပါစေဟာ၊ ဆိုင်မှာ စားတာကောင်းပါတယ်၊ ရေနွေးတို့ ငပိရည်တို့ပါ စားလို့ကောင်းတာဟ၊ ဒါနဲ့ နင့်အမေရော'

'ရှိတယ်၊ အိမ်ထဲမှာ'

ပြောနေစဉ်မှာပင် နွဲ့ယဉ်အမေ ဒေါ်နွဲ့အေး အိမ်ထဲမှ ထွက်လာသည်။ စည်သူ့ကိုမြင်တော့ မဲ့ကာရွဲ့ကာနှင့် မျက်စောင်းထိုးရင်း...

'ဘာလဲ အထည်ဝယ်မလို့လား'

'မဟုတ်ပါဘူး အဒေါ်၊ ထမင်းလာစားတာ'

'ဒါဆိုလည်း ထမင်းဆိုင်သွားလေ၊ ဈေးရောင်းမကောင်းရတဲ့ကြားထဲ၊ ဘူကောင်လာထိုင်နေမှတော့ လာဘ်ပိတ်ပြီပေါ့'

ပိုးဆိုးပက်စက်အပြောကြောင့် နွဲ့ယဉ်အားနာသွားပြီး...

'အမေကလည်း ဒေါ်လေးဆိုင်မှာ ထိုင်စရာကိုမရှိလို့ ခဏဝင်လာတာကို'

'ကံဘဲ့က ထမင်းမှ မစားရရင် သေမလားမသိဘူး'

'ဟား... ဟား... ဟား... အဒေါ်ကလည်းဗျာ၊ နွဲ့ယဉ်အဒေါ်က လက်ရာကောင်းတယ်၊ စားပျော်တယ်၊ ဈေးသက်သာတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တကူးတက ဝင်စားရတာ၊ ရထားဈေးသည်တွေ အားလုံး ဒီမှာပဲ စားကြတယ်လေ'

'ဟင်း... အကြောင်းပြချက်ကတော့ကောင်းပ'

'ကဲ... တော်ပါတော့ အမေရယ်၊ စည်သူ နင် ကျူရှင်တက်ဦးမှာလား'

'မတက်တော့ပါဘူးဟာ၊ အထူးထုတ်ပဲ ဝယ်ဖတ်မလို့၊ ဗိုက်ဆာနေတယ်'

'ငါတော့ နှစ်လပြတ်ဆိုတာ တက်မလားလို့'

'ကောင်းတာပေါ့၊ ဟော... ထမင်းဆိုင်လှုပါးသွားပြီ၊ ထမင်းစားလိုက်ဦးမယ်'

စည်သူ ထမင်းဆိုင်သို့ ကူးခဲ့သည်။ ရေနွေးကြမ်း ငပိရည်တို့စရာ အစုံရှိသည့် ဗိုင်းတွင် ထိုင်လိုက်၏။

'ဟဲ့... စည်သူ ဘာနဲ့စားမလဲ'

'ဒီနေ့ ဘာတွေရလဲ ဒေါ်လေး'

'ကြက်တောင်ပံ၊ ဝက်နံရိုးအာလူး၊ အမဲခေါင်းသား'

'နံရိုးအာလူးပဲပေး ဒေါ်လေး'

ဆိုင်အကူကောင်လေး ထမင်းဟင်းပွဲများ လာချပေး၏။ ဆာနေပြီမို့ ချဉ်ရည်နှင့်ငပိရည်ရွှဲရွှဲဆမ်းကာ အားပါးတရ နယ်စားလိုက်သည်။ ထမင်းတစ်ပန်းကန်က ငါးမိနစ်ပင်မကြာ၊ လိုက်ပွဲထမင်းယူပြီးမှ ဟင်းထည့်စား၏။ နံရိုးက နူးအိနေသလို အဆီအနှစ်ဝင်နေသော အာလူးကလည်း အရသာရှိလှသည်။

'ကောင်းလှချည်လား ဒေါ်လေး၊ ဒီနေ့ ဟင်းရေလည်မိုက်တယ်'

'မင်း ကံကောင်းလို့ စားရတာ၊ တစ်ပွဲစာပဲ ကျန်တော့တာ ဘယ်လိုလဲ ဈေးရောင်းကောင်းရဲ့လား'

'သတင်းစာတော့ ကုန်ပါတယ်'

'ဒါနဲ့ နွဲ့ယဉ်ပြောတော့ စာမေးပွဲနီးပြီဆို'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဒေါ်လေး'

'ကြိုးစား၊ ဒီနှစ်နောက်ဆုံးနှစ်ပဲ'

'ဟုတ်ကဲ့ပါ'

နွဲ့ယဉ်၏အမေက သူ့ကိုကြည့်မရသလောက် ဒေါ်လေးကတော့ အေးဖေးမမရှိသည်။ သူတို့ခုမှသိကြတာ မဟုတ်။ ပထမနှစ်စတက်ကတည်းက နွဲ့ယဉ်နှင့်ဆုံပြီး လူကြီးများနှင့်ပါ သိကျွမ်းခဲ့ကြတာဖြစ်သည်။ နွဲ့ယဉ်ကို သူသံယောဇဉ်ရှိလှသော်လည်း ဘဝအခြေအနေက မလှသဖြင့် သူငယ်ချင်းအဆင့်မှာပင် ဘရိတ်အုပ်နေရတာဖြစ်သည်။

ဒါကို နွဲ့ယဉ်အမေက ရိပ်မိပြီး နီးစပ်သွားမှာ စိုးရိမ်ကာ ကြိုကန်၍ သူ့ကို ဘုတောနေခြင်းဖြစ်၏။ သူ ထမင်းလက်စသတ်ပြီး လက်ဆေးရင်း...

'ဘယ်လောက်ကျလဲ ဒေါ်လေး'

'လိုက်ပွဲတစ်ပွဲနဲ့ မဟုတ်လား၊ ခုနစ်ရာပေါ့'

ကျသင့်ငွေရှင်းရင်း ချိတ်ထားသည့် နာရီကြည့်လိုက်တော့...

'ဟာ... တစ်နာရီကောင် လာတော့မှာပဲ၊ ပြေးမှ'

'အမလေး ဖုတ်ပူမီးတိုက်ပါပဲလား စည်သူရယ်'

'သွားပြီ ဒေါ်လေးရေ'

စည်သူ ပြောပြောပြေးပြေး ပြေးထွက်သွား၏။ ရထားမီဖို့ စိတ်လောနေသဖြင့် နွဲ့ယဉ်ကိုပင် နှုတ်မဆက်ခဲ့ရ။ သူ့ဘဝကတော့ ဒီလိုပဲဖြစ်၏။ အမြဲလိုပြေးလွှားရုန်းကန်နေရသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

နံနက်ခင်းသည် အလင်းရောင်ကိုပါ လက်ဆောင်အဖြစ်ယူ၍ ကမ္ဘာလောကသို့ ရောက်ရှိလာခဲ့၏။ ပဲပြုတ်သည်လည်း ငှက်များနှင့်ချိန်း၍ လမ်းလျှောက်ထွက်လာသည်။ တံတျာတေရှင်သီဆိုသော ငှက်များနှင့် ရက်ပ်သီချင်းဆိုသော ငှက်များ ရန်ဖြစ်နေကြ၏။ မိုးစင်စင်လင်းခဲ့ပြီ။

စည်သူ အိပ်ယာထလာသောအခါ သူ့အဖေ နိုးနေတာ ကြာပြီဖြစ်ပုံရ၏။ ထမင်းစားပွဲပေါ်တွင် ပဲပြုတ်ပန်းကန်နှင့် နံပြားသုံးချပ်ကို တွေ့ရသည်။ သူ့ကိစ္စများ ပြီးတော့ အဖေက စားပွဲမှာအဆင်သင့် ကော်ဖီမစ်ဖျော်နေ၏။

'သား… ဒီနေ့ ဈေးရောင်းထွက်ဦးမှာလား'

'ထွက်မယ် အဖေ၊ ဘာဖြစ်လို့လဲ'

'စားမေးပွဲနီးပြီ မဟုတ်လား၊ နားလိုက်ပါတော့ကွာ'

'စာပေါ်ပါသေးတယ် အဖေရာ'

'နောက်ဆုံးနှစ်ကျမှ ခြေချော်လက်ချော်ဖြစ်နေဦးမယ်'

'ရပါတယ် အဖေ၊ ဒီလောက်လည်း ခက်ခက်ခဲခဲ မဟုတ်ပါဘူး၊ အနီးကပ်သင်တန်းလည်း တက်ရဦးမှာပဲ'

အဖေ စိတ်မကောင်းဖြစ်သွားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ စိတ်ပူမနေနဲ့ အဖေ၊ အဖေ့သားက တော်ပြီးသား၊ ဘွဲ့တစ်ခုရဖို့တော့ အေးဆေးပဲ'

အဖေ့မျက်နှာအနည်းငယ်ရွှင်သွားသည်ဟု ထင်မိ၏။

'ဩော်… မနေ့က သားအစ်မ ဖုန်းဆက်တယ်'

'ဟင်… ဟုတ်လား၊ ဘာတဲ့တုန်းအဖေ'

'ကိုယ်ဝန်ရှိနေပြီတဲ့ သုံးလတဲ့'

'ဟာ… ဒါဆို အဖေ မြေးချီရတော့မှာပေါ့၊ ရာထူးတက်ပြီပေါ့'

'အဟင်း… ဟင်း… ဟင်း… မွေးပြီဖွားပြီဆိုရင်တော့ အဖေ လိုက်သွားမယ်'

စည်သူတို့မှာက အမေမရှိတော့။ အစ်မကလည်း တပ်ကြပ်တစ်ယောက်နှင့်ညားပြီး တောင်ငူ ခလရ(-)သို့ ပါသွားတာ ၂ နှစ်ရှိပြီ။ မနှစ် သီတင်းကျွတ်တုန်းက အဖေ့ကို လာကန်တော့ကြသေး၏။ ဒီနှစ်တော့ အစ်မကိုယ်ဝန်နှင့်ဆိုလျှင် လာနိုင်တော့မည်မထင်။

'လိုက်သွားပေါ့ အဖေရာ'

'အေးကွာ၊ သမီးကိုယ်ဝန်ရှိတယ်ဆိုတော့ မင်းအမေကို သတိရတယ်၊ သူသာရှိရင် မမွေးခင်ကတည်းက ပြေးသွားမှာ'

'ဒါပေါ့ အဖေရ၊ မွေးတယ်ဖွားတယ်ဆိုတာ မိန်းမသားချင်း ပိုပြီးနားလည်ကြတာလေ၊ သူလည်း ယောက်ျားမနဲ့အတူနေတာမဟုတ်လား၊ ဂရုစိုက်ကြမှာပါ'

'အင်း… ဒီလိုပဲ တွေးရတော့မှာပေါ့'

'ဂဲ… အဖေ အဖေလည်း အလုပ်သွားမှာမဟုတ်လား၊ သားလည်းပြေးတော့မယ်၊ သတင်းစာတွေ ဝင်ယူရဦးမှာ'

'အေး… အေး… သွားတော့ သား'

စည်သူ ထွက်လာခဲ့၏။ ကျောက်ရေတွင်း ကုန်းတံတားအောက် သတင်းစာဂျာနယ်ဖြန့်ချီရာရောက်တော့ ခုနစ်နာရီသာ ရှိသေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ပွေ့အရောင်းသမားတွေစုံပြီး အတော်လူစည်နေပြီ။ သာဒွန်းက စည်သူ့အားလက်တို့ပြီး…

'ဟော့ကောင်… သတင်းထူးရှိတယ်၊ မင်းနဲ့ငါ ရှယ်မလား'

'ဘာသတင်းလဲ'

'ဒိုင်ယာနာရဲ့သား မင်္ဂလာဆောင်သတင်းဓာတ်ပုံတွေ ဘာတွေနဲ့ ဝေဝေဆာဆာပဲ'

'ဟုတ်လား၊ ဒါဆို လုပ်လိုက်လေ'

နှစ်ယောက်သား သတင်းစာ ဂျာနယ်များ ကုန်နိုင်သလောက် ယူပြီး သုတ်ခြေတင်ခဲ့ကြ၏။

❐ ❐ ❐

'ဒိုင်ယာနာရဲ့သား မင်းသားဝီလျံရဲ့မင်္ဂလာပွဲအခမ်းအနား သတင်း အစုံအလင်သိချင်ရင် တစ်စောင်တစ်ရာနော်၊ တစ်ရာတည်းရယ်၊ ဟောလိဝုဒ်က နာမည်ကြီးမင်းသား မင်းသမီးတွေလာတဲ့အကြောင်း ပြည့်ပြည့်စုံစုံ သိရမယ်နော်'

ဂျာနယ်ထဲမှ ထိုမင်္ဂလာသတင်းကို မိတ္တူဆွဲပြီး တစ်ရွက်တစ်ရာနှင့် ရောင်းချခြင်းဖြစ်သည်။

'မင်းသားရဲ့ကြင်ယာတော် ဘယ်လောက်လှသလဲ၊ သူက ဘယ်သူလဲ၊ ဘာအရည်အချင်းရှိလဲ၊ ချွေးမကို မြင်တွေ့ခွင့်ရမသွားရှာတဲ့ ဒိုင်ယာနာ သတင်းတွေ စုံတယ်နော် စုံတယ်'

တစ်ရာဆိုတော့ လူတိုင်းလိုလို ဝယ်ကြသည်။ အစောင်နှစ်ရာကူးလာတာ တွဲသုံးတွဲနှင့်ပင် ပြတ်ထွက်သွား၏။ နာရီပိုင်းအတွင်း ငွေနှစ်သောင်းရလိုက်သည်။ အရင်းအနှီးက ဘာမှမရှိ။

ဒီနည်းကို နောင်တော့နောင်တော်များ လက်ဆင့်ကမ်းခဲ့ကြခြင်း ဖြစ်၏။ နာမည်ကျော် မင်းသားချောဒွေး ကွယ်လွန်စဉ်က လူတိုင်းစိတ်ဝင်စားသည့် ထိုသတင်းကို မိတ္တူကူးရောင်းချပြီး သူဌေးဖြစ်သွားသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထံမှ သာဒ္ဒန်းက ရရှိလာခဲ့ခြင်းဖြစ်၏။ ခုလောက်ဆို သာဒ္ဒန်းလည်း ပီတိ တွေဖြစ်နေလောက်ပြီ။ သာဒ္ဒန်းက ကားဂိတ်နှင့်ဘတ်စ်ကားများပေါ် တာဝန် ယူထား၏။

သတင်းစာပင် အရောင်းကျသွားသည်။ ရောင်းစရာကုန်သွားသဖြင့် နီးရာဘူတာတွင် ဆင်းပြီး ကော်ပီရာဆိုင်ကောင်းကောင်းရှာရ၏။ သိပ်လောဘမကြီးဘဲ အစောင်တစ်ရာသာ ထပ်ကူးလိုက်သည်။

ပြီးတော့ မြို့ထဲဘက်တက်သည့် မီးရထားပေါ်တွင် ထပ်မံ ကြေငြာရောင်းပေးသည်။ နေ့လည် ဆယ့်နှစ်နာရီခန့်တွင် လက်ထဲ ဆယ် စောင်လောက်သာ ကျန်တော့၏။ လက်ထဲငွေသုံးသောင်းလောက် ရောက် လာတော့ လူက မြောက်ကြွမြောက်ကြွဖြစ်ပြီး မြို့ထဲလှည့်ပတ်မွှေနှောက်ရင်း အဝတ်အစားတစ်စုံ၊ ကျောပိုးအိတ်တစ်လုံးဝယ်ကာ ဒန်ပေါက်ပါ ဝင်စား ပစ်လိုက်၏။

နောက်ဆုံးတွင် ဆိပ်ကမ်းသာလမ်းဘက်မှ အဝေးသင်ကျူရှင်ဝင် ကာ စုံစမ်းပြီး အထူးထုတ်စာအုပ်များ ဝယ်သည်။ ဝီလျံအကြောင်းပါသည့် သတင်းကို အစောင်ငါးဆယ်ကူးပြီး ရထားပေါ် ပြန်တက်ခဲ့သည်။

အပြန်လမ်းတစ်လျှောက် ထိုမိတ္တူစာရွက်ကိုပဲ အော်ဟစ်အမြည်း ပေးရင်း ရောင်းလာခဲ့၏။ ခေတ်ကြီးက မီဒီယာခေတ် အိုင်တီခေတ်ဆိုသည့် အတိုင်းကိုယ်နှင့်ဘာမှမပတ်သက်သည့် သတင်းကိုတောင် အလွန်အမင်း စိတ်ဝင်စားနေကြသည်။ ထိုစိတ်ဝင်စားမှုက စည်သူ့ကို အလုပ်ဖြစ်သွားစေ ခဲ့၏။

ထိုနေ့က စည်သူ လေးသောင်းနီးပါးရလိုက်သည်။ သူဝယ်လာ သုံးလာတာတွေကပဲ နှစ်သောင်းကျော်၏။ ငွေနှစ်သောင်းပိုက်ပြီး စောစော ပြန်လာကာ အနားယူရင်း စာကျက်ဖို့ ပြင်ဆင်လိုက်သည်။ စာမေးပွဲအတွက် လိုအပ်သည့် စာအုပ်စာတန်းအကုန် ပြည့်စုံသွားခဲ့ပြီ။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် စည်သူဂျာနယ်ရောင်းမထွက်ဘဲ နားနေလိုက်၏။ ပင်ပန်းခဲ့သည့် ကာလတစ်လျှောက်အတွက် အနားယူချင်တာကတစ်ကြောင်း စာကျက်ချင်တာကတစ်ကြောင်းကြောင့်ဖြစ်သည်။ အဖေက ဗွီနိုင်း ပုံနှိပ်တိုက်တစ်ခုမှ စက်ဆရာဖြစ်သည်မို့ အလုပ်သို့ထွက်သွားပြီ။

စည်သူ ထမင်းပင် မချက်တော့ဘဲ ဆာမှကြုံသလို ဝယ်စားရန် ဆုံးဖြတ်ပြီး စာဖတ်နေလိုက်သည်။ ပက်လက်ကုလားထိုင်နှင့် စာဖတ်လိုက် လှဲအိပ်ပြီးကျက်မှတ်လိုက်နှင့် စိတ်ဝင်တစား လေ့လာနေခဲ့၏။ ထိုသို့အာရုံဝင်စားနေခိုက်…

'စည်သူရေ… စည်သူ'

ခေါ်သံကြား၍ လှမ်းကြည့်တော့ ဖိုးရှုပ်ကို တွေ့၍ အံ့သြသွား၏။ ရထားဈေးကွက်မှာ သိကျွမ်းခင်မင်သော်လည်း အိမ်အထိ လာလေ့လာထ မရှိသဖြင့် ထူးဆန်းနေသလို ခံစားမိရသည်။

'ဩော်… ဖိုးရှုပ် လာလေ'

'သတင်းတွေကြားတယ်နော်၊ ခိုင်သွားတယ်ဆို'

'တစ်ခါတလေလေးပါကွာ'

'အကူအညီလာတောင်းတာ'

'ပြော'

'အရင်းပြုတ်သွားလို့ သုံးထောင်လောက် ချေးပါလားကွာ'

အိမ်အထိလိုက်လာရသည့် အကြောင်းအရင်းကို သိလိုက်ရပြီ။ ဒီလောက်ငွေက ပြဿနာမရှိသော်လည်း အရင်းထုတ်ပေးလျှင်တောင် အလုပ်လုပ်ဖို့ မသေချာသည့် လူစားမျိုးမို့ အင်တင်တင်ဖြစ်နေမိသည်။

'မင်း အိမ်ပေါ်ပြန်တက်ပြီလား၊ မိန်းမနဲ့ကော'

'ပြန်ရောက်နေပါပြီကွာ၊ ဒါကြောင့်လည်း ဈေးရောင်းဖို့ ငွေရှာနေတာ'

'မင်း သောက်နေဦးမှာလား'



www.burmeseclassic.com

www.burmeseclassic.com



'မသောက်တော့ပါဘူးကွာ၊ မိန်းမပါ လိုက်မှာဟ၊ လှုပ်လို့တောင် ရှောမဟုတ်ဘူး'

'ဒါဆိုရင်တော့ ပေးလိုက်မယ်၊ ဘယ်လိုပြန်ဆပ်မှာလဲ'

'တစ်ရက်ခြောက်ရာနှုန်းနဲ့ တစ်ပတ်တိတိပြန်သွင်းမယ်'

ဖိုးရှုပ်က နေ့သွင်းပုံစံနှင့် ပြန်ဆပ်မည်ဟု အာမခံပြောနေ၏။ စည်သူလည်း သနားသဖြင့် ငွေသုံးထောင်ထုတ်ပေးလိုက်သည်။

'လာလေကွာ၊ မင်း ဈေးမထွက်ဘူးလား တူတူ သွားမယ်လေ'

'ငါနှစ်ရက်လောက်နားပြီး စာကျက်မလို့'

'တကယ်'

'အင်း'

'အေးလေ တစ်ရက်တည်းနဲ့ စုမိဆောင်းမိဖြစ်သွားတာကိုး၊ နားပေါ့ကွာ'

'အဲဒါကြောင့်မဟုတ်ပါဘူးကွာ၊ စာမေးပွဲနီးနေလို့ပါ'

'ဟုတ်ပါပြီ၊ ကောင်းကောင်းသာ နားလိုက်ပါ၊ သွားမယ်ကွာ၊ ကျေးဇူးပဲ'

ဖိုးရှုပ်ထွက်သွားတော့ စည်သူစာအုပ်ပြန်ကိုင်လိုက်သည်။ စည်သူက စာကိုဘယ်တော့မှ မကျက်။ သုံးခေါက်လောက်ဖတ်ပြီး နားလည်အောင် ကြိုးစားပြီးဖြစ်သည်။ စိတ်အေးလက်အေးနှင့် စည်သူ တစ်နေကုန် ဖတ်နေလိုက်၏။

စည်သူ အိမ်ထဲအောင်းနေခိုက် ရထားပေါ်မှာတော့ ထူးဆန်းသော အဖြစ်အပျက်ဖြစ်ပွားနေ၏။

'ဖြစ်မှဖြစ်ရလေကွာ၊ အဲဒီတော့ ဘာလုပ်ကြမလဲ'

'ကျွန်တော် ပိုက်ဆံလိုက်ကောက်နေတာ၊ လုပ်စရာတွေက အများကြီးမဟုတ်လား၊ ဆေးရုံကနေ ရေဝေးပို့ရမယ်၊ သင်္ဂြိုလ်ဖို့ကိစ္စလုပ်ရမယ်၊ ပိုက်ဆံစုပြီး သူ့အဖေကြီးဆီ သွားပေးမလို့'



www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ၊ တို့မှာလည်းရှိတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဖြစ်ညှစ်ပြီး တစ်ထောင်တော့ ထည့်လိုက်ပါ့မယ်ကွာ'

ဖိုးရှုပ် စာရင်းစာအုပ်တွင် နာမည်နှင့်ကူငွေကို ရေးသွင်းလိုက်၏။ ပိုက်ဆံတစ်ထောင် အိတ်ထဲထည့်ပြီး နောက်တစ်ယောက်ဆီလှည့်သည်။ ရေခဲရေသည်က သုံးရာ၊ ကျူလီယာကုန်စုံသည်က တစ်ထောင်၊ ကွမ်းယာသည်က ငါးရာအသီးသီးထည့်ဝင်ကြ၏။

ဖိုးရှုပ် ဈေးမရောင်းနိုင်ဘဲ ဘဝတူ ဈေးသည်တစ်ယောက်၏ နာရေးကိစ္စအတွက် အကူအညီပေးနိုင်ရေး ကူငွေများကောက်ခံလျက်ရှိသည်။ အားလုံးက သေသူကို သိကြခင်မင်ကြသဖြင့် ဝမ်းနည်းစိတ်မကောင်းဖြစ်စွာဖြင့် တက်အားသရွေ့ ကူညီထည့်ဝင်ကြ၏။

ဖိုးရှုပ်က တကယ့်သာရေးနာရေးအဖွဲ့တစ်ခုမှ အမှုဆောင်တစ်ယောက်လို အလုပ်တွေများနေသည်။ ဘူတာတစ်ခုခုတွင် ရထားချင်းဆုံပါက တခြားရထားဘက်ပြောင်းကာ မကူညီလိုက်ရသူမရှိရလေအောင် ဖိဖိစီးစီး လိုက်လံဆော်ဩနေ၏။ ရထားဈေးကွက်မှ ဈေးသည်အားလုံး စိတ်ထဲမှာတော့ ရထားပေါ်မှ ပြုတ်ကျကာ ရထားဈေးသည်တစ်ယောက် မရှုမလှ သေဆုံးသွားရခြင်းအပေါ် ဝမ်းနည်းမဆုံးပြောမဆုံး ဖြစ်နေကြတော့သည်။ ဒါက ရထားပေါ်က ကိစ္စ...

ညနေစောင်းလောက်တွင် အဖေ အလုပ်မှ အပြန်ဝယ်လာသည့် ဆီချက်ခေါက်ဆွဲနှင့် ထမင်းထုပ်ကိုသာ စားပြီး ညစာကို ပြီးစီးအောင်ဖြတ်ခဲ့ကြသဖြင့် စည်သူ အပြင်ပင် မထွက်ဖြစ်ခဲ့။ အဖေက...

'ငါ့သား မင်းအစ်မဆီ ဖုန်းလေးဘာလေး ဆက်လိုက်ပါဦးကွာ၊ ဒီလိုအချိန်မှာ အားပေးနှစ်သိမ့်စကားကြားချင်ရှာမှာ'

'ဟုတ်ကဲ့ပါ သား ဆက်လိုက်ပါ့မယ်'

အဖေပြောမှ အစ်မကို ပိုပြီးသတိရလာသဖြင့် စည်သူ ဖုန်းဆက်ဖို့ အပြင်ထွက်လာခဲ့၏။ ပီစီအိုဖုန်းများ သိမ်းသွားပြီမို့ အရပ်ထဲက ဖုန်းအိမ်မှပင် အစ်မဆီ လှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာကြောင်းသာကြောင်း သတိရကြောင်းတွေ ပြောဆိုအလွမ်းသသယ်ပြီးနောက် လက်ဖက်ရည်ဆိုင်ထိုင်ပြီး ညဘက်စာဆက်ကျက်ရန် ကျဆိမ့်တစ်ခွက်မှာသောက်၏။ ဆိုင်ရှေ့မှ ဦးသိက္ခာဖြတ်လျှောက်သွားတာတွေ့၍ စည်သူ လှမ်းခေါ်လိုက်သည်။ သူ့ကိုမြင်တော့ ဦးသိက္ခာမျက်လုံးပြူးသွား၏။

'လာ… ဦးလေး လက်ဖက်ရည်သောက်'

'စည်သူ… မင်း… မင်း'

'ဟာ… ဦးလေးကည်း ဘာဖြစ်နေတာလဲ၊ ချိုဆိမ့်ပဲလား'

ဦးသိက္ခာက ဘာမှပြန်မဖြေနိုင်ဘဲ စည်သူ့ကိုသာ ပြူးပြူးကြောင်ကြောင် ကြည့်ရင်း ထစ်ထစ်ငေါ့ငေါ့နှင့်…

'စည်သူရေ အမျှ… အမျှ ငါ့ကို မခြောက်ပါနဲ့ကွာ၊ ဘုရားနဲ့တရားနဲ့ ဆိုပေမယ့် သရဲတော့ ကြောက်တယ်ကွ'

'ဟာ… ဘာတွေပြောနေတာလဲဗျာ'

'စည်သူ မင်း လူ… လူလားဟင်'

'ဒုက္ခပါပဲဗျာ၊ ဦးလေး ဆေးစားမှာလာတာလား'

'မင်း… မင်း သေသွားပြီလေ စည်သူ'

'ဟာ… ကျွန်တော်က ဘာကိစ္စသေရမှာလဲ'

'မင်း… မနေ့ညက ရထားကြိတ်ခံရပြီး သေပြီဆို'

'နိမိတ်မရှိ နမာမရှိဗျာ၊ ဘယ်သူပြောလဲ'

'ဖိုးရှုပ်'

'ဗျာ'

'ငါတောင် ကူငွေတစ်ထောင်ထည့်လိုက်သေးတယ်'

'ဟင်… မဟုတ်က ဟုတ်ကဗျာ၊ ကျွန်တော်က ဘာကိစ္စသေရမှာလဲ'

'ဒီနေ့တစ်နေ့လုံး ဖိုးရှုပ်က မင်း အသုဘအတွက် ကူငွေလိုက်ကောက်နေတာ'



www.burmeseclassic.com

www.burmeseclassic.com


'ဟာ… မိုက်ရိုင်းလိုက်တာဗျာ'

ဦးသိက္ခာထံမှ ကြားလိုက်ရသည့် သတင်းစကားကြောင့် စည်သူ အထိတ်တလန့်ဖြစ်ရသလို ဒေါသလည်းဖြစ်မိသည်။ ဦးသိက္ခာကတော့ ခုထိ မယုံမရဲပုံစံနှင့်သာ…

'စည်သူ မင်း… မင်း… တကယ်မသေဘူးနော်၊ လူအစစ်ပါနော်'

စည်သူ တော်တော်ညစ်သွား၏။

'ဦးလေး မယုံရင် ကျွန်တော့်လက်ကို ဆိတ်ကြည့်ဗျာ'

စည်သူက ဦးသိက္ခာရှေ့ သူ့လက်ကိုထိုးပေးပြီး စမ်းသပ်ကြည့်ရန် ပြောလိုက်၏။ ဦးသိက္ခာက စည်သူ့လက်ကို မဝံ့မရဲ စမ်းသပ်ပြီး ခပ်နာနာ လေးဆိပ်လိုက်သည်။

'အား… နာတယ်ဗျ၊ နာတယ် ဦးလေးရ'

'ဟင်… ဒါဆို မင်း… လူ… လူပေါ့'

'ပြဿနာပဲဗျာ၊ ကျွန်တော် မသေပါဘူးဆို၊ လူပေါ့ဗျ'

ဦးသိက္ခာ ယုံကြည်သွားဟန်နှင့် သက်ပြင်းချလိုက်၏။ ပြီးတော့ လက်ဖက်ရည်ကို စိတ်ချလက်ချ သောက်နေသည်။

'မင်း မနက်ဖြန် ဈေးရောင်းထွက်မှာလား'

'အစကတော့ နားပြီး စာကျက်မလို့ဗျ၊ ဒီအတိုင်းဆို နားလို့မဖြစ်တော့ဘူး'

'အေး… ဒါဆိုလည်း မနက်ဖြန်မှာတော့ မင်းပြဿနာတွေ ရှင်းရ လိမ့်မယ်၊ ဖိုးရှုပ်က လူတိုင်းဆီက ပိုက်ဆံကောက်သွားတာ'

'ဖိုးရှုပ် တော်တော်ယုတ်မာပက်စက်တဲ့ကောင်ပဲ၊ မလုပ်သင့်တာ လုပ်ပြီး ကလိမ်ကကျစ် စိတ်ဓာတ်နဲ့ ပိုက်ဆံလိမ်တောင်းသွားတာ'

'မင်းနဲ့ ဘယ်လိုဆုံပြီး ဒီအကြံအစည်ဘယ်လိုရသွားတာလဲ'

'မနက်က ဒီကောင်လာသွားတယ်လေ၊ အရင်းပြုတ်လို့ ပိုက်ဆံ သုံးထောင်လာချေးသွားတာ'


www.burmeseclassic.com

www.burmeseclassic.com



'မင်း နားမယ်ဆိုတာ သူသိသွားလား'

'ဟုတ်ကဲ့၊ နှစ်ရက်နားမယ်ပြောလိုက်တာ'

'အေး… မင်း ရထားပေါ်မတက်ဘူးဆိုတာ သိလို့ အပိုင်လုပ်သွားတာ၊ ဒီကောင် လေးငါးခြောက်သောင်းတော့ ရသွားမှာ'

'ငွေခြောက်သောင်းနဲ့ နယ်ကျဉ်းသွားတာပေါ့'

'တစ်နပ်စားသမားလေ၊ နယ်ကျဉ်းတာလောက်တော့ ဂရုစိုက်မလား'

'ဒုက္ခပါပဲ ဦးလေးရာ၊ မနက်ဖြန် ရထားပေါ်ဘယ်မျက်နှာနဲ့ တက်ရမှန်းတောင် မသိတော့ဘူး'

'မင်းက သေသွားပြီလေ၊ သရဲမျက်နှာနဲ့ပဲ တက်ခဲ့ပေါ့ကွ စည်သူရ ဟား… ဟား… ဟား'

စည်သူ အတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်သွားတော့၏။ မနက်ဖြန်ကို ဘယ်လိုရင်ဆိုင်ရမှန်းပင် မသိတော့။

❒ ❒ ❒

မီးရထားကြီးလာနေပြီ။ စည်သူ ဂျာနယ်အိတ်ကြီးလွယ်၍ ခြေကုန်သုတ်ပြေးလာနေ၏။ သူ ဘူတာပလက်ဖောင်းစင်္ကြန်အရောက် ရထားက ဘီးလိမ့်နေပြီ။ စည်သူ မီးရာတွဲပေါ် ကုပ်ကပ်တက်လိုက်၏။ သူရထားပေါ်အရောက် ကွမ်းယာသည် မိဝိုင်းနှင့်ပက်ပင်းဆုံ၏။

'ဟင်… စည်သူ… စည်သူ သရဲ… သရဲ'

မိဝိုင်း သူ့ကိုတွေ့သည်နှင့် အလန့်တကြားအော်ကာ လူကြားထဲ တိုးဝှေ့ဝင်ပြေးသွားတော့၏။ သူ့သတင်းက ရထားဈေးကွက်တစ်ခုလုံး ပျံ့နှံ့နေပြီဖြစ်သည်။ ရေခဲရေ ဖိုးခွေးက…

'ဟာ… စည်သူ မင်း မနေ့က သေပြီဆို၊ ရထားကြိတ်ပြီး သုံးပိုင်းပြတ်သွားတာ မြင်မကောင်းဘူးဆို'

'အဲဒါ ဖိုးရှုပ်ပြောတာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ'

'ဒီကောင် လူလိမ်၊ ငါ သေပြီဆိုပြီး ကူငွေတွေ လိမ်တောင်းသွားတာ'

'ဟား… မနေ့က ငါတစ်ထောင်တောင် ထည့်လိုက်ရတာ၊ နေ့သွင်းကြွေးတောင် မသွင်းလိုက်ရဘူး'

ဖိုးရှုပ် မွေချက်မှ လွတ်သူမရှိ အားလုံးအနည်းနှင့်အများဆိုသလို ထိကြသည်။ စည်သူ ဂျာနယ်ရောင်းရသည်မရှိ။ တွေ့သမျှ ဆုံသမျှ လူကို မသေကြောင်း အလိမ်ခံရတာဖြစ်ကြောင်း ရှင်းပြနေရ၏။

တချို့ကျတော့ ဖိုးရှုပ်နှင့်ပေါင်းပြီး ခွင်ရိုက်လိမ်သည်ဟု ထင်ကုန်ကြသည်။ ဒါကိုလည်း ကျေလည်အောင် ဖြေရှင်းရသေး၏။ စည်သူ ကံကောင်းသည်ဆိုရမည်။ ဖိုးရှုပ်ကတော် ကိုယ်တိုင် ကွမ်းယာဗန်းလွယ်ပြီး ရထားပေါ်တက်လာ၏။ ဖိုးရှုပ်နှင့် ကွာရှင်းလိုက်ပြီး ကိုယ့်ဘဝကိုယ်ကျောင်းတော့မည်ဖြစ်ကြောင်း၊ ဖိုးရှုပ် ရှုပ်သွားသည့် ကြွေးများပါ ဒိုင်ခံဆပ်ပေးနေရကြောင်း၊ ခုလိုလိမ်လည်သွားသည့်အကြောင်းကိုလည်း လုံးဝမသိရပါကြောင်း၊ ဒီကိစ္စ သူနှင့် လုံးဝမသက်ဆိုင်ပါကြောင်း လိုက်လံရှင်းပြပေးသည်။

'အင်း… စည်သူ မင်းတော့ ယတြာချေသလိုဖြစ်သွားပြီပေါ့၊ ရထားပေါ်က တကယ်ပြုတ်ကျရင်တောင် သေမှာမဟုတ်တော့ဘူး'

'ဟား… ဟား… ဟား… ဟုတ်ပါ့ကွာ၊ တို့မှာတော့ မနေ့က တစ်နေ့လုံး စိတ်မကောင်းဖြစ်ပြီး အလုပ်တောင် ကောင်းကောင်းမလုပ်နိုင်ဘူး၊ အမယ် အသုဘပို့ဖို့တောင် ဖိတ်သွားသေးတာနော်၊ မနက်ဖြန် မင်းမသာချမှာတဲ့'

ဘဝတူတွေ ရယ်သံက ရထားဥသြသံထက် ကျယ်လောင်နေလေတော့၏။ စည်သူလည်း မနက်ပိုင်းတစ်ပိုင်းလုံး သတင်းစာ မကျန်အောင် သာ ဂရုစိုက်ရောင်းခဲ့ပြီး ထမင်းစားရန် ကံဘဲ့ဘူတာတွင် ဆင်းနေသည်။ ဒါလေး၏ ထမင်းဆိုင်သို့အဝင်မှာပင်…



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… စည်သူ ဘုရား… ဘုရား… ငါ့… ငါ့ကိုမခြောက်ပါနဲ့ဟယ်၊ ငါ သရဲဆိုကြောက်လို့ပါ၊ သွား… သွား… သွား… နင့်အတွက် ငါ ကုသိုလ်ပြုအမျှဝေပေးမယ်၊ သောဘာဂဝါ ဗုဒ္ဓါ အရဟံ ဣတိပိ ဣတိ'

'ဟာ…ဒေါ်လေး ဘာတွေလျှောက်ပြောနေတာလဲ၊ လုပ်ဗျာ၊ အမဲနှပ်နဲ့ ဗိုက်ဆာလှပြီ'

'ဟင်… ဟုတ်… ဟုတ်ပါပြီ၊ နာနာဘာဝဆိုတာ အမဲသားသိပ်ကြိုက်တာ၊ ဘုရား… ဘုရား'

'ဒေါ်လေးရာ ကြံဖန်ပြီး ရစ်မနေပါနဲ့ ထမင်းမြန်မြန်ပြင်'

'ဘာ… ဘာနဲ့ပြင်ရမှာလဲ ခေါစာခွက်နဲ့လား'

စည်သူ တော်တော်စိတ်ညစ်သွား၏။ ဒေါ်လေးဆိုင်က ရထားရေးသည်များ အားပေးကြသည်ဆိုင်မို့ သူသေသည့်သတင်းမှာ မနေ့ကတည်းက ဒီအထိ ရောက်နေပုံရသည်။ ဒေါ်လေးလန့်နေပုံက တော်ရုံမဟုတ်။ ထမင်းဆိုင်ဘက်မှ ဆူညံဆူညံအသံကြောင့် နွဲ့ယဉ်နှင့် ဒေါ်နွဲ့အေးပါ ရောက်လာကြသည်။ သူ့ကိုမြင်တော့ အံ့အားသင့်သွား၏။

'ဟင်… စည်သူ'

'ဟယ်… စည်သူ၊ မင်း… မင်း'

'ကဲ… အားလုံးကို ကျွန်တော် ရှင်းပြမယ်၊ ကျွန်တော် ရထားပေါ်က ပြုတ်ကျသေသွားတယ်ဆိုတာ သတင်းမှားကြီးပါ'

စည်သူက ဖိုးရှုပ် ဝင်ရိုက်ကာ လုပ်ဇာတ်ခင်းပြီး ငွေလိမ်၍ ထွက်ပြေးသွားပုံကို ရှင်းပြလိုက်ရသည်။ ထိုအခါမှ ဒေါ်လေးအပါအဝင် မိန်းမသုံးယောက်လုံး အကြောက်အလန့်ပြေကာ ပြုံးနိုင်ရယ်နိုင်ကြတော့၏။ နွဲ့ယဉ် လာထိုင်နေသဖြင့် ဝီလျံကြောင့်ထောပြီး အထူးထုတ်များ ဝယ်၍ စာကျက်နေပြီဖြစ်ကြောင်းကိုပါ ပြောပြလိုက်သည်။

'ဒါဆို နင့်ကို ပညာသင်စရိတ်ထောက်ပံ့တာ ဒိုင်ယာနာရဲ့သားပေါ့ ဟုတ်လား စည်သူ'



www.burmeseclassic.com

www.burmeseclassic.com



'အေး… သိပ်ဟုတ်တာပေါ့၊ အင်္ဂလန်ပြည့်ရှင်ဘုရင်မကြီးရဲ့ အမိန့်နဲ့လေ'

'ဟင်း… ဟင်း… ဟင်း… ကောင်းပါတယ်ဟာ၊ အထူးထုတ်တွေ အချိန်မီ ဝယ်ဖြစ်သွားတာပေါ့၊ ဒါနဲ့အနီးကပ်သင်တန်းတွေ တက်ရတော့မယ်နော်'

'အင်း… သတင်းစာထဲမှာ ငါတွေ့ပါတယ်ဟာ၊ ငါတော်တော်ပျော်နေတာ၊ ဒီနှစ်ပြီးရင် ကျောင်းပြီးပြီလေ၊ ရထားဈေးသည်ဘဝကို စွန့်လွှတ်ပြီး ကုမ္ပဏီဝန်ထမ်းလုပ်မယ်၊ ဒေါ်လေးရေ ထမင်းလိုက်ပွဲတစ်ပွဲလောက်'

နွဲ့ယဉ်နှင့် စကားပြောရင်း စားနေရာထမင်းလိုက်ပွဲက ဘယ်နှပွဲရှိမှန်းမသိတော့။ ဒေါ်လေးက…

'ဟဲ့… စည်သူ နင် မသေဘူးဆိုပေမယ့် ဖုတ်တော့ဝင်နေတယ်မဟုတ်လား၊ ထမင်းဘယ်နှပန်းကန်တောင် ရှိနေပြီလဲ'

'ဖုတ်ဝင်တာမဟုတ်ဘူး ဒေါ်လေးရေ၊ ရုပ်ရှင်နေတဲ့ နတ်သမီးအနားမှာ လာထိုင်နေလို့ စားဝင်နေတာ'

ရယ်သံတွေ ညံသွားကြပြန်၏။ နွဲ့ယဉ် အကြည့်လွှဲပြီး ရေနွေးတစ်ခွက်ငှဲ့သောက်သည်။ နွဲ့ယဉ်ကို ငေးပြီး စည်သူ ထမင်းတွေချည်းစားနေသည်။ နွဲ့ယဉ် မနေတတ်တော့။

'ကဲ… မနေ့ကတစ်နေ့လုံး စိတ်မကောင်းဖြစ်နေတာ၊ ခုမှပဲ ပေါ့ပေါ့ပါးပါးဖြစ်သွားတော့တယ်၊ တို့တွေ အနီးကပ်ကျမှပဲ တွေ့ကြမယ်ဟုတ်ပြီလား'

'အေး'..

နွဲ့ယဉ် သူ့ဆိုင်ပြန်သွားသည်။ စည်သူ ဟင်းတွေပန်းကန်ထဲထည့်လိုက်၏။ ထမင်းက ကုန်သွားပြန်ပြီ။ ဗိုက်လည်း အင့်နေပြီမို့ ဟင်းချည်းထိုင်စားနေရတော့၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

မီးရထား၏ အစက စတီးဝပ်ဖြစ်၏။ စတီးဝပ်က ရေနွေးအိုးတည်ရင်းနှင့် ရေနွေးငွေ့၏ စွမ်းအားကို သတိပြုမိသွားခြင်းဖြစ်သည်။ ပထမဆုံး ရထားစက်ခေါင်းများမှာ ရေနွေးငွေ့စက်ခေါင်းများသာဖြစ်သည်။ မြန်မာ့မီးရထားမှ မြို့ပတ်ရထားများကိုတော့ ဂျပန်မှ စစ်လျော်ကြေးပေးသည့် တွဲများနှင့် စတင်ပြေးဆွဲခဲ့သည်ဟု ကြားဖူးသည်။ အခုအချိန်မှာတော့ ထို ခေါင်းနှင့်တွဲများ လုံးဝမရှိတော့။

မြို့ပတ်ရထားက ရန်ကုန်ဆင်ခြေဖုံးမှ လူများအတွက်တော့ တကယ့်ကို အကျိုးပြုသည့်ယာဉ်တစ်မျိုးပင်ဖြစ်၏။ မြို့တစ်ပတ်စီးမှ ငွေနှစ်ဆယ်။ ဟိုနားဒီနား ငွေတစ်ဆယ်သာကုန်သည်။ ဈေးမတက်မီအချိန်က ဖြစ်ပါသည်။ လပေးလက်မှတ်လုပ်ထားလျှင် ထို့ထက်ပင် ပိုသက်သာသေး၏။ သို့သော် ရထားနောက်ကျတာ ရထားပျောက်တာတော့ ရှိတတ်သည်။

အများပြည်သူအတွက် ခရီးစရိတ်သက်သာရုံမျှမက ဘူတာများနှင့် ရထားများကို အမှီပြု၍ လူပေါင်းများစွာ လုပ်ကိုင်စားသောက်လို့ရသေးသည်။ ဒီလောက်အကျိုးပြုသည့် မြို့ပတ်ရထားကို စည်သူ အလွန်ချစ်၏။ ဆေးအရောင်တွေမွဲ၊ ထိုင်ခုံတွေက ဂျပိုးစွဲ၊ ဘယ်လိုပဲညစ်ပတ် ညစ်ပတ် ရထားပေါ်မှာ လုပ်စားလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စည်သူလည်း သူ၏ တက္ကသိုလ်ကျောင်းစရိတ်ကို ရထားပေါ်မှာပင် ရှာခဲ့ခြင်းဖြစ်သည်။ လူတော်တော်များများ၏ စားဝတ်နေရေးကိုလည်း ရထားက ဖြေရှင်းပေးနေသေး၏။ ဖိုးရှုပ်မွေ့နောက်သွားပြီး တစ်လနီးပါး လောက်ထိ စည်သူတစ်ယောက် ရထားပေါ်တွင် နာမည်ကြီးနေသည်။

ရထားပေါ် ဟောစာတမ်းလိုက်ရောင်းသည့် ဗေဒင်ဆရာ ပုံနှားဖိုးကွန်းကပင် ဇာတာစစ်ကြည့်ရအောင်ဟုပြောကာ ဗေဒင်တွက်ပေးခဲ့၏။ ဘောက်ထော်ဘူတာရုံတွင် ရထားစောင့်ရင်း စည်သူ့လက်ဝါးကို ဆွဲယူကြည့်ပြီး…

'အင်း… မင်း လက္ခဏာမှာ လက်သန်းအောက်ခြေက ဗုဒ္ဓဟူးဂြိုလ်ခုံ အတော်အားကောင်းတယ်ဟ'

'အဲဒါဆို မသေဘဲနဲ့ သေတယ်လို့ နာမည်ကြီးတတ်သလား'

'ဟား… ဟား… ဟား အဲဒါက ကျီးနားတုန်း ထန်းသီးကြွေတာပါကွာ၊ ဒီမယ် ငါ ပြောစမ်းပါရစေဦး၊ ဒီလိုလက္ခဏာမျိုးဟာ ခရီးသွားတာ စူးစမ်းရှာဖွေတာ တီထွင်ဖန်တီးတာ အရောင်းအဝယ်လုပ်တာတွေမှာ ဝါသနာထုံတယ်ကွာ'

'အင်း… ရေးတေးတေးတော့ မှန်သလိုပဲ'

'ဟော့ကောင်… အလကား ဟောပေးတယ်ဆိုပြီး မလေးမစား လုပ်နဲ့၊ ဒီလိုလက္ခဏာရှင်မျိုးဟာ အလှအပကို မြတ်နိုးသလို ကိုယ်တိုင်လည်း သပ်သပ်ရပ်ရပ်နေတတ်တယ်၊ ပြောရရင် ကမ္ဘာလောကကို အလှဆင်ဖို့ ရောက်လာတဲ့လူမျိုး'

'အဟင်း… ဒီလောက်ပဲ ကြီးကျယ်သလား'

'မနောက်နဲ့ စည်သူ၊ အင်္ဂါနံအရောင်းအဝယ် လုပ်ငန်းနဲ့အကျိုးပေးမယ်၊ စီးပွားဖြစ်မယ်'

'အင်္ဂါနံဆိုတော့'

'စ၊ ဆ၊ ဇ၊ ဈ၊ ည စာရွက်စာတမ်းတို့၊ ဆေး၊ ဆန်၊ ဆီ၊ ဆား ငှား အဲဒါမျိုး ရောင်း သူဌေးဖြစ်ပဲ၊ ပြီးတော့ကာ…'



www.burmeseclassic.com

www.burmeseclassic.com



'မပြီးနဲ့တော့၊ ကိုဖိုးကွန်း ဟိုမှာ ရထားလာနေပြီ'

ဟောလက်စ မဆုံးခင်မှာပင် ရထားလာ၍ အပြေးအလွှား လှုပ်ရှားကြရသေးသည်။ နွေခင်းဘက်မို့ တစ်ထောင်ဖိုးလေးစောင်၊ ငါးစောင်တန်လကျော် ဂျာနယ်များကို အားပြုရောင်းရသည်။

ဟောင်းနေသော သတင်းများထဲမှ ကောင်းနိုးရာရာများကို အော်ဟစ်ကြော်ငြာပြီး ရောင်းတော့လည်း စာဖတ်ဝါသနာပါသူတို့ ဝယ်ကြသည်။ ဘာမှစိတ်မဝင်စားလျှင်တောင် ရထားပေါ်မှာ ဂျပိုးမကိုက်အောင်ဖင်ခုထိုင်လို့ရသည်ဟု ပြောတော့ ရယ်ရယ်မောမောနှင့် ဂျာနယ်ဟောင်းများဝယ်ကြသည်။ ရထားတွဲတစ်တွဲ နှစ်စောင်သုံးစောင်လောက်တော့ ရောင်းရသည်။

ဦးသိက္ခာနှင့်လည်းဆုံ၏။ ဆေးအရောင်းအဝယ် မကောင်းသော်လည်း မျက်နှာပြုံးပြုံး ပြုံးပြုံးနှင့် မြင်ရတွေ့ရတော့ စိတ်ချမ်းသာသည်။

'ဟော့ကောင် လလည်ဆွမ်းသွပ် မသွားဘူးလား'

'ဘယ်သူ့လလည်လဲ ဦးလေး'

'ဟိုရထားကြိတ်ခံရလို့ သေသွားတဲ့ ဂျာနယ်အရောင်းသမားလေး စည်သူဆိုလား ဘာလား'

'လုပ်ပြီဗျာ၊ ဒီကိစ္စ အခုအထိကို အကင်းမသေသေးပါလား'

'ဒါကတော့ ချိုးမွမ်းခုနစ်ရက် ကဲ့ရဲ့ ခုနစ်ရက်ဆိုတဲ့ လောကဓမ္မတာနဲ့ မင်းရဲ့အဖြစ်က အကျုံးမဝင်ဘူးလေကွာ၊ ထူးထွေတည့်အံ့ရာသော်ကိုးကွ'

'ဟဲ... ဟဲ... ထားပါတော့ဗျာ၊ ထားပါတော့'

ရထားပေါ် ရှာရဖွေရ စားရသောက်ရတာ တစ်ဝမ်းတစ်ခါးကတော့ ပူစရာမလို။ ဦးသိက္ခာကလည်း တစ်ကိုယ်ရေ တစ်ကာရ စည်သူတို့သားအဖကျတော့လည်း အလုပ်ကိုယ်စီနှင့် သိပ်မပူပင်ကြရ။ ကျေးရူးအထူးတင်ပါတယ် မြန်မာ့မီးရထားရယ်။

ညဘက် စာကျက်ပြီး ခဏတဖြုတ်နားနေစဉ် နိုင်ငံတကာ သတင်း



www.burmeseclassic.com

www.burmeseclassic.com



စုံကို နားထောင်လိုက်သည်။ အံ့သြစရာကောင်းသည့် သတင်းတစ်ပုဒ်ကို ကြားရ၏။ အမေရိကန်သမ္မတ အိုဘားမားကိုယ်တိုင် ကြေညာသည့် သတင်း ဖြစ်သည်။ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင် အား အသေဖမ်းမိပြီတဲ့။

သူနှင့်ဘင်လာဒင် ရန်သူတွေမဟုတ်သော်လည်း ဝမ်းသာနေမိ၏။ လူတစ်ယောက် သေသွားတာ ဝမ်းသာစရာလား။ သေတာကို ဝမ်းသာတာ မဟုတ်။ သတင်းဖြစ်ပေါ်လာမှုကို ဝမ်းသာမိခြင်းဖြစ်သည်။ သူက နယ်နယ် ရရပုဂ္ဂိုလ်မဟုတ်။ အမေရိကန်အစိုးရ အဆက်ဆက်က ဆုငွေဒေါ်လာသန်းချီ အထုတ်ခံထားရသော လူတစ်ယောက်ဖြစ်သည်။ အနောက်ကမ္ဘာက ဘယ်လိုတံဆိပ်ကပ်ကပ် မူစလင်ကမ္ဘာအတွက်တော့ သူရဲကောင်းတစ် ယောက်ဖြစ်၏။ ကလေးကအစ ခွေးအဆုံး မသိသူမရှိ။

ထို့ပြင် နာမည်ကြီးသော သူ့အကြောင်း အားလုံးသိချင်ကြမည်မှာ မလွဲ။ လူတွေ၏ သိချင် စပ်စုချင်စိတ်ကို အကြောင်းပြုပြီး ချမ်းသာကြွယ်ဝ နေကြသည့် မီဒီယာသမားတွေ အများကြီး။ ထိုအထဲ သူလည်းတစ်နေရာ လောက်တော့ ဝင်ယူရမည်။

မနက်ဖြန်ထုတ် ဂျာနယ်များတွင် အိုစမာ့အကြောင်းက မင်းမူနေ မှာမလွဲ။ ခြောက်ရာတန်ဂျာနယ် မဝယ်နိုင်သော ဖိုးစပ်စု၊ မယ်စပ်စုများ အတွက် တစ်ရာကန်ကော်ပီရာ သတင်းလွှာသည်သာ အားထားရာ၊ စိတ် အဆာပြေစရာဖြစ်လိမ့်မည်။ ဒီဈေးကွက်လိုအပ်ချက်ကို စည်သူတာဝန်ယူ ဖြည့်ဆည်းပေးရမည်။

ဒီသတင်းက ဒိုင်ယာနာ့သား မင်္ဂလာဆောင်ထက် လူတွေပိုပြီး စိတ်ဝင်စားကြမှာ သေချာသည်။ ဒါသူ့အတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ် ၏။ ဒီတစ်ခါမှ သူအခွင့်အရေးကို အသုံးမချနိုင်လျှင် ညံ့ရာကျတော့မည်။ စိတ်အားထက်သန်စွာဖြင့် အိမ်ပြန်လာခဲ့၏။ အိုစမာဘင်လာဒင်နှင့် ပတ်သက် သည့် မနက်ဖြန်သည် သူ့အတွက်သာလျှင် ဖြစ်ရမည်ဟူသော ဆုံးဖြတ်ချက် များနှင့် အိပ်ရာဝင်ခဲ့တော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းတော့ ကျိုးကန်းများပင် မုတ်ဆိတ်ပါးသိုင်းမွေးပေါက်နေသလို ထင်မြင်မိနေ၏။ မြင်မြင်သမျှ လူများအားလုံး အိုစမာကဲ့သို့ အမွေးအမျှင်များပေါက်နေကြသည်။ သူ့မျက်စိတွေ မှောက်နေပြီလားမသိ။

စောစောစီးစီး ကျောက်ရေတွင်းကုန်းတံတားအောက်သို့ ရောက်နေခဲ့၏။ ဘေးအိမ်များမှ ချာတိတ်နှစ်ယောက်ကိုပင် ကော်မရှင်စားပေးမည်ဟု အာမခံပြီးခေါ်လာခဲ့သည်။ ဂျာနယ်သုံးစောင်လောက် အပြေးအလွှားဖတ်ပြီး အကောင်းဆုံးခတ်ပုံဆောင်းပါးကို ရွေးချယ်၍ ရွက်ရေတစ်ထောင် ကော်ပီကူးလိုက်၏။

မနက်ပိုင်း ရုံးချိန်အတွင်း ရထားသုံးစီးရှိသည်မို့ တစ်ယောက် တစ်စီးတာဝန်ယူရန် သတ်မှတ်ပေးလိုက်သည်။ ချာတိတ်နှစ်ယောက်ကိုတစ်ယောက်စာရွက်သုံးရာစီ ရောင်းဖို့ပေးထား၏။ သူက ကော်ပီဆွဲထားသည့် စာရွက်လေးရာနှင့် ဒုတိယမြောက် ရှစ်နာရီဆယ့်ငါးရထားနှင့်လိုက်ရန် သတ်မှတ်ထားသည်။

ပထမရထားနှင့် ကျော်စွာဟိန်းဆိုသည့် ကောင်လေးကို တင်ပေးလိုက်သည်။ သူတို့လေးတွေလည်း ရထားဈေးကွက်နှင့်မစိမ်းလှသူများဖြစ်၏။ အရပ်ထဲမှာလည်း အတော်မျက်နှာပြောင်သူများမို့ အလုပ်ဖြစ်လိမ့်မည်ဟုထင်ရသည်။

နောက်တစ်ယောက်ဖြစ်သည့် မိုးမြင့်မောင်ကို ကိုးနာရီရထားနှင့် လိုက်ခဲ့ရန်။ နေ့ခင်းတစ်နာရီတွင် ကံဘဲ့မှ ဒေါ်နွဲ့လေး ထမင်းဆိုင်တွင်ဆုံရန် အားလုံးကိုမှာခဲ့သည်။ သူကိုယ်တိုင်က ရှစ်နာရီဆယ့်ငါးရထားနှင့် လိုက်လာခဲ့၏။

အလုပ်သွား ရုံးသွားချိန်မို့ ရထားက လူအပြည့်၊ လူစိတ်ဝင်စားအောင် ဘယ်လိုအော်ရမလဲ စဉ်းစားတွေးသည်။

'ဟိုလူကြီးသေသွားပြီတဲ့'

မျက်မှန်းတန်းမိနေသော ခပ်နောက်နောက်လူငယ်ခရီးသည်တစ်ယောက်က…



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲဗျ'

'အစ်ကို့ယောက္ခမလေ'

'ဟာ… ပျော်စရာကြီးပေါ့'

'ဟုတ်ပ တစ်ကမ္ဘာလုံးကို ပျော်နေကြတာ၊ ကဲ… မပြောမရှိနဲ့ အိုစမာဘင်လာဒင်သေသွားပြီ၊ အမေရိကန်အထူးတပ်ဖွဲ့က ပါကစ္စတန်မှာ အသေဖမ်းမိခဲ့တာ'

ကြားရသူအပေါင်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ဝေဖန်လေကန်သံတွေ ဆူညံသွား၏။

'အိုစမာကို အသေမိတဲ့ သတင်းလွှာတစ်စောင်တစ်ရာ၊ တစ်စောင်တစ်ရာ'

စည်သူဘဝက အကယ်ဒမီဆုကြေညာခံရသည့် သရုပ်ဆောင်မင်းသားကဲ့သို့ ဖြစ်သွား၏။ ဟိုကတစ်စောင် ဒီကတစ်စောင်နှင့် လက်မလည်တော့။ လူကိုဆွဲသူကဆွဲ စာရွက်ဆွဲသူကဆွဲနှင့် ထင်တိုင်းကျဲကုန်ကြ၏။

'အိုစမာရဲ့ မယားသုံးယောက်ထဲ အငယ်ဆုံးမယားက သစ္စာဖောက်လိုက်သလား၊ အခုတော့ အိုစမာကြွသွားပြီ၊ သတင်းအစုံအလင်သိချင်ရင် ဟောဒီမှာ တစ်စောင်တစ်ရာနဲ့ ဝယ်ဖတ်'

စပ်စုချင်စိတ်က စေခိုင်းသဖြင့် လူတွေ အုန်းအုန်းကြွက်ကြွက်ဝယ်ယူကြ၏။ ဒီတွဲမှာပင် တွဲရှိလူကုန်နီးပါး ဝယ်ကြသည်။ ဈေးနှုန်းကလည်း အကြွေတစ်ရာ ငွေတစ်ရာဆိုတော့ ဘယ်သူကမှ တန်တယ် မတန်ဘူးတွက်မနေကြ။ စည်သူ ပါရမီဘူတာအရောက်တွင် နောက်တစ်တွဲသို့ပြောင်း၏။

'အိုစမာဘင်လာဒင်ကို အသေဖမ်းမိလိုက်ပြီ၊ အမေရိကန်သမ္မတအိုဘားမားက နှစ်ပေါင်းများစွာ စွဲကပ်နေတဲ့ ခေါင်းကိုက်ဝေဒနာသက်သာပြီး ညဘက်စိတ်ဖြောင့်ဖြောင့်အိပ်နိုင်ပြီဟု ခနိုးခနဲ့ ပြောလိုက်ပြီဗျို့'

'အိုစမာကို အမေရိကန်အထူးကွန်မင်ဒိုအဖွဲ့ ပါကစ္စတန်နယ်မြေထဲဝင်ဖမ်းတာ ပါကစ္စတန်အာဏာပိုင်များ လုံးဝမသိလိုက်ကြ'



www.burmeseclassic.com

www.burmeseclassic.com



'ပါကစ္စတန် အရှက်ကွဲရသဖြင့် အမေရိကန်နှင့် ဆက်ဆံရေး အဖုအထစ်ဖြစ်ရပြီ၊ သတင်းထူးတွေ သတင်းထူးတွေ'

'အယ်လ်ခိုင်ဒါအဖွဲ့ ဇာတ်သိမ်းသွားပြီလား၊ တစ်စောင်တစ်ရာ နော်၊ တစ်စောင်တစ်ရာ'

အရောင်းသွက်လိုက်ပုံမှာ နာဂစ်အပြီး သွပ်နှင့်သွပ်သံ ရောင်းရသလိုဖြစ်နေတော့၏။ တာမွေဘူတာအရောက်တွင် အစောင်လေးရာ ကုန်သွားသည်။ အိုစမာဘင်လာဒင်ကို အမှီပြုပြီး နေ့စဉ်သတင်းစာများလည်း ပြိုက်ခနဲကုန်၏။ ဘူတာနှင့်အနီးဆုံး ကော်ပီရာဆိုင်တွင် သတင်းလွှာရှက်ရေ နှစ်ရာထပ်ကူးလိုက်သည်။ ဆယ်နာရီရထားစောင့်၍ ဆက်လက်ရောင်းချ၏။ ကျော်စွာဟိန်းတို့နှစ်ယောက်တော့ အခြေအနေဘယ်လိုရှိမည်မသိ။ သူကတော့ စင်ပေါ်မှာ...

'အမေရိကန်တွေရဲ့ နံပါတ်တစ်ရန်သူ အိုစမာဘင်လာဒင်ကို အသေမိပြီ၊ အိုဘားမားကိုယ်တိုင် ကမ္ဘာကိုဖွင့်ဟကြေညာလိုက်ခြင်း သတင်းဆန်းတွေ သတင်းထူးတွေ တစ်စောင်မှတစ်ရာထဲ၊ မဖတ်လိုက်ရရင် ခေတ်နောက်ကျကျန်ခဲ့မယ်နော်'

'အမေရိကန်တပ်ဖွဲ့များ၏ စစ်ရေးစွမ်းရည်ထက်မြက်မှုကို မီးမောင်း ထိုးပြလိုက်သည့် အထူးစစ်ဆင်ရေးကြီး'

'အိုစမာ့အလောင်းကို အမေရိကထိ သယ်သွားပြီတဲ့'

တာမွေနှင့် ဘူတာကြီး ဘာမှမကွာသည့်ခရီးတွင်ပင် စောင်ရေ တစ်ရာ့ငါးဆယ်ထပ်ရောင်းရသည်။ ဘူတာကြီးရောက်တော့ လူရှင်းရာ အေးဆေးထိုင်နားပြီး လွယ်အိတ်ထဲထိုးကြိတ်ထည့်ထားသည့် ပိုက်ဆံများ စု၍ ရေတွက်ရသည်။ လက်ထဲမှာ စုစုပေါင်းခြောက်သောင်းလောက်ရခဲ့ပြီ။

ပုံနားဖိုးကွန်းဟောသလိုမျိုး အင်္ဂါနံပစ္စည်းအရောင်းအဝယ်နှင့် အလုပ်ဖြစ်မည်ဆိုတာ မှန်နေ၏။ စည်သူတစ်ယောက်တည်း ပြုံးလိုက်မိသည်။ ဘူတာတွင်လည်း ရထားစောင့်ခရီးသည်များရှိနေသဖြင့် စည်သူ အမြည်းပေး၍ လိုက်ရောင်းသည်။ နောက်ထပ်အစောင်နှစ်ဆယ်လောက် ရောင်းလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံဘဲ့ဘူတာသို့ ဆယ့်နှစ်ခွဲတွင် ရောက်သည်။ ဘူတာထဲ လက်ဖလာနှင့် လမ်းသလားနေသော ကျော်စွာဟိန်းနှင့်မိုးမြင့်မောင်ကို တွေ့ရ၏။

'အစောကြီးပြတ်သွားတာဗျ၊ စောင့်နေတာ ကြာလှပြီ'

မိုးမြင့်မောင်က ဝမ်းသာအားရပြော၏။ ရောင်းရငွေ သုံးသောင်းစီအပ်သည်။ တစ်စောင်ကို ကော်မရှင် သုံးဆယ်နှုန်းနှင့် ကိုးထောင်စီရှင်းပေးလိုက်၏။ နှစ်ယောက်လုံး ပျော်သွားကြသည်။ ကျော်စွာဟိန်းက…

'အချိန်ရှိသေးတယ် ကိုစည်သူ၊ ကော်ပီထပ်ပွားလိုက်ရအောင်'

'အေးပါကွာ၊ လောလောဆယ် ဗိုက်ဖြည့်မယ်လေ၊ ပြီးမှ ဆက်လုပ်ကြတာပေါ့'

သုံးယောက်သား ရင်ကော့ပြီး ဒေါ်နွဲ့လေး ထမင်းဆိုင်သို့ ချီတက်ကြ၏။ ချာတိတ်တွေကို ထမင်းမှာခိုင်းထားတာ နွဲ့ယဉ်ကို ဖူးမျှော်ရသေးသည်။ သတိရစကားမပြောမိဘဲ…

'ဘင်လာဒင်သေသွားပြီတဲ့'

'အင်း… ပြောနေသံကြားတယ်'

'အတော်ရောင်းရတယ်ဟာ'

'ဘာလဲဟ'

'အိုစမာ့အကြောင်းပါတဲ့ သတင်းလွှာလေ'

'ဟုတ်လား၊ ဒါနဲ့နောက်အပတ်ဆို အနီးကပ်တက်ရတော့မယ်နော်'

'အေးပါ၊ အဲဒီရက်မှာ စိတ်အေးရပါပြီဟာ'

ထိုအခိုက် နွဲ့ယဉ်အမေ ဒေါ်နွဲ့အေး အိမ်ထဲမှထွက်လာကာ ရိပ်ခနဲမြင်လိုက်သဖြင့်…

'ဘွားတော်လာပြီ၊ ငါ လစ်မယ်၊ ဗိုက်လည်းဆာနေပြီ'

'အေး… အေး'

သံယောဇဉ်ကို တုံးတိဖြတ်၍ ထမင်းဆိုင်သို့ ကူးလာခဲ့၏။ ကျော်စွာဟိန်းတို့ ဝါးတီးဆွဲနေကြပြီ။ လိုက်ပွဲပန်းကန်တွေ ပုံနေ၏။ စည်သူသည်း အမီလိုက်ဆွဲပစ်လိုက်သည်။ မိုးမြင့်မောင်က လေချဉ်တစ်ချက်တေခနဲတက်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



'အင်း... စားလို့သောက်လို့ ကောင်းလိုက်တာ၊ အိုစမာ့ကျေးဇူးနဲ့ ဗိုက်ကားသွားပြီ၊ သူ့အတွက် သာဓုခေါ်ပေးလို့လည်းမရ၊ အမျှဝေလို့လည်း မရဆိုတော့...'

'လွယ်ပါတယ်ကွာ၊ နောက်ဘဝမှာ လူဝင်စားဖြစ်ပြီး အမေရိကန်ကိုနိုင်ရတဲ့သူ ဖြစ်ပါစေလို့ ဆုတောင်းပေးလိုက်ပေါ့ကွ'

'အင်း... ဟုတ်တယ်၊ အဲဒါအကောင်းဆုံးပဲ'

ဒေါ်လေးက စည်သူ့အတွက် ထမင်းလိုက်ပွဲ လာပို့ရင်း...

'အိုစမာဘင်လာဒင်သေတာနင်တို့နဲ့ ဘာဆိုင်လို့လဲ'

'ဟာ... ဆိုင်တာပေါ့ သူ့သတင်းကြောင့် သူဌေးသမီးတင်တောင်းလို့ရအောင်ကို ခွင်မိခဲ့တာဗျ၊ ထောကြောပဲ၊ သိရဲ့လား ဒေါ်လေး'

'အဒေါ်ကြီးကသာ မဆိုင်ဘူးထင်နေနော်၊ အိုစမာ ၁၃၅ နဲ့ ဘင်လာဒင် ၅၄၇ နှစ်ကွက်က ဒိုင်ပိတ်ဂဏန်းတောင် ဖြစ်သွားပြီဗျ၊ ဟား... ဟား... ဟား'

'ပေါက်ရတွေဟယ်'

'ကဲ... တွက်... တွက်... ဘယ်လောက်ကျလဲ ဒေါ်လေး'

'အားလုံး သုံးထောင့်နှစ်ရာ၊ အမယ် နင်တို့စားလှချည်လား၊ ပုံမှန် ခုနစ်ရာဖိုးစားနေတဲ့လူတွေက'

'သြော်... အဒေါ်ကြီးကလည်း အိုစမာကြောင့် သူဌေးဖြစ်လာပါတယ်ဆိုနေ'

'အေး... အိုစမာဆိုတာတစ်ယောက်တည်းရှိတာ၊ နေ့တိုင်း သူဌေးဖြစ်မှာမဟုတ်ဘူး'

'မှန်လိုက်တာ ဒေါ်လေးရယ်၊ ကဲ... ဟော့ကောင်တွေ အချိန်ရှိခိုက် လုံ့လစိုက်လိုက်ရအောင်ဟေ့'

စည်သူတို့အုပ်စု ရွက်ရေ သုံးရာကော်ပီဆွဲပြီး ရထားပေါ်ပြန်တက်ကြ၏။ အစုံအဆန်ရထားစီးပြီး လူခွဲ၍ အရောင်းထွက်ခဲ့ကြပြန်သည်။ ရုံးပြန်ချိန်မှာတော့ မနက်ကလောက် မရောင်းရတော့။ လူတွေအကုန်နီးပါး



www.burmeseclassic.com

www.burmeseclassic.com



သိပြီးသွားကြပြီကိုး။ ဒါတောင် တွဲတစ်တွဲမှာ ဆယ်စောင်လောက်တော့ ရောင်းရသေး၏။

ဟိုရထား ဒီရထားပြောင်းပြီး ဖိဖိစီးစီး ရောင်းလိုက်တော့လည်း ပါသမျှကုန်သွားခဲ့သည်။ ခုနစ်နာရီတွင် တံတားလေးဘူတာမှာ ဆုံပြီး ဝေစုခွဲကြ၏။ မိုးမြင့်အောင်တို့နှစ်ယောက် တစ်ယောက်သောင်းနှစ်ထောင်စီ ရခဲ့သလို စည်သူလည်း နှစ်သိန်းနီးပါး ခိုင်သွားခဲ့သည်။ ကားဂိတ်ဘက် တာဝန်ယူသည့် သာဒွန်းလည်း အခြေအနေကောင်းပုံရ၏။ အရိပ်အယောင် ပင် ရှာမတွေ့။

မိုးမြင့်မောင်တို့က ပေါးလားဝါးလားသမားများပီပီ စားသောက်ဆိုင်သို့ ချီတက်ပြီး ဘီယာသောက်ကြသည်။ စည်သူ လိုက်သွားပြီး နံရိုးပေါင်းနှင့် အစိမ်းကြော်တစ်ပွဲ ဝယ်ကာ အိမ်ပြန်ခဲ့၏။ အဖေ ထမင်းချက်ထားသည်နှင့် အတော်ပဲဖြစ်သွားသည်။

'သား… စာမေးပွဲနီးပြီ မဟုတ်လား'

'ဟုတ်ကဲ့ အဖေ'

'နားတော့လေ'

'နားမှာပါ နောက်နှစ်ရက်ပဲ၊ သတင်းထူးတွေကြောင့် ရောင်းကောင်းနေလို့'

'ဘာလဲ၊ အိုစမာလား'

'ဟုတ်တယ် အဖေ၊ နောက်ဆက်တွဲ သတင်းတွေနဲ့ နှစ်ရက်သုံးရက်တော့ ဟော့တ်ဖြစ်နေဦးမှာပဲ'

'ဒါလည်း ဒါပေါ့ သားရယ်၊ ဒီနှစ်က ဖိုင်နယ်ဆိုတော့ ကျွတ်ကျွတ်လွတ်လွတ်ဖြစ်စေချင်လို့ပါ'

'စိတ်ချပါ အဖေ၊ အထူးထုတ်တွေလည်း အကုန်ဝယ်ပြီးပြီ၊ အနီးအပ်လည်း တက်ရဦးမှာ၊ အဆင်ပြေပါတယ် အဖေ'

'အေး… အေး… ဒါဆိုပြီးရော'

တကယ်လည်း နောက်ဆက်တွဲ သတင်းထူးတွေက သုံးရက်



www.burmeseclassic.com

www.burmeseclassic.com



လောက်ဆက်နေခဲ့သည်။ ပါကစ္စတန်နယ်မြေအတွင်းမှ အိုစမာနိုအောင်းခဲ့သည့် အိမ်နှင့် အထူးတပ်ဖွဲ့စီးနင်းခဲ့ပုံ၊ သရုပ်ပြဓာတ်ပုံများနှင့် ဂျာနယ်ရောင်းအား ဆက်တိုက်တက်ခဲ့၏။ အိုစမာ၏ ရုပ်အလောင်းကို တစ်ခါတည်း ပင်လယ်ထဲနစ်မြုပ်သင်္ဂြိုလ်ခဲ့ခြင်းအတွက် အလောင်းကို လူသိထင်ရှားမပြသဖြင့် သူ တကယ်သေဆုံးတာဟုတ်မဟုတ်လည်း အငြင်းပွားခဲ့ကြသည်။

နောက်ပိုင်းတွင် အယ်ခိုင်ဒါအဖွဲ့ တာဝန်ရှိသူများကိုယ်တိုင် အိုစမာသေဆုံးခြင်းကို အတည်ပြုပေးခဲ့ကြ၏။ စည်သူလည်း ငါးရက်လောက်ဆက်ပြီး စီးပွားရှာလိုက်သေးသည်။ လက်ကျန်ဂျာနယ်မရှိအောင် စနစ်တကျရောင်းပြီး လုံးဝနားလိုက်၏။ မနက်ဖြန်က စပြီး အနီးကပ်သင်တန်းတက်ရတော့မည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

ဆေးလိပ်ကင်းစင်နယ်မြေဖြစ်၍ လေထုသည် ကာဗွန်အဆိပ်တို့အတန်ငယ်လျော့ပါးနေမည်ဟု ယူဆရ၏။ မော်တော်ကားများမှ အိပ်ဇောငွေ့နှင့် စားသောက်ဆိုင်တန်းထွက် အကြော်နံ့ ညှော်နံ့အပြင် တခြားဘာအနံ့အသက်မှမရှိ။ ရာခိုင်နှုန်းတော်တော်များများ သန့်စင်နေသေးသည့် လေထုကို အားရပါးရ ရှူရှိုက်ရင်း ပတ္တမြားအဝိုင်းတွင် စည်သူထိုင်နေ၏။

အချိန်က ရှစ်နာရီခွဲနေပြီ။ နွဲ့ယဉ် ယခုတိုင် ရောက်မလာသေး။ မလှမ်းမကမ်း ကားဂိတ်ဆီသို့ မျှော်နေမိသည်။ ကျောင်းဝင်းထဲထိ လိုင်းကားများ တစ်စီးပြီးတစ်စီး ဝင်လာကြ၏။

ရထားပျောက်လို့ စောင့်ရတာမဟုတ်သဖြင့် စိတ်ခံစားမှုက ထူးခြားဆန်းသစ်နေသည်။ ဒဂုံတက္ကသိုလ်နယ်မြေအတွင်း ကျောင်းသူကျောင်းသားများ ဖြတ်သန်းသွားလာနေကြ၏။ အားလုံး အဝေးသင်ကျောင်းသားများသာဖြစ်သည်။ အလုပ်တစ်ဖက်နှင့် ကျောင်းသားများဆိုတော့ ဒေးတက်သည့်ကျောင်းသားများလောက်တော့ မလန်း။ ကိုယ့်အားကိုယ်ကိုးပြီး အားမာန်ဝင့်နေသူများကိုသာ တွေ့ရ၏။

ရှစ်နာရီ လေးဆယ်လောက်တွင် ကားပေါ်မှ ဆင်းလာသည့် နွဲ့ယဉ်ကို တွေ့လိုက်သည်။ ကျောင်းတက်ရမည်မို့ ဂရုစိုက်ပြင်ဆင်လာပုံရ၏။ မြင်နေကျပုံစံမဟုတ်ဘဲ သားနားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း အတူတူပင်။ သတင်းထူးနှစ်ပုဒ်ကြောင့် လက်ထဲငွေလျှံနေသဖြင့် အဝတ်အစားသစ်များနှင့် တတ်နိုင်သလောက် ရှိုင်းလာခဲ့သည်။ နွဲ့ယဉ် လာရာလမ်းမှ စောင့်ကြိုနေလိုက်၏။

'အဟမ်း… အဟမ်း… ဘယ်လိုလဲ အားကျီးမ နောက်ဆုံးနှစ်မို့ အစွဲထုတ်မယ်ဆိုပြီး အစွမ်းကုန် ပြင်လာတယ်ပေါ့၊ လန်းနေတယ်နော်'

'ပေါက်ကရတွေ ပြောမနေနဲ့၊ အရပ်ထဲ ကြွေးလိုက်တောင်းတာမှ မဟုတ်တာ၊ ဒီလောက်တော့ ဝတ်ရမှာပေါ့ဟ'

'အေးပါ၊ အေးပါ၊ နင် ဘာစားပြီးပြီလဲ၊ တစ်ခုခု စားဦးမလား'

'မစားတော့ပါဘူး၊ ထမင်းချိန်ကျမှပဲ ဆိုင်ထိုင်တော့မယ်'

'ဒါဆို အတန်းထဲ ဝင်ကြစို့၊ သိပ္ပံဆောင် ဒုတိယထပ်မှာ S.20 အခန်း'

'တော်သေးတယ်၊ နင်နဲ့အတန်းတူ မေဂျာတူမို့ အဖော်ရလို့'

'ဟုတ်ရဲ့လား၊ ရည်းစားက မြင်ပြီး နှာကစ်နေဦးမယ်နော်'

'ဖြန်း'

နွဲ့ယဉ်၏ လျှပ်တစ်ပြက်ရိုက်ချက်က စည်သူ့လက်မောင်းဆီ တန်းခနဲ၊ မိန်းကလေးအများစုက ဒီလိုပါပဲ။ သူတို့ရှက်တာပဲဖြစ်ဖြစ် သဘောကျတာပဲဖြစ်ဖြစ် မခံချင်တာပဲဖြစ်ဖြစ် ဤသို့ လက်ပါလေ့ရှိ၏။

'ငါ့မှာ ဘာရည်းစားမှ မရှိဘူး'

'အောင်မလေး ခုမှပဲ ရင်အေးသွားရတော့တယ်'

'စည်သူနော်'

ထိုစကားအတွက် စည်သူ ဘဝင်ကျသွားသည်။ ဒီနေ့ နွဲ့ယဉ်၏ အလှက သူ့စိတ်ကို လန်းဆန်းစေသည်။ နဂိုကတည်းက နွဲ့ယဉ်ကို သူ သဘောကျနေမိတာဖြစ်သည်။ ခုလို လှတပတမြင်ရတော့ ပိုပြီး စိတ်လှုပ်ရှားသွား၏။ နွဲ့ယဉ်အမေဒေါ်နွဲ့အေးကို ကြောက်၍သာ သူ မလှုပ်ရှားရဲတာဖြစ်သည်။ အခြေအနေပေးလျှင်တော့ နွဲ့ယဉ်သိအောင် ဖွင့်ဟဖြစ်မည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် နောက်ကျသွားသဖြင့် အတန်းထဲ လူပြည့်နေပြီ။ စည်သူ မျက်စိလျှင်လျှင်နေရာရှာပြီး နွဲ့ယဉ်ကို ဆွဲခေါ်လာ၏။ ရွယ်တူ လူငယ်တစ်ယောက်တည်း ထိုင်နေသည့် ခုံတန်းတွင် သူတို့နေရာရသည်။ ထိုလူရွယ်က ပြုံးပြ၏။

'ကျွန်တော် စည်သူပါ'

'ကျွန်တော်က ကျော်ဇင်၊ လျှပ်စစ်ရုံးက ဝန်ထမ်းပါ'

'ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်၊ သူကတော့ နွဲ့ယဉ်တဲ့'

ကျော်ဇင်က နွဲ့ယဉ်ကို အပီရှိုးသည် ပြီးမှ ပြုံးပြသည်။ ခင်ခင်မင်မင်လည်း စကားပြော၏။

'ဝမ်းသာတယ်ဗျာ၊ အဝေးသင်တွေဆိုတော့ သူငယ်ချင်းရှားပါးနေတာ၊ ကျွန်တော်တို့သုံးယောက် အတူတူလေ့လာကြတာပေါ့၊ ကျွန်တော့်မှာ မေးခွန်းဟောင်းသုံးနှစ်စာ အဖြေစုံရှိတယ်'

'ကောင်းတာပေါ့၊ ကျွန်တော့်မှာတော့ အထူးထုတ် အဖြေစုံရှိတယ်လေ၊ မျှပြီးလေ့လာကြတာပေါ့'

ဖော်ရွေသော ကျော်ဇင့်ကြောင့် ရင်းနှီးမှုက ချက်ချင်းဆိုသလို ဖြစ်သွားကြ၏။ ကိုးနာရီအတိမှစ၍ ဆရာ၊ ဆရာမများ ဝင်လာကာ ဆိုင်ရာဘာသာရပ်သင်ခန်းစာများကို ရှင်းလင်းပြောပြဆွေးနွေးပေးကြ၏။ စည်သူလည်း အထူးထုတ် ကြိုဖတ်ထားသဖြင့် သင်ခန်းစာများနှင့် စိမ်းမနေဘဲ နားလည်နေသည်။ ဒီတစ်ခါ အနီးကပ်တက်ရတာ အဆင်ပြေအကျိုးရှိနေ၏။

နေ့ခင်း ထမင်းစားချိန်မှာလည်း ကျော်ဇင် သူတို့နှင့်အတူပါလာသည်။ လူရှင်းသော ဆိုင်တွင် ထိုင်လိုက်ကြ၏။ ဒဂုံတက္ကသိုလ်စားသောက်ဆိုင်တန်းများက တစ်ဆိုင်နှင့်တစ်ဆိုင် ခါးသာသာမြင့်သော အုတ်စည်းရိုးလေးများသာခြားထားသဖြင့် ဆိုင်တန်းအစအဆုံး ဒိုးယိုပေါက် လှမ်းမြင်နေရသည်။

စည်သူနှင့်နွဲ့ယဉ်က မြန်မာထမင်းကို ကြက်သား၊ ငါးပေါင်းတို့နှင့်

www.burmeseclassic.com



မှာသည်။ ကျော်ဇင်က တရုတ်စာ ဝက်ထမင်းပေါင်းမှာ၏။ စားရင်းသောက်ရင်း မိတ်ဖွဲ့စကားပြောဖြစ်ကြသည်။

'ကျွန်တော်က မိသားစုထဲမှာ အငယ်ဆုံး၊ အကြီးတွေအားလုံး အိမ်ထောင်ကိုယ်စီနဲ့၊ အဖေက ညွှန်မှူး၊ နေပြည်တော်မှာ၊ အလုပ်ရှိပေမယ့် အစ်ကိုတွေ အစ်မတွေအားလုံး စာမေးပွဲအတွက် ဝိုင်းထောက်ပံ့ကြတာလေ'

'ဟုတ်လား၊ ကောင်းတာပေါ့၊ ကျွန်တော်က အစ်မတစ်ယောက်ပဲ ရှိတာ၊ အမေဆုံးသွားပြီ၊ အဖေနဲ့ပဲ အတူနေတယ်၊ အစ်မက စစ်သားမယား မို့ နယ်မှာ၊ အလုပ်ကတော့ ဂျာနယ်ရောင်းပါတယ်'

'ကိုယ့်အားကိုယ်ကိုးတာကိုး၊ လေးစားပါတယ်ဗျာ'

'အဲလိုလည်း မဟုတ်ဘူးဗျ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်နှစ်ယောက်ရဲ့ ပညာရေးဖောင်ဒေးရှင်းအထောက်အပံ့နဲ့ ကျောင်းလာတက်တာ'

'ဟင်… ဟုတ်လား၊ အဲလို အစီအစဉ်တွေရှိလား၊ ဘယ်ဖောင်ဒေးရှင်းလဲ၊ ဘီလ်ဂိတ်များလား'

'မဟုတ်ပါဘူး၊ ဝီလျံနဲ့ အိုစမာဘင်လာဒင်ပါ'

'ဪ… ခင်ဗျားက မူစလင်ကိုး'

စည်သူ့အပြောနှင့် ကျော်ဇင်၏ မှတ်ချက်ကြောင့် နွံ့ယဉ် ထမင်းသီးမတတ် ရယ်၏။ မနေနိုင်တော့ဘဲ ဝင်၍အထုပ်ဖြည်ကာ ရှင်းပြသည်။ သည်တော့ ကျော်ဇင် ပိုသဘောကျသွား၏။

'ဟား… ဒီလိုကိုး၊ ကျွန်တော်ဖြင့် ကိုစည်သူပြောတဲ့ ဖောင်ဒေးရှင်းတွေကို အဟုတ်မှတ်လို့ ဟား… ဟား… ဟား… လေးစားတယ်ဗျာ၊ တကယ့်ကို ဝတ္ထုထဲက လူစွမ်းကောင်းတွေနဲ့ လာတွေ့ရတာကိုး၊ မနွံ့ယဉ် ကကော ဗျာ'

'ကျွန်မ အကြောင်းက စိတ်ဝင်စားစရာမရှိပါဘူး၊ အမေမုဆိုးမနဲ့ အတူနေတယ်၊ တစ်ဦးတည်းသောသမီး၊ အထည်ဆိုင်ဖွင့်ပြီးရပ်တည်နေကြတာ'

'ဘာပဲဖြစ်ဖြစ် မိတ်ဆွေကောင်းတွေနဲ့ တွေ့ရတယ်လို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါတယ်၊ ဒီဖိုင်နယ်စာမေးပွဲကို ကျွန်တော်တို့သုံးယောက် ပူးပေါင်းကျော်ဖြတ်ကြတာပေါ့'

သုံးယောက်ထဲတွင် ကျော်ဇင့်အနေအထားက အကောင်းဆုံးဖြစ်နေ၏။ သူ၏ နွဲ့ယဉ်ကိုကြည့်သည့် အကြည့်ကလည်း ထူးခြားနေသည်ဟု စည်သူ ခံစားနေရသည်။ မိတ်ဆွေလား ရန်သူလား မကွဲပြားသလို စိတ်ထင့်နေ၏။

နွဲ့ယဉ်ကတော့ ဣန္ဒြေရရနှင့် ပုံမှန်သာဆက်ဆံသည်။ ထမင်းစားနားပြီး သင်တန်းပြန်တက်ကြ၏။ ညနေ လေးနာရီတွင် တစ်နေ့တာ သင်တန်းပြီးသည်။ စည်သူနှင့်နွဲ့ယဉ် ကားအတူစီးပြီး ပြန်ခဲ့ကြ၏။ ကျော်ဇင်က လမ်းမတူသဖြင့် တစ်ယောက်တည်း။

❒ ❒ ❒

အဖာအထေးတို့နှင့် ပြည့်နှက်နေသော အိုဇုန်းလွှာကြီးအောက်တွင် လူတွေ သွားလာလှုပ်ရှားနေကြ၏။ ဒဂုံတက္ကသိုလ်ဝင်းထဲ ခြေချမိတော့ ရှစ်နာရီဆယ့်ငါးသာ ရှိသေးသည်။ ကျောင်းဝင်း ကားဂိတ်မှပင် နွဲ့ယဉ်ကို စောင့်နေလိုက်သည်။

နွဲ့ယဉ်ကို စောင့်နေစဉ် ရောက်လာတာက ကျော်ဇင်ဖြစ်၏။ လတ်လတ်ဆတ်ဆတ်အပြုံးများနှင့် နှုတ်ဆက်သည်။ နွဲ့ယဉ်ကို စောင့်နေတာသိသိနှင့်...

'လာလေဗျာ၊ သွားရအောင်'

'နွဲ့ယဉ် မလာသေးဘူးဗျ'

'ဩော်'

ကျော်ဇင်ပါ အတူစောင့်မည့်ဟန်နှင့်မို့ စည်သူ နည်းနည်းတော့ စိတ်ပျက်သွား၏။ နှင်ထုတ်လို့လည်းမကောင်းတတ်သဖြင့် ဝင်လာသည့် ကားများကိုသာ မျှော်နေလိုက်သည်။ နွဲ့ယဉ် ကားပေါ်မှ ဆင်းလာတာကို ကျော်ဇင် အရင်မြင်၏။



www.burmeseclassic.com

www.burmeseclassic.com


'ဟော... ဟိုမှာ'

နှစ်ယောက်သား ပြိုင်တူလို နွဲ့ယဉ်ဆီ ရောက်သွားကြသည်။ နွဲ့ယဉ်က လွယ်အိတ်အပြင် ပလပ်စတစ်ဆွဲခြင်းတစ်လုံးပါ ပါလာ၏။ စည်သူနှင့်ကျော်ဇင်တို့လက်များ ထိုခြင်းထံ အပြိုင်လှမ်းလိုက်ကြသည်။ နွဲ့ယဉ်က စည်သူ့လက်ထဲထည့်သဖြင့် သူ ပီတိဖြစ်သွား၏။

'ဟင်... နွဲ့ယဉ် ထမင်းချိုင့်ပါ ထည့်လာတာကိုး'

'အေးလေ ဝယ်စားရတာ တန်မှမတန်ဘဲ၊ ဒေါ်လေးဟင်းက ဒီကဟာတွေထက် အများကြီးသာတယ်'

'အဲဒါတော့ ဟုတ်တယ်ဟ'

'ကဲ... စောပါသေးတယ်၊ လက်ဖက်ရည်သောက်ရအောင်'

'တော်ပါပြီ ကိုကျော်ဇင်'

'လာပါဗျာ ဆယ်မိနစ်လောက်ပဲ'

ကျော်ဇင် ဖွတ်ခေါ်နေသဖြင့် အားလုံးစားသောက်ဆိုင်ထဲ ဝင်လာကြသည်။ ကော်ဖီမစ်သုံးခွက်မှာလိုက်၏။ ကျော်ဇင်က သူ့ကျောပိုးအိတ်ကို ဖွင့်ပြီး စာရွက်ထပ်ကြီးထုတ်ယူသည်။ ပြီးတော့ သူတို့ဆီ တစ်စုံစီ ကမ်းပေးရင်း...

'မေးခွန်းဟောင်းတွေ မိတ္တူဆွဲလာတာ၊ တစ်ယောက်တစ်စုံစီပေါ့'

'အားနာစရာကြီး ကိုကျော်ဇင်ရယ်'

'ဟုတ်သားဗျာ'

'ရပါတယ်ဗျာ၊ အိုစမာဖောင်ဒေးရှင်းလိုပဲ သဘောထားလိုက်ပါ'

'ဟား... ဟား... ဟား... လုပ်ပြီ၊ ခင်ဗျားကတော့'

'အဟင်း... အိမ်မှာတောင် အဲဒီကိစ္စ ပြောပြဖြစ်သေးတယ်၊ ကျွန်တော့် မိသားစုက ခင်ဗျားကို ချီးကျူးနေကြတာဗျ'

'သိပ်ဖွမနေနဲ့နော် ကိုကျော်ဇင်၊ တော်ကြာ အာရပ်ကမ္ဘာက ကြား သွားလို့ ရှယ်ယာလာခွဲနေကြဦးမယ်'

'ကဲ... မြန်မြန်သောက်ကြ၊ နေရာမရဘဲနေဦးမယ်'


www.burmeseclassic.com

www.burmeseclassic.com



နွဲ့ယဉ်က လောဆော်သဖြင့် မြန်မြန်သောက်ပြီး စည်သူ ဦးအောင် ပိုက်ဆံရှင်းလိုက်သည်။ ပြီးတော့ အတန်းတက်ဖို့ ထွက်လာခဲ့ကြ၏။ အတန်း ထဲမှာ နေရာယူကြတော့ နွဲ့ယဉ် အလယ်က ဖြစ်သွားသည်။

မနက်ပိုင်း စာသင်ချိန်မှာ ကျော်ဇင့်မျက်လုံးတွေ ဆရာမထံမှာ မရှိတာ စည်သူ သတိပြုမိ၏။ ကျော်ဇင်က နွဲ့ယဉ်ကိုသာ ပြဌာန်းစာအုပ်လို သဘောထားလေ့လာနေသည်။ စည်သူ စိတ်ထဲ မနာလိုစိတ်ပင်ဖြစ်လာရ ၏။ နွဲ့ယဉ်ကို သူ တစ်ယောက်တည်း မြင်ခွင့်ရမည့်ကိုယ်ပျောက်ဝတ်ရုံ မျိုးနှင့် လွှမ်းထားချင်စိတ်ပင်ပေါက်နေသည်။

ကျော်ဇင်က ကော်ရက်ရှင်ဗွားလိုက်၊ နွဲ့ယဉ်ပါလာသည့်ရေတောင်း သောက်လိုက်နှင့် နွဲ့ယဉ်ဆီမှ အာရုံစိုက်မှုရအောင် ကြိုးစားနေ၏။ အရင်က ပေါ့ပေါ့ပါးပါးနေခဲ့သလောက် ပြိုင်ဘက်ရှိလာပြီဟူသည့်အသိနှင့် စည်သူ နိုးရိမ်စိတ်တွေ ဖြစ်စပြုလာခဲ့ရပြီ။

ထမင်းစားချိန်မှာတော့ သူနှင့်နွဲ့ယဉ်၏ ရင်းနှီးကျွမ်းဝင်မှုကို လှစ်ဟ ပြရရောက်သည့်အဖြစ်ကြောင့် စည်သူ မာန်တက်ရင်ကော့နေတော့၏။ နွဲ့ယဉ်က သူ့အတွက်ပါ ထမင်းဟင်းပိုထည့်လာသည်လေ။ လေးဆင့်ချိုင့် လေးထဲမှာ ထမင်းနှစ်ချိုင့် ဟင်းနှစ်ချိုင့်ပါလာ၏။

'ရော့… စည်သူ နင့်အတွက် ငါပိုထည့်လာတာ၊ ဒေါ်လေးက လည်း ဟင်းတွေပိုထည့်ပေးလိုက်တယ်'

'ဟုတ်လား၊ ဒေါ်လေးလက်ရာ မစားရတာတောင် ကြာပြီ၊ အလွမ်း ပြေပေါ့ ဟဲ… ဟဲ'

စည်သူတို့အခေါ်အပြောများကို နားထောင်ပြီး ကျော်ဇင် မျက်နှာ ငယ်နေ၏။ သူ့ကိုဟန်ဆောင်ပန်ဆောင်ပင် ကျွေးဖော်မရသဖြင့် သူ့ဟာသူ မှာစားရသည်။ စည်သူတို့၏ ခင်မင်မှုအတိုင်းအတာကိုလည်း စိတ်တွင် မှန်းဆနေပုံရှိ၏။ နွဲ့ယဉ်၏ ချိုင့်လေးကသေးသဖြင့် ထမင်းမစောက်၍ ထမင်းဖြူထပ်မှာရသည်။



www.burmeseclassic.com

www.burmeseclassic.com



'စားလို့ကောင်းလိုက်တာ၊ ဒေါ်လေးကို ကျေးဇူးတင်တယ် ပြောလိုက်နော်'

'အေးပါ၊ ဒေါ်လေးက ဖောက်သည်တစ်ယောက် လျော့သွားလို့ စိတ်မကောင်းဖြစ်နေတာဟဲ့'

'အေးဟာ စာမေးပွဲပြီးရင်တောင် ဂျာနယ်ရောင်းတတ်ပါ့ဦးမလား မသိဘူး၊ သတိရတယ်ဟာ၊ ရထားပေါ်က လူတွေကို'

ကျော်ဇင် စကားဝိုင်းအပြင်ရောက်နေရတာကို သည်းခံနိုင်စွမ်းရှိတော့ပုံမရ။

'ခင်ဗျားတို့ ကျောင်းပြီးရင် အစိုးရအလုပ်လေးဘာလေး မလျှောက်ကြဘူးလား'

'အင်း... လျှောက်မှာပေါ့၊ ဒါပေမဲ့ အစိုးရဝန်ထမ်းထက် ကုမ္ပဏီဝန်ထမ်းပိုဖြစ်ချင်တာ'

'မနွဲ့ယဉ်ကော'

'ဝန်ထမ်းလုပ်လို့ ကြီးပွားမှာမှ မဟုတ်တာ'

'အဟင်း... မနွဲ့ယဉ်က ယောက်ျားလုပ်စာ ထိုင်စားဖို့ စိတ်မကူးဘူးလား'

'အောင်မလေး ကိုယ့်အားကိုယ်ကိုးဖို့ပဲ စဉ်းစားပါတယ်ရှင်၊ ဖယောင်းတိုင်ပဲဖြစ်ဖြစ် ကိုယ့်အလင်းရောင်နဲ့ ကိုယ်ပဲနေချင်တာ'

'အဟဲ... လေးစားစရာပါပဲဗျာ'

ထမင်းစားအပြီးမှာ သင်တန်းပြန်တက်တော့ နွဲ့ယဉ်က ဦးအောင်ခုံအစွန်တွင်ထိုင်သည်။ သို့နှင့် စည်သူလည်း နွဲ့ယဉ်နားတွင် အားနာပါးနာ ကပ်ထိုင်လိုက်ရတော့သည်။ ကျော်ဇင် မျက်နှာ တစ်နေကုန်မိုးအုံ့နေခဲ့၏။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အနီးကပ်သင်တန်းနောက်ဆုံးရက်သို့ ရောက်လာခဲ့သည်။ သူတို့သုံးယောက်လည်း စာမေးပွဲဖြေဖို့ အဆင်သင့်ဖြစ်နေကြပြီ။ သင်တန်းပြီး၍ အပြန်မှာတော့…

'ကိုစည်သူ ကျွန်တော် ခင်ဗျားတို့အိမ် လိုက်လည်ချင်တယ်ဗျာ'

'ဗျာ'

'သြော်… ဒီလိုပါ၊ နောက်ဆို ဆုံကြတွေ့ကြတော့မှာ မဟုတ်ဘူးလေ၊ ကျွန်တော်ရဲ့ မိတ်ဆွေကောင်းတွေလို သတ်မှတ်ထားတဲ့အတွက် အဆက်အသွယ်ပြတ်မသွားအောင် သိထားချင်လို့ပါ'

ငြင်းလို့မကောင်းအောင် ပြောနေသဖြင့် စည်သူ ကျော်ဇင်ကို ခေါ်လာရတော့၏။ အိမ်ကိုသိအောင်ပြပြီး လိပ်စာတွေဘာတွေရေးပေးလိုက်သည်။ ပြီးတော့ လက်ဖက်ရည်ဆိုင်ထိုင်ကြ၏။

'နွဲ့ယဉ်တို့က ကံဘဲ့ဘူတာရုံလမ်းနော်'

'ဟုတ်တယ် ကိုကျော်ဇင်'

'ခင်ဗျားတို့က ငယ်ပေါင်းတွေလား'

'အဝေးသင်စတက်မှ ခင်မင်ကြတာပါ'

'နွဲ့ယဉ်က နာမည်နဲ့လိုက်အောင် ယဉ်တယ်နော်'

'အဟင်း'

ဒီလူ ဘာစကားစတော့မလဲဆိုတာ စည်သူ ရိပ်မိသလိုရှိလာ၏။

'ကိုစည်သူ နွဲ့ယဉ် အပေါ်ဘယ်လိုသဘောထားလဲ'

'ဗျာ'

'သြော်… ခင်ဗျားနဲ့နွဲ့ယဉ်ရဲ့ ဆက်ဆံရေးက သိပ်နီးကပ်နေသလိုပဲ၊ တစ်ယောက်နဲ့တစ်ယောက် လက်တွဲဖို့ အစီအစဉ်ရှိနေပြီလား'

ဒါပေါ်တင်စိန်ခေါ်သည့် မေးခွန်းဖြစ်၏။ အဖြေမတတ်လျှင် အနာဂတ်မှာ ဝေဝေဝါးဝါးဖြစ်သွားနိုင်သည်။ ပြတ်ပြတ်သားသားဖြေမှ ဖြစ်မည်။

'ဟုတ်ကဲ့၊ ရှိတယ်၊ ဖွင့်မပြောဖြစ်သေးတာပဲ ရှိတော့တာ တစ်ယောက်နဲ့တစ်ယောက်ကတော့ နားလည်နေကြပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင် မျက်နှာပျက်သွား၏။ အဝေးသို့ငေးရီကာ ပြောစရာစကားတွေ စီစဉ်နေပုံရသည်။

'အင်း… ပြဿနာပဲဗျာ၊ ကျွန်တော်လည်း နွဲ့ယဉ်ကို ကြွေနေတာ'

'ဗျာ'

'ဟုတ်တယ်၊ တွေ့တာဆုံတာ ဘာမှမကြာသေးပေမယ့် ကျွန်တော် နွဲ့ယဉ်ကို တကယ်သဘောကျတယ်၊ အိမ်ထောင်ဘက်အထိကို ရည်မှန်းမိတာ'

'လူပျိုက အပျိုကို သဘောကျတာ၊ ကျွန်တော် ကန့်ကွက်ပိုင်ခွင့်မရှိပါဘူး၊ ကျွန်တော်တို့အပြိုင်အဆိုင် ကြိုးစားကြည့်ကြတာပေါ့'

'အဟင်း… ခင်ဗျားက အသာရနေပြီးသားပါဗျာ၊ ကျွန်တော်မပြိုင်ရဲပါဘူး'

'ဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ ဒီကိစ္စမှာ မိန်းကလေးရဲ့ အဆုံးအဖြတ်ကသာ အရေးကြီးတာပါ၊ မိန်းကလေးဆန္ဒမပါရင် ဘယ်သူမှ လက်မထောင်နိုင်မှာမဟုတ်ဘူး'

'ဒါလည်း မှန်ပါတယ်၊ ဒါဆို ကျွန်တော် ကြိုးစားကြည့်ရမလား'

'သဘောပဲ'

'ကောင်းပြီဗျာ၊ ဖဲအဆင်က ရှစ်တွေ ကိုးတွေပေါ်နေပေမယ့်အောက်ကပဲ လိုက်ကြည့်မယ်ဗျာ'

စည်သူ ပြုံးပြလိုက်ရသော်လည်း ရင်ထဲမှာတော့ ပူလောင်စပြုလာသည်။ သူကိုယ်တိုင် ဖွင့်ပြောပြီးသားဆိုလျှင်တော့ ဒီလောက်ပူပင်စရာမရှိ။ ခုတော့ ပြိုင်ဘက်အနားကပ်လာမှ ရုတ်တရက် ထပြေးရသလိုဖြစ်တော့မည်။ စာမေးပွဲကလည်း ကြားသုံးရက်သာလိုတော့၏။ စည်သူခေါင်းမီးတောက်သွားပြီ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com


စာမေးပွဲဖြေခါနီးမှ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံနေရ၍ ညီသူ နေမထိထိုင်မရ ဖြစ်နေ၏။ သူ့သဘောနှင့်သူသာဆိုလျှင် စာမေးပွဲ ဖြေပြီးမှ နွဲ့ယဉ်ကို အေးအေးဆေးဆေးဖွင့်ပြောရန် အချိန်ဇယားဆွဲထားပြီးဖြစ်၏။ ခုတော့ ယုန်နှင့်လိပ် အပြေးပြိုင်ပွဲလို စွမ်းရည်ချင်းမတူသည့် သူနှစ်ယောက် ယှဉ်ရတော့မလိုဖြစ်နေပြီ။

ကိုယ်က ယုန်လား လိပ်လားဆိုတာ မသေချာသော်လည်း ပြိုင်ဘက်က ယုန်ဖြစ်ဖို့ သေချာသလောက်ရှိနေသည်။ တာထွက်နောက်ကျမှာ စိုးသည့်စိတ်နှင့် စာကျက်လို့ပင် မရတော့သည့်အတွက် အပြင်ထွက်လာခဲ့၏။ ညခုနစ်နာရီထိုးပြီမို့ အပြင်မှာ မှောင်နေပြီ။

လွတ်လွတ်လပ်လပ် စကားပြောလို့ရသည့် ဖုန်းအိမ်ရှေ့တွင် ရပ်ပြီး ဆေခွဲမရဖြစ်နေသေး၏။ နောက်တော့ ဒီကိစ္စ ရင်မဖွင့်လျှင် စာမေးပွဲပင် ဖြေနိုင်မှာမဟုတ်တာ သေချာသဖြင့် နွဲ့ယဉ်တို့အိမ်သို့ ဖုန်းခေါ်လိုက်၏။

ဖုန်းအဆက်အသွယ်ရပြီး သုံးမိနစ်ခန့် စောင့်နေရသေး၏။ နွဲ့ယဉ် အသံကို ကြားတော့ သူ့တစ်ကိုယ်လုံး တုန်နေသည်။

'ဟဲလို ပြောပါ၊ ဘယ်သူလဲ'

'အင်း… နွဲ့ယဉ် ငါ… ငါပါ'

'အသံက လုံးနေတယ်၊ ဘယ်က ငါလဲ'

'စည်သူပါ နွဲ့ယဉ်ရဲ့'

'သြော်… အေး… ဘာလဲပြော စည်သူ'

'ငါ… ငါ နင့်ကိုသိပ်ချစ်တယ် နွဲ့ယဉ်'

'ဟင်'

'ကိုယ်ပိုင်ဖုန်းမဟုတ်လို့ သိပ်ဖွဲ့နွဲ့မနေချင်တော့ဘူး၊ နွဲ့ယဉ် သိပ်ချစ်တယ်၊ စာမေးပွဲပြီးရင် စဉ်းစားပေးပါနော်'

'အဟင်း… နင်တို့ဘာဖြစ်နေကြတာလဲ'

'ဘာပြောတာလဲ နွဲ့ယဉ် မကြားရဘူး'

'စကားပြောရတာ မကောင်းဘူး၊ မနက်ဖြန် ကိုးနာရီကျော်ဘဲလောက်တာ ကစောင့်နေ၊ ငါထွက်လာခဲ့မယ်၊ ကြားလား'


www.burmeseclassic.com

www.burmeseclassic.com



'အေး'

'ဒါပဲ… ဒါပဲ၊ မနက်ဖြန်နော်'

စည်သူ နေသာထိုင်သာရှိသွား၏။ နှလုံးငြိမ်ပြီး စိုးရိမ်စိတ်တွေ အနည်ထိုင်သွားသည်။ တာထွက်နောက်မကျလောက်တော့ဟု ယူဆကာ စိတ်အေးလက်အေးဖြစ်သွား၏။ မနက်ကိုးနာရီတဲ့။ နွဲ့ယဉ် ဘာပြောမလို့ ပါလိမ့်။ သူချစ်စကားပြောတော့ နွဲ့ယဉ် တစ်ခုခု ပြန်ပြော၏။ ဖုန်းလိုင်း မကောင်း၍ မကြားလိုက်ရ။

မည်သို့ပင်ဖြစ်စေ။ သူ နွဲ့ယဉ်ကို ဖွင့်ပြောခဲ့ပြီးပြီ။ သူ့ဘက်က တာဝန်ကျေပြီဟု ပြောလို့ရ၏။ ကျန်တာ နွဲ့ယဉ်၏ တာဝန်သာဖြစ်သည်။ ဤသို့တွေးလိုက်မှပဲ စိတ်ပေါ့သွားပြီး စာဖတ်လို့ရတော့၏။

❐ ❐ ❐

မနက်စောစော ကြီးတို့နှင့်အပြိုင် နိုးထလာ၏။ ပေါင်းအိုးနှင့် ထမင်းအိုးတည်ထားခဲ့ပြီး ကျောင်းစာပြန်ဖတ်နေလိုက်သည်။ ခုနစ်နာရီ လောက်မှ လမ်းထိပ်ထွက်ပြီး မုန့်ဟင်းခါးနှစ်ထုပ်ဝယ်သည်။ မနက်စော စာကို မုန့်ဟင်းခါးနှင့်ထမင်းပူပူလေး ရော၍စားရတာကို သားအဖနှစ်ယောက် လုံး ကြိုက်ကြ၏။

သူ အိမ်ပြန်ရောက်တော့ အဖေက ရေချိုးထားသည်။ စည်သူ မုန့်နှင့်ထမင်းပြင်နေခိုက် အဖေ ကော်ဖီဖျော်သည်။ စားသောက်ရင်း…

'သား စာမေးပွဲပြီးရင် အဖေ တောင်ငူခဏသွားချင်တယ်၊ နှစ်ရက် သုံးရက်ပေါ့'

'အဖေ ခွင့်ရပါ့မလား'

'ပြောပြီးဆိုပြီးနေပါပြီ၊ ခွင့်သုံးရက်ရမယ်၊ ကြိုက်တဲ့အချိန်ယူတဲ့'

'ရပါတယ် အဖေ၊ သွားပေါ့၊ ဒါမှ အစ်မလည်း အားရှိသွားမှာ' အေးနှင့် ဖုန်းဆက်တယ်'

အဖေ သူ့သမီးကို တော်တော်သတိရနေပြီ။ တအားလွမ်းနေပြီမှန်း



www.burmeseclassic.com

www.burmeseclassic.com



သူသိလိုက်၏။ သြော်… မိဘမေတ္တာပဲပေါ့။ အဖေ ထမင်းထည့်သွားသည်ဆို၍ ချိုင့်ပြင်ပေးသည်။ ထမင်းစားချိန်ရောက်မှ မြို့ထဲမှာ ကြုံရာဝယ်စားလိမ့်မည်။ အဖေ အလုပ်သို့ ထွက်သွားတော့ စည်သူ ရေကမန်းကတန်းချိုး၏။

ရှစ်နာရီဆယ့်ငါးရထားနှင့် သူလိုက်မှ နွဲ့ယဉ် ချိန်းသည့်အချိန်အကျတိရောက်မည်။ ရေချိုးအဝတ်အစားလဲ အိမ်သော့ခတ်ပြီး ဘူတာသို့ ခပ်သွက်သွက်ဒိုးရ၏။ မီးရထားက မလာသေး…

'ဟာ… ဟော့ကောင် စာမေးပွဲပြီးပြီလား၊ ဂျာနယ် ပြန်ရောင်းတော့မယ်ပေါ့'

စောင်ခြုံသောက်ရသည့် ရေခဲရေအရောင်းသမား ဘမင်းက နှုတ်ဆက်သည်။ အခြားသောရောင်းဖော်ရောင်းဖက်များကလည်း ဝမ်းသာအားရ စကားလာပြောကြ၏။

'စာမေးပွဲက မပြီးသေးပါဘူး၊ ခင်ဗျားတို့ကို လွမ်းလို့ ခဏတဖြုတ် ထွက်လာတာပါ'

'အောင်မာ စည်သူ ဟိုဟာ ငုံပြောရင်တောင်ကြိုက်တတ်လို့ပဲ ထင်မှာ၊ မင်းကံဘဲ့ကိုသွားမလို့မဟုတ်လား၊ ဟင်း… ဟင်း'

'ဟုတ်တယ်လေ၊ ဒေါ်နွဲ့လေးလက်ရာ ထမင်းမစားရတာ ကြာလို့'

'ပေါက်ကရတွေကွာ၊ ဒီအချိန်သွားရင် မစားရဲဘဲ ဝိုင်းချက်ပေးနေရမှာပေါ့၊ ဒေါ်နွဲ့လေးရဲ့တူမဆီသွားမှာ မသိတာမှတ်လို့ကွာ'

သူတို့ကို ဘယ်လိုမှ ဖောလို့ရမှာမဟုတ်သဖြင့် စည်သူ ရှုးကြောင်ကြောင်လုပ်နေလိုက်ရ၏။ ထိုအချိန် ရထားဝင်လာ၍သာ တော်တော့သည်။ စကားပြတ်သွားပြီး နီးရာတွဲပေါ်တက်လိုက်ကြ၍ လူစုကွဲသွား၏။

ကံဘဲ့သို့ ရှစ်နာရီလေးဆယ့်ငါးလောက်တွင် ရောက်သွားသည်။ ဘူတာထဲ ဝေ့ဝဲရှာကြည့်သော်လည်း နွဲ့ယဉ်ကိုမတွေ့ရ။ ဟိုဒီလျှောက်ရင်း စောင့်နေရ၏။ ကိုးနာရီထိုးခါနီးမှ ဘူတာထဲ ဝင်လာသော အချစ်၏ မျက်နှာကို တွေ့လိုက်သည်။ နွဲ့ယဉ်က သူ့ကို နှုတ်မဆက်ဘဲ ရထားလက်မှတ်ကိုဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထူး၍ တစ်ဖက်စကြန်မှ လက်ဖက်ရည်ဆိုင်ထဲဝင်သွားသည်။ စည်သူလည်း နောက်မှခပ်ခွာခွာလိုက်၏။

ချောင်ကျကျစားပွဲတွင် နွဲ့ယဉ်ထိုင်သည်။ စည်သူလည်း အရိပ်အခြေကြည့်ပြီး မယောင်မလည်နှင့် ဝင်ထိုင်လိုက်သည်။ အနားကပ်လာသော စားပွဲထိုးကို ပုံမှန်နှစ်ချက်ဟု မှာပြီး နွဲ့ယဉ်မျက်နှာပေါ်မှ အမူအရာကို လေ့လာမိ၏။ သူ့မျက်နှာက မသိကိန်းသုံးလုံးပုစ္ဆာကဲ့သို့ ဖြစ်နေသည်။

'နင်တို့ ဘယ်လိုတွေဖြစ်နေတာလဲ စည်သူ'

'ဘာဖြစ်လို့လဲ နွဲ့ယဉ်'

'မနေ့က ကျော်ဇင် ငါ့ဆီလာသွားတယ်'

'ဟာင်'

'သူကလည်း ငါ့ကို ပရိုပို့စ်လာလုပ်တာ'

'ဘာ ဒီကောင် သွက်လှချည်လား'

'အေး... သူ ပြန်သွားပြီး ဘာမှမကြာဘူး၊ နင့်ဆီက ဖုန်းလာတာပဲ၊ နင်ကလည်း ကောက်ခါငင်ခါ ရည်းစားစကားပြောတော့တာလေ၊ ကဲ... ပြောပါဦး၊ ဘယ်လိုတွေဖြစ်ကြတာလဲ'

စည်သူ ဘာပြန်ဖြေရမလဲဆိုတာ အသည်းအသန်စဉ်းစားရတော့၏။

'အဲ... ဒီလိုဟ သူ ငါ့အိမ်လိုက်လည်မယ်ဆိုလို့ ခေါ်သွားတာ တော့ နင်သိပါတယ်၊ ငါ့အိမ်ရောက်ပြီးတော့ လက်ဖက်ရည်ဆိုင်ထိုင်ကြတယ်၊ ပြီးတော့ ငါ့ကို ပေါ်တင်ဖွင့်မေးတော့တာပဲ၊ နင်နဲ့ငါ ဘယ်လောက်ထိ ရင်းနှီးနေသလဲပေါ့'

'အဲဒီတော့'

'ငါသာ ရှောင်လိုက်ရင် သူ ဝင်ပူးတော့မှာလေ၊ အဲဒီလိုအပြိုင်အဆိုင်တွေရှိလာတော့မှ နောက်ကျမှာစိုးပြီး နင့်ကိုချစ်တဲ့အကြောင်း ဖြစ်မနေဖွင့်ပြောရတာပါ၊ ဒါတောင် သီသီလေးနောက်ကျသွားသေးတယ်'

'နင်တို့ဟာက နောက်သလိုဖြစ်မနေဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာနောက်လို့လဲဟာ၊ ငါ နှင့်ကိုချစ်နေတာ ကြာလှပြီ၊ နှင့်ရဲ့ အနေအထိုင် တည်ကြည်တာရယ်၊ နှင့်နားမှာ ဘယ်သူမှမရှိတာကြောင့်မို့ ငါ အေးအေးနေခဲ့မိတာ'

နွဲ့ယဉ်ထံမှ ဘာတုန့်ပြန်မှုမှမရှိ၊ စည်သူပြောသမျှကို အသေအချာ ဆွေးတောဆင်ခြင်နေဟန်ရှိ၏။

'ကျော်ဇင်... ငါ့ဆီက အပြန် နှင့်ဆီ တစ်ခါတည်းတန်းဝင်သွား တာကိုး၊ ငါ မထင်မိဘူး၊ တော်သေးတာပေါ့၊ ငါလည်း ဘယ်လိုမှ နေလို့ထိုင်လို့မရတော့ဘူးလေ၊ နှင့်ကိုချစ်တဲ့အကြောင်းပြောတော့မှ ဖြစ်မှာဆိုတာ သိပြီး ပြောခဲ့မိလို့သာပေါ့'

'စာမေးပွဲနီးမှ ခေါင်းစားအောင်လာလုပ်နေကြတယ်'

'ဆောရီးပဲ၊ နွဲ့ယဉ် Exam ပြီးအောင်လို့ ဘယ်လိုမှမဖြစ်တော့လို့ ပါ'

နှစ်ယောက်စလုံး အသံတိတ်သွားကြ၏။ လက်ဖက်ရည်မျက်နှာ ပြင်တို့ပင် တင်းမာနေခဲ့ပြီ။ ဘယ်သူမှ လက်ဖက်ရည်သောက်ဖို့ အာရုံ မရကြ။ စည်သူမနေနိုင်တော့။

'နင် ကျော်ဇင့်ကို ဘာပြောလိုက်လဲဟင်'

ဒီမေးခွန်းကိုလည်း နွဲ့ယဉ် ချက်ချင်းမဖြေ။ နားထင်ကို ဖိလိုက် မျက်ခုံးတွန့်လိုက်နှင့် အတော်ကြာကြာ စဉ်းစားနေသေး၏။

'ငါ ကောပစ်လိုက်တယ်'

'ဟင်'

'ဟုတ်တယ်လေ၊ စာမေးပွဲဖြေခါနီးကပ်ပြီးမှ ချစ်ရေးဆိုတယ်ဆို တာ စိတ်ကောင်းရှိတဲ့ယောကျ်ားတစ်ယောက်ရဲ့ အလုပ်မဟုတ်ဘူးလို့'

'ဒါ... ဒါဆို ငါ့ကိုပါ ပြောတာပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ၊ ဘယ်လောက်စိတ်အနှောင့်အယှက်ဖြစ်ရလဲ၊ ငါ စာကျက်လို့မရဘဲ မဖြေနိုင်လို့ကျသွားရင် နင်တို့နှစ်ယောက် ဘယ်လိုအလျော် ပေးမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဘုဆတ်ဆတ်ပြောနေသည့် နွဲ့ယဉ်ကြောင့် စည်သူ နားထောင်ရင်းလန့်လာ၏။ ကျော်ဇင့်ကိုလည်း မျက်နှာသာမပေးဘဲ သာတူညီမျှ ကောခဲ့သည်ဆို၍သာ ဖြေသာရသည်။

'စာမေးပွဲဖြေပြီးတဲ့အထိ နင်တို့မျက်နှာ ငါ မကြည့်ချင်တော့ဘူး ဘယ်သူပြောတာကိုမှလည်း စဉ်းစားပေးမှာမဟုတ်ဘူး၊ ငါ့အတွက် အရေး အကြီးဆုံးက ဖိုင်နယ်ကို နှစ်ချင်းပေါက်အောင်ဖို့ပဲ'

'ငါ အနူးအညွတ်တောင်းပန်ပါတယ် နွဲ့ယဉ်ရာ၊ ငါပြောခဲ့တာကို စဉ်းစားမပေးရင်နေပါ၊ သူငယ်ချင်းဆက်ဆံရေးကိုတော့ ဖြတ်တောက်မပစ်ပါနဲ့ဟာ၊ နော်... နွဲ့ယဉ်'

'နင့်ကို ငါ တကယ်ခင်ပါတယ် စည်သူ၊ အဝေးသင်တက်ခဲ့တဲ့ သုံးနှစ်လုံးလုံး နင် ငါ့ကိုကူညီခဲ့တယ်၊ စောင့်ရှောက်ခဲ့တယ်၊ အဲဒီအတွက် သူငယ်ချင်းအဆင့်ကိုတော့ မလျှော့ပါဘူး၊ ဒါပေမဲ့ ဒီရက်ထဲ ငါ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး'

'ငါ သဘောပေါက်ပါတယ် နွဲ့ယဉ်၊ ငါ အနေအထိုင်ဆင်ခြင်ပါ့မယ်၊ ဘာမှလည်း ထပ်ပြီးမတောင်းဆိုတော့ပါဘူး'

'ဒါဆို ပြီးတာပဲ၊ ကဲ... ငါ သွားမယ်'

စည်သူမှာ တားပိုင်ခွင့်မရှိ၊ နွဲ့ယဉ် ထွက်သွားသည်ကို ကြည့်ငေးရင်း ဘဝခြားသွားသလို ခံစားနေမိတော့၏။

❐ ❐ ❐

စည်သူတို့ သုံးယောက် စာမေးပွဲရက်များကို ခက်ခဲစွာ ဖြတ်သန်းခဲ့ကြရသည်။ စည်သူ့ကို နွဲ့ယဉ်က ခေါ်ပြောထားသဖြင့် အခြေအနေကို သိသော်လည်း ကျော်ဇင်က မသိ။ နွဲ့ယဉ်ကို နှုတ်ဆက်စကားသွားပြောသည်။ နွဲ့ယဉ်က ရှောင်ထွက်သွား၏။ ဒါကို သူ မခံစားနိုင်။

'ကိုစည်သူ နွဲ့ယဉ် ဘာဖြစ်နေတာလဲ'

'အဲ... မသိဘူးလေဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'နှုတ်တောင်မဆက်ဘူး'

'ခင်ဗျား ဘာတွေသွားပြောထားသလဲမှ မသိတာ'

ရုတ်တရက် အငိုက်မိသွားသလို ကျော်ဇင် မျက်နှာပျက်သွား၏။

'သူ ဒီလောက် မရိုင်းပါဘူး၊ အစိုးရိမ်လွန်တတ်တော့ စာမေးပွဲကျော်မှာ စာကလွဲပြီး ဘာမှမစဉ်းစားတတ်ဘူး၊ ကျွန်တော်နဲ့တောင် စကားပြောတာကြည့်ပါလား၊ စာအုပ်နဲ့ မျက်နှာနဲ့ကို မခွာတော့တာ'

ကျော်ဇင့်ထံမှ သက်ပြင်းမှုတ်သံကြီးကို ပီပီသသ ကြားလိုက်ရ၏။

'အေးဗျာ ကျွန်တော် သူ့ကို ပရိုပို့စ်လုပ်လိုက်မိတာ'

'ဗျာ... ဟာဗျာ... ခင်ဗျား ဒီလောက်လေးမှ မတွေးတတ်ဘူးသား၊ ဒီအချိန်မှာ သူ ဘယ်လောက်စိတ်ဖိစီးနေလိုက်မလဲ၊ ဘယ်လောက်စိတ်ရှုပ်နေလိုက်မလဲ၊ အဲဒါကို မတွက်ဘဲ မပြောသင့်တာကို သွားပြောတာကိုးဗျ'

'ဟူး... ဟုတ်တယ်၊ ကျွန်တော် တအားလောသွားတယ်ဗျာ၊ အဲဒီနေ့က သူလည်း ကျွန်တော့်ကို ကောလွတ်တာဗျ'

'နည်းတောင်နည်းသေးတယ်'

စည်သူက ကျော်ဇင်ပိုပြီး စိတ်ပျက်သွားအောင် မီးလောင်းရာကို လက်စ်ဖြန်းပြီး အင်ဂျင်ဝိုင်ပါ လောင်းပေးလိုက်၏။ ကျော်ဇင့်မျက်နှာကြီးမှာ အဖမ်းခံရသော ဆိုမာလီပင်လယ်ဓားပြတစ်ယောက်လို ဖြစ်သွားသည်။

ပြိုင်ဘက်ကို နှိပ်စက်ရသဖြင့် ပျော်ရွှင်ခြင်းတော့ မဖြစ်မိ။ သူကိုယ်တိုင်လည်း နွဲ့ယဉ်၏ မျက်နှာသာပေးမှုကို မရခဲ့။ အရှုံးပေါ် အရှုံးမဆင့်စေရန် ရပြီးသားစာများကိုသာထပ်နွှေးပြီး စာမေးပွဲကို အကောင်းဆုံးဖြေရသည်။

တစ်ရက် နှစ်ရက် သုံးရက် အချိန်တွေ ကုန်လွန်သွားခဲ့၏။ ကျော်ဇင်အတော်အီဆိမ့်နေပြီ။ နှုတ်ဆက်လို့မရ။ စကားပြောခွင့်မရတော့ ခပ်လှမ်းလှမ်းမှ စောင့်ကြည့်၏။ ဒါကို နွဲ့ယဉ် သိသွားတော့ ကျော်ဇင့်မြင်ကွင်းမှ ကိုယ်ယောင်ဖျောက် ပျောက်သွားသည်။ ကျော်ဇင် ပိုပြီးကြေကွဲသွားသည်။ စာမေးပွဲပင် မဖြေနိုင်ကြောင်း အသံထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုလဲ ဖြေနိုင်လား ကိုစည်သူ'

'အင်း… မဆိုးပါဘူး'

'ကျွန်တော်တော့ သူများကို စိတ်အနှောင့်အယှက်ပေးမိလို့လား မသိဘူး၊ ကိုယ်လည်း စိတ်ဖိစီးမှုတွေ များပြီး ဖြေတောင်မဖြေနိုင်ဘူးဗျာ'

'ယောက်ျားပဲဗျာ၊ ဒီကိစ္စလေးလောက်နဲ့ ပညာရေးကို အဟာနံ့ အတားမဖြစ်ပါစေနဲ့ဗျာ၊ မတော်ခြေချော်လက်ချော်ဖြစ်သွားရင် အချိန်တွေ နှမြောစရာကြီး'

'အေးဗျာ၊ ကျွန်တော်လည်း စိတ်ထိန်းတာပဲ၊ ဒါပေမဲ့ မလွယ်ဘူး ဗျ၊ သူ့ကို ဆုံးရှုံးမှာကြောက်တဲ့ စိတ်ကြောင့် ဆုံးရှုံးမှုက ပိုကြီးသွားတာ'

'ကဲပါဗျာ၊ အားတင်းထားလိုက်၊ ကျန်တဲ့သုံးဘာသာကို ကြိုးကြိုး စားစားသာ ဖြေလိုက်တော့ ဒါမှမဟုတ်ရင် ပိုရှုံးသွားလိမ့်မယ်'

စိတ်ဖိစီးမှုတွေ ပိုများသွားအောင် ပြုလုပ်မိသည်လားတော့ မသိ၊ ရင်ထဲက စေတနာစကား အစစ်ကို ပြောမိခြင်းသာဖြစ်သည်။

ဤသို့နှင့် စာမေးပွဲနောက်ဆုံးနေ့သို့ ရောက်လာ၏။ စာမေးပွဲခန်း အတွင်းမှ အစောဆုံးထွက်သွားသူမှာ ကျော်ဇင်သာဖြစ်သည်။ စည်သူက ဖြေကောင်းကောင်းနှင့် စာရွက်အပိုတွေ ဘာတွေထပ်တောင်းနေရသည်။ အချိန်စေ့ဖို့ ဆယ်ငါးမိနစ်လောက်အလိုမှာ နွဲ့ယဉ် အဖြေလွှာအပ်ပြီး ထွက်သွားတာတွေ့လိုက်၏။

နောက်ဆုံးအပိုဒ်ဖြေနေတာ စာတစ်ပိုဒ်လောက်အလိုမှာပင် စည်သူ စာကိုစိတ်ဝင်စား၍ မရတော့။ သူ့အာရုံတွေ နွဲ့ယဉ်နောက်ပါသွားခဲ့ပြီ။ ဟိုအကောင်ပြန်သွားမှာ မဟုတ်တာကို သေချာသိနေ၍ စိတ်မဖြောင့်တော့၊ အဖြေလွှာအပ်ပြီး သူပါ ထွက်လာခဲ့သည်။

ကော်ရစ်ဒါတွင် အဖြေတွေ ပြန်စစ်ဆေးနေသည့် နွဲ့ယဉ်ကို တွေ့ မှ သူ ရင်အေးသွား၏။ နွဲ့ယဉ်နားတွင် ဘယ်သူမှမရှိ၍ တော်သေးသည်။ ကျော်ဇင် ဘယ်နားက ချောင်းနေသည်မသိ။ စည်သူ နွဲ့ယဉ်နားကပ်သွား ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြေနိုင်လား နွဲ့ယဉ်'

'အေး… မဆိုးပါဘူး'

ကြည်ကြည်သာသာ ပြန်ဖြေသဖြင့် စည်သူ ပူပန်နေမှုများ လျော့ပါးသွား၏။

'အောင်မှာပါဟာ၊ ကျောင်းပြီးပြီလို့သာ သဘောထားလိုက်တော့'

နွဲ့ယဉ် တစ်ခုခုပြန်ပြောရန် ဟန်ပြင်စဉ် အကြည့်တွေဝေ့ဝဲပြီး အရောင်တောက်သွားတာ သတိပြုမိ၏။ သူ့မျက်လုံးလဲ့ရာကို ကြည့်လိုက်တော့ ကျော်ဇင့်ကို တွေ့လိုက်ရသည်။

'မနွဲ့ယဉ် ဖြေနိုင်ရဲ့လားဟင်'

'အင်း'

'ဒါဆို စိတ်ပေါ့ပါးရတဲ့အနေနဲ့ တစ်ခုခုသွားစားရအောင်ဗျာ'

'ကျွန်မ အိမ်ပဲ ပြန်ချင်တယ်'

'အဲလိုတော့ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့ ပြန်ဆုံနိုင်ဖို့က သိပ်မလွယ်ဘူးလေ၊ နှုတ်ဆက်ပွဲအနေနဲ့ လိုက်လျောပေးပါဗျာ'

ကျော်ဇင့်အပြောက နွဲ့ယဉ်မပြောနှင့် စည်သူပင် အားနာသွားမိသည်။ သူတို့နှစ်ယောက် နွဲ့ယဉ်၏ အဆုံးအဖြတ်ကိုသာ ငြိမ်သက်စွာစောင့်နေကြ၏။ နွဲ့ယဉ်က စိတ်ရှုပ်ထွေးဟန်နှင့် ဆံပင်ကို သပ်တင်လိုက်ရင်း…

'ခဏတဖြုတ်ပဲနော်'

'စိတ်ချပါဗျာ၊ ခဏပါပဲ'

အတူတူလျှောက်လာကြတော့ နွဲ့ယဉ်မှာ အလယ်ကဖြစ်နေသည်။ ကျော်ဇင် မျက်နှာပေးက ရသည့်အခွင့်အရေးကို မလွှတ်တမ်း အသုံးချမည့်ဟန်ပန်အပြည့်နှင့်ဖြစ်၏။

'မနွဲ့ယဉ် စာမေးပွဲမတိုင်ခင်က ကျွန်တော် စိတ်လောပြီး ပြောခဲ့တဲ့စကား အခုပြန်အသက်သွင်းလို့ ရပါပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



‘ခက်တော့တာပဲ ကိုကျော်ဇင်ရယ်၊ ကျွန်မ ဦးနှောက်ကို လုံးဝ အနားမပေးတော့ဘူးလား’

‘အဲလိုသဘောမျိုး မဟုတ်ပါဘူး မနွဲ့ယဉ်၊ ခင်ဗျားရဲ့ဆန္ဒကို မေးတာပါ’

‘ကျွန်မ ဆန္ဒကတော့ အိမ်အမြန်ပြန်ပြီး အိပ်ဖို့ပဲ’

‘ကောင်းပြီ၊ ကျွန်တော် ဘာမှထပ်မပြောတော့ပါဘူး’

ကိုယ့်လူ တော်တော်ရှက်သွားပုံရ၏။ မျက်နှာကြီးနီရဲနေသည်။ သူ့စကားနှင့် သူမို့သာ ဆိုင်ထဲဝင်လာရခြင်းဖြစ်၏။ ဖြစ်နိုင်လျှင် ပြန်ပြေးချင်သည့် အိုက်တင်အပြည့်နှင့်သာ ဖြစ်သည်။ ရှေ့ကလူ အခြေအနေကို မြင်ရတော့ စည်သူလည်း အော်တိုပါးစပ်ပိတ်သွား၏။ လက်ဖက်ရည် သောက်ပြိုင်ပွဲဝင်သလို မြန်မြန်ဆန်ဆန် သောက်ပြီး ပြန်ဖို့ပြင်ကြသည်။ ထိုနေ့က ကျော်ဇင် ပြောခဲ့သော နောက်ဆုံးစကားမှာ ဘယ်လောက်ကျလဲ ဟူသည့် စကားသာဖြစ်တော့၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

ကိုယ့်ရှေ့တွင် ပြိုင်ဘက်ကျဆုံးသွားသောအခါ ဝမ်းသာအားရဖြစ်မိသော်လည်း လက်ခံမောင်းခတ်ဖို့ကျတော့လည်း မဝံ့ရဲ။ စာမေးပွဲပြီးတာတောင် နွဲ့ယဉ် ရှေ့မျက်နှာသွားမပြဝံ့။

ဂျာနယ်ရောင်းဖို့ ရထားပေါ်ပြန်တက်ခဲ့သော်လည်း နွဲ့ယဉ်ရှေ့မပြောနှင့် ဒေါ်လေးထမင်းဆိုင်သို့ပင် ခြေဦးမလှည့်ရဲ။ ဈေးရောင်းရင်းကြုံရာဆိုင်ဝင်စားနေရ၏။ စိတ်ထဲမတင်မကျနှင့်ပင်။ အရောင်းအဝယ်လုပ်နေခဲ့သည်။ တစ်နေ့ မလွှကုန်းဘူတာတွင် ရထားစောင့်နေစဉ် စပျစ်သီးသည်မမွှေးအနားကပ်လာကာ…

'အစ်ကိုကြီး စာမေးပွဲဖြေနေတာဆို ဘယ်နှတန်းလဲ'

'ဟေ… အဲ… ဆယ့်သုံးတန်းပေါ့'

'အစ်ကိုကြီးကလည်း နောက်နေပြန်ပါပြီ'

'ဟဲ့… နောက်စရာလား၊ တက္ကသိုလ်နောက်ဆုံးနှစ်ဖြေတာလေ၊ အဲဒါ ဆယ့်သုံးတန်းပေါ့'

'ဟယ်… တော်လိုက်တာ၊ ဒါဆို ဘွဲ့ရပြီပေါ့၊ အဲ့လိုလား'

'အင်း… ဆိုပါတော့ဟာ'

'ရေလည်တော်တယ် အစ်ကိုကြီးရာ၊ မိမွှေးဆို လေးတန်းလဲအောင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ ကျောင်းဆက်မတက်လဲ'

'ဝမ်းရေးပေါ့'

နှစ်ယောက်လုံး သက်ပြင်းရှိုက်လိုက်ကြ၏။ ပြောစရာ ရှားပါးသွားစဉ် ရထားလာ၍သာ တော်တော့၏။ စည်သူတို့ အသင့်ပြင်ထားလိုက်ကြသည်။ ရထားက အတော်လူကြပ်သည်။ အဆင်းလည်းများ၏။ အဆင်းခရီးသည်များ ကုန်သွား၍ အတက်ခရီးသည်များ တက်စဉ်မှာပင် ရထားကထွက်သည်။

ခေါင်းမှာ ဗန်းရွက် လက်မှာခြင်းဆွဲနှင့် မနိုင်မနင်းဖြစ်နေသည့် မိမွေးကို ရထားပေါ်တွန်းတင်ပေးရင်း စည်သူလည်း တိုး၍တက်ရ၏။ သူလည်း လက်တစ်ဖက်က ဂျာနယ်များနှင့်မို့ လွတ်လွတ်လပ်လပ်မဟုတ်။ အခြားခရီးသည်များနှင့်အတူ ဝရုန်းသုန်းကားတို့အတက် စည်သူ့ပုဆိုးစကို ခရီးသည်တစ်ယောက်က နင်းထား၏။ စည်သူ ရထားပေါ် အရောက် နောက်ဆုံးလှေကားထစ်ကို လှမ်းတက်တော့ သူ့ပုဆိုးကိုဆွဲချွတ်သလိုဖြစ်သွားသည်။

စည်သူ ရထားပေါ် လုံးလုံးအရောက်မှာ ပုဆိုးက ကွင်းလုံးကျွတ်နေပြီ။ မိမွေးက စည်သူ အဆင်ပြေရဲ့လား သိလို၍ လှည့်အကြည့်မှာ မျက်လုံးတွေပြူးသွား၏။

'ဟယ်... ကိုစည်သူ အစ်ကိုကြီး... ဟား... ဟား... ဟား'

မိမွေးက စည်သူကို လက်ညှိုးထိုးကာ တဟားဟားရယ်တော့သည်။ စည်သူကိုယ့်ဟာကိုယ် ငုံ့ကြည့်တော့ မျက်နှာတွေထူပူရှိန်းဖိန်းသွား၏။ ဒီနေ့မှ အတွင်းခံဘောင်းဘီက အသားကပ်ဘောင်းဘီသေးသေးလေး ဝတ်လာမိသည်။ သူ့ပုဆိုးကို အရေးတကြီး ရှာဖွေရသည်။ အောက်ဆုံးလှေကားထစ်က လူတစ်ယောက် စည်သူ့ပုဆိုးကို ကောက်ယူကာ လုံးထွေး၍ လှမ်းပစ်ပေး၏။

သူ့ပုဆိုးက ခရီးသည်များ၏ မျက်နှာကိုဖြတ်သန်း၍ သူ့ထံရောက်ရှိလာသည်။ ပွစိ ပွစိ အသံများ ဆူညံသွားသည်။

www.burmeseclassic.com



'ဟာ… ဘာနဲ့ကြီးလဲဟ'

တစ်ယောက်တစ်ပေါက် ပေါက်ကရတွေ အော်ဟစ်နောက်ပြောင်နေကြ၍ စည်သူရှိရာတွဲမှာ ဆူညံပွက်လောရိုက်နေ၏။ စည်သူ ပုဆိုးကို အမန်းကတန်းခေါင်းစွပ်၍ ပြန်ဝတ်လိုက်ရသည်။ ထိုအချိန်အထိ မိမွေးက သူ့ကိုကြည့်နေဆဲ။ စည်သူ ရှက်လွန်းသဖြင့် သူ့မျက်နှာက နှစ်ရက် သုံးရက်နှင့် ရောင်းမကုန်သည့် ဘဲကင်တစ်ကောင်လို ညိုပုပ်ပုပ်ဖြစ်သွားသည်။

ခဏတဖြုတ် မြင်တွေ့ဆုံဆည်းရသည့် ခရီးသည်တွေက ပြဿနာမရှိ။ အမြဲလို ရထားပေါ်ဆုံရသည့် မိမွေးကို အားတုံ့အားနာဖြစ်ရသည်။ လူတွေပြည့်ကြပ်နေ၍သာ သူ့အဖြစ်က လေလံတင်ခံရမည့် ဘေးမှ ကင်းဝေးခဲ့ရတာဖြစ်၏။

'ဟဲ့… မိမွေး ဈေးရောင်းလေ၊ ဘာလည်း ညည်းရထားလိုက်စီးတာလား'

'အဲ… ဟုတ်ပါဘူး၊ ဟီး… ဟီး… မေ့သွားလို့၊ မေ့သွားလို့၊ ဟဲ… ဟဲ… ဟောဒီက စပျစ်သီးတွေနော်၊ အပြွတ်လိုက် အပြွတ်လိုက်ကြီးတွေ တစ်ဆယ်သားမှ နှစ်ရာထဲ'

ရယ်သံတွေ အုန်းအုန်းထသွားတော့၏။ မိမွေးမနောက်သာနောက်သာ နောက်သွားသေးသည်။ ရထားအလယ်ပေါက်မှ တက်ခဲ့ကြသည်ဖြစ်၍ မိမွေး ညာဘက်ခြမ်းတွဲဆီ တိုးသွားသည်မို့ စည်သူ တွဲဘယ်ဘက်ခြမ်းသို့ ဝင်လာခဲ့၏။

'အဟမ်း… စလယ်ဝင်ဖင်မည်းခင်က ကွဲကြပြီ၊ မြေတိုဦးနဲ့ အိမ်ရှေ့ကျော်ခင် တရားရုံးမှာ ကွာရှင်းလိုက်ကြပြီတဲ့'

စည်သူ့အသံပြကြီးကြောင့် ရထားပေါ်မှာ စကားသံတွေတိတ်သွား၏။ ဘာပဲပြောပြော ပြည်သူချစ်သည့် သရုပ်ဆောင်များသတင်းကို လူတွေစိတ်ဝင်စားကြသည်။ ဟိုလူကတစ်စောင်၊ ဒီလူကတစ်စောင် လှမ်းဝယ်ကြ၏။ စည်သူပြောသည့်သတင်းကို ပြူးပြဲကာ လှန်လှောရှာကြသည်။ စည်သူ အထုပ်ဖြေပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


'အပြင်မှာမဟုတ်ဘူးနော်၊ သူတို့လင်မယား အတူတွဲပြီး သရုပ်ဆောင်တဲ့ ဗွီဒီယိုကားထဲမှာ ကွဲသွားကြတာ'

အနုပ်ခံလိုက်ရသည့် ခရီးသည်တွေ ဝေါခနဲ ရယ်ကာ မေတ္တာတွေ ပို့ကြတော့၏။ စည်သူတိုးဝှေ့ပြီး နောက်တွဲဘက်ဆီ ကူးရတော့သည်။ တွဲအလယ်မှာ မိမွေးနှင့် ဆုံပြန်ပြီ။

'ကွဲကုန်ပြီ၊ ပြဲကုန်ပြီ၊ ကွာရှင်းကုန်ကြပြီ၊ တခြားစီဖြစ်ကုန်ပြီ'

'ဘာလဲ အစ်ကိုကြီး လူနဲ့ပုဆိုးလား'

'ဟာ… ဒီကောင်မလေး၊ ကိုယ့်အလုပ်ကိုယ်လုပ်စမ်း'

စည်သူ ဟိန်းဟောက်ပြီး ဆန့်ကျင်ဘက်ဆီ တိုးထွက်၏။

'တရားရုံးမှာ ကွာရှင်းလိုက်ကြပြီတဲ့၊ သတင်းထူးတွေ သတင်းထူးတွေ'

စည်သူ သူ့စတိုင်အတိုင်း ဟာသများပြောကာ အော်ဟစ်ရောင်းချသည်။ ရထားကြီးကလည်း တဝုန်းဝုန်း၊ လူတွေကလည်း တရုန်းရုန်း။ သူ၏ ခရီးဆုံး တံတားလေးဘူတာတွင် စည်သူ ဆင်းလိုက်သည်။ စကြိန်ပေါ်ရောက်မှ ပုဆိုးပြင်ဝတ်တော့ တွန့်ကြေနေသည့်အနားက အောက်ရောက်နေတာ သိရ၏။ လူလည်ခေါင်မှာ ဖောက်ထိုးလှန်၍ ပြန်ပြင်ဝတ်လို့ မရနိုင်တော့။ ဒီအတိုင်းပဲထားလိုက်ရသည်။ မိမွေးဆင်းမလာ၍သာ တော်တော့၏။ ဟိုကိစ္စမျက်မြင်သက်သေက သူတစ်ယောက်တည်း ရှိသည်ဟုတော့ ထင်မိ၏။

⊗ ၉ ⊗

အဖေလည်း အစ်မတို့လင်မယားရှိရာ တောင်ငူသို့လိုက်သွား၍ စည်သူတစ်ယောက်တည်းသာ အိမ်မှာရှိ၏။ သို့နှင့် နောက်တစ်ခေါက်ထပ် မထွက်ဘဲ တစ်ခါတည်း ထမင်းစားပြီးမှ အိမ်ပြန်မည်ဟု ဆုံးဖြတ်လိုက်သည်။ စည်သူ ဘူတာရုံဆိုင်တန်းများဘက်သို့ လျှောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်သို့အသွား လက်ဖက်ရည်ဆိုင်ရှေ့မှအဖြတ် လူတစ်ယောက် သူ့ကိုအတင်းထွက်ဆွဲတော့သည်။ လန့်ပြီးလှည့်အကြည့်မှာ သာဒွန်းကိုတွေ့ရ၏။ သူ့မျက်နှာက စပ်ဖြဲဖြဲ…

'ဟဲ… ဟဲ… မင်းကို ငါ လာစောင့်နေတာ'

'ဟေ… သတင်းထူးပြန်ပြီလား၊ ဘယ်သူဘာဖြစ်လဲ၊ အိုဘားမား ရှောပြီလား၊ ဟူကျင်တောင်း ဝက်နားရွက်ပြာသားစားမိပြီး အစာအဆိပ်သင့်လို့လား ပြော'

'ဟင်း… ဟင်း… ဟင်း… မင်းကလည်း ခွင်ရိုက်ဖို့ပဲ တွေးနေတော့တာကိုး၊ သတင်းတော့ထူးတယ်၊ ဒါပေမဲ့ ရောင်းစားလို့မရဘူး၊ ခေါင်းဆင်နင်းမယ့်သတင်း'

'ဘာများတုန်းဟ'

'ငါ မိန်းမခိုးလာပြီ'

'ဟေ'

သာဒွန်းအပြောကြောင့် စည်သူ ဆံပင်တွေထောင်သွား၏။ သာဒွန်းက စည်သူ့ကို လက်ဆွဲပြီး ဆိုင်ထဲသို့ခေါ်သွား၏။ ရွက်ကြမ်းရေကျိုရုပ်နှင့် ကောင်မလေးတစ်ယောက် ထိုင်နေသည့်စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

'သူက ခက်ခက်တဲ့၊ တို့တွေနေ့လည်ကပဲ တရားရုံးမှာ လက်မှတ်ထိုးပြီးကြပြီ၊ ခက်… ဒါ မောင့်ဘော်ဒါ စည်သူတဲ့'

ခက်ခက်ဆိုသည့် ကောင်မလေးက ရှက်တက်တက်ပြုံးကာ ခေါင်းညိတ်နှုတ်ဆက်၏။ ဘာတွေဘယ်လိုစီစဥ်ထားမှန်းမသိသဖြင့် ရှင်းရှင်းမေးရ၏။

'ကဲ… ပြော၊ မင်း ဘာတွေစီစဥ်ထားသလဲ၊ ဘာကူညီရမလဲ'

'ငါတို့ခိုစရာနေရာ မရှိဘူး၊ မင်းအိမ်မှာ တစ်ညနှစ်ညလောက် အိပ်လို့ရမလား'

ဒီကောင် အိမ်မှာ အဖေမရှိတာကိုသိပြီး ဒီကိုတန်းလာခဲ့သလားဟု ပင် ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'အင်း… အိပ်မက်မကောင်းဘူးလို့တော့ ထင်သား'

'ငါပြောသားပဲ၊ ခေါင်းကိုဆင်နင်းမယ့်သတင်းပါလို့'

'ခုဟာက ဆင်နင်းတာမှမဟုတ်ဘဲ ရထားတက်ကြိတ်သွားတာ'

'ဟား… ဟား… ဟား… လုပ်မနေပါနဲ့ကွာ၊ တည်းခိုခန်း သွားအိပ်လို့ရတယ်'

'ရရင်သွားပေါ့'

'အဟီး… ပိုက်ဆံကုန်မှာစိုးလို့ကွ၊ ပြီးတော့ မင်းကိုလည်း အားကျ စေချင်လို့'

'သေနာ… ဒါမျိုးကျတတ်တယ်'

'ကဲ… ပြောကွာ၊ လက်ခံမှာလား'

'ခက်ခက်က အသက်ပြည့်ရဲ့လား'

'မင်းကလည်း တရားရုံးမှာတောင် လက်မှတ်ထိုးပြီးပါပြီဆိုမှ'

'စိတ်ပူလို့ဟ'

'ပူမနေနဲ့၊ နှစ်ဆယ်ကျော်ပြီ'

'မင်းကတော့ အခါကောင်းကို အသာချောင်းနေတဲ့ကောင်ပဲ၊ အိမ် မှာ အဖေမရှိဘူးကွ၊ ခရီးသွားတယ်'

'ဟော… ဟုတ်လား၊ ဒါဆို လန်းပြီကွာ၊ အဟီး…'

'ဘာလန်းတာလဲ၊ ငါကလန့်နေတာ'

'မလန့်ပါနဲ့ကွာ၊ လန့်နေတာတွေ လန်ပြီး မင်းပါ လန်းသွားစေရ မယ်၊ ရှယ်ကွာ၊ ရှယ်ပြုစုမယ်၊ မင်္ဂလာဦးဒင်နာကို တို့သုံးယောက်အပီကိုင် မယ်'

တက်ကြွနေသော သာဒွန်းအား စည်သူ ခေါင်းညိတ်ပြလိုက်ရတော့ သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းအလယ်တွင် ဂရင်း(န်)ရှိုင်ရယ်လေးထောင့်ပုလင်းက မားမား တော်မတ်ရပ်လျက် သူ့ကို ထမင်းပေါင်း၊ ခေါက်ဆွဲကြော်၊ အခေါက်အသား နှင့် ကြက်တောင်ပံသုပ်တို့က ဝန်းရံခစားလျက်ရှိ၏။

သာဒွန်းက အဝေရာ၊ အဝါရေကို လက်နှစ်လုံးလောက်စီထည့်၍ ရေနှင့်စပ်ပေးသည်။ စည်သူက သိပ်မသောက်ဖူးသဖြင့် သောက်ရမှာတွန့်နေ ၏။ အမြည်းစုံကိုသာ တစ်လှည့်စီ ကောက်ဝါးနေသည်။

'ဟော့ကောင် သောက်လေကွာ'

'အဟီး… မူးမှာကြောက်လို့ကွ'

'ဟား… တကယ့်ရှားပါးပစ္စည်းကြီးပါလား၊ လူတိုင်းသာ မင်းလို ဆိုရင် အရက်ရောင်းတဲ့သူတွေ ငတ်သေကုန်လိမ့်မယ်၊ ပျော်ပျော်ပါးပါး သောက်လိုက်စမ်းပါ စည်သူရာ'

'အေးပါဟ'

စည်သူ အားတုံ့အားနာနှင့် ကောက်မော့လိုက်၏။ ပူပြင်းရှတခါး သက်သည့် အရသာက လည်ချောင်းကို ထိုးခွဲ၍ စီးဝင်သွားသည်။ သာဒွန်း က ရေခွက်ကမ်းပေးသည်။ ရေသောက်ပြီးတော့ ထမင်းပေါင်းထဲမှ အရည် တစ်ဇွန်းခပ်တိုက်၏။ ထိုအခါမှ နေသာထိုင်သာရှိသွား၏။ သာဒွန်းက ဆရာကြီးစတိုင်နှင့် အရသာခံသောက်သည်။

'ခက်… ကြိုက်တာ ထည့်စားလေ၊ မောင်တို့ကို စောင့်မနေနဲ့၊ ဘာလဲ သောက်ချင်လို့မျှော်နေတာလား'

ခက်ခက်က သာဒွန်းအား ဖြန်းခနဲမြည်အောင် နှက်၏။ ဒီလိုရိုက် တာ နှက်တာမြင်ရတော့ စည်သူ နွဲ့ယဉ်ကို သတိရမိသည်။

'သောက်စရာလား၊ လူကို ကိုရီးယားမများ မှတ်နေလား'

'အဟဲ… ယောင်မှားပြီးတော့များ သောက်မလားလို့'

ခက်ခက်က ချစ်စဖွယ်မျက်စောင်းဖြင့် သာဒွန်းအား ပြုစား၏။ သာဒွန်း လက်တစ်ဖက်မြှောက်တက်သွားပြီး ခက်ခက်ကို ဖက်လိုက်သည်။ ပြီးတော့ ခက်ခက်ပါးမှ သနပ်ခါးစက်ဝိုင်းကို နှာခေါင်းသေနတ်နှင့်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟိုး… ဆရာ ဟိုး… ဆင်ဆာ၊ မင်္ဂလာအချိန်မကျသေးဘူးနော်'

'အဲဒါကြောင့် မင်္ဂလာအချိန် မြန်မြန်ရောက်အောင် မင်းကို အရက်တိုက်နေတာပေါ့၊ ဟာ… မင်း မူးပြီးအိပ်သွားမှ ဟဲ… ဟဲ'

ခက်ခက် မျက်နှာမှာ အချဉ်ရည်နှင့်အပက်ခံလိုက်ရသလို နီရဲသွား၏။ စည်သူလည်း နှာတင်းချင်ယောင်ဆောင်ပြီး သာဒွန်းအားကြိမ်းသည်။

'သြော်… မင်းက ဒီလိုအကြံနဲ့ ငါ့ကိုပြုစုတာပေါ့၊ ဟုတ်လား ဒါဆို မသောက်ဘူးကွာ'

'ဟာ… ညီလေး စိတ်မဆိုးပါနဲ့ ညီလေးရာ၊ ငါက စေတနာအပြည့်နဲ့ပါ၊ တို့တွေရဲ့ မင်္ဂလာဦးညမှာ ဘာညာဘာညာအသံတွေကြားပြီး ပစ္စည်းမဲ့ဒေါသတွေ ထကြွလို့ မနာလိုဖြစ်နေမယ့်အစား မူးပြီးအိပ်နေတာ အကောင်းဆုံးပဲ မဟုတ်လား၊ ဒါကြောင့်ပါ၊ ရော့… ရော့… မျိုလိုက်ဦး'

သာဒွန်း၏ အပြောနှင့် အမူအရာကြောင့် အိမ်ကြမ်းခင်းတွေ လှုပ်အောင် ရယ်လိုက်ကြ၏။ သာဒွန်းပြောတာ ဟုတ်သည်။ သူတို့လွတ်လပ်မှု ရှိအောင် သူမူးနေသင့်၏။ သို့နှင့် စည်သူ နှစ်ခွက်ဆင့်သောက်လိုက်သည်။ ပူလောင်ပြင်းပြမှုနှင့် ငရဲကျသလို ခံစားသွားရသည့် ပါးစပ်ထဲအမြည်းတွေ တလစပ်ပစ်သွင်း၏။ သာဒွန်းက အဆက်မပြတ်ငှဲ့ပေးသည်။

'မင်းတို့ ညားပြီးရင် ဘာလုပ်စားကြမှာလဲ'

'ခက်ခက်က မုန့်ဟင်းခါးရောင်းတယ်လေ၊ အခုတော့ ငါနဲ့လိုက်ပြီး ဂျာနယ်ပို့ရင်ပို့၊ မပို့ရင် မှတ်တိုင်မှာ ရေခဲရေ ကွမ်းယာရောင်း၊ ဒါပဲပေါ့'

ရှိသည့်လက်နက်နှင့် အိမ်ထောင်ရေးကျူးကျော်စစ်ကို မကြောက်မရွံ့ ခုခံရန် ပြင်ဆင်ထားသည့် သာဒွန်းအား မလေးစားဘဲ မနေနိုင်တော့။ တကယ့်သတ္တိခဲမို့ ဦးညွတ်မိ၏။

'မင်းကော မိန်းမယူဖို့ မစဉ်းစားသေးဘူးလား'

'အဝေးကြီးကွာ၊ ကိုယ့်ဝမ်းတောင် ကိုယ်အနိုင်နိုင်ရယ်'

'အဲဒါကိုကြောက်ပြီး လူလိုမနေဖြစ်ရင် မင်းပဲ ရှုံးမှာနော်'



www.burmeseclassic.com

www.burmeseclassic.com



၃

သူနိုးသေဖော်ညှိတာလား။ အမြီးပြတ်မြေခွေးက မြေခွေးဆိုတာ အမြီးပြတ်နဲ့မှလှတာဟု စည်းရုံးရေး ဆင်းတာလား။ မကွဲပြား။ သာဒွန်းနှင့် ကော်ခက်ကတော့ ပြုံးရွှင်နေကြ၏။ အေးလေ ဒီလိုနေ့မှာမပျော်နိုင်တဲ့သူဟာ ငူနေလို့ပဲ ဖြစ်မှာပေါ့။ ဒီတော့ အရက်ခွက်ကိုင်မြှောက်ပြီး သူရဲကောင်းစုံတွဲ အား ထပ်မံဂုဏ်ပြုပေးလိုက်၏။

ပုလင်းထဲက အဝေရာတွေ လက်တစ်ဝါးစားလောက်သာ ကျန် တော့သည်။ အမြည်းတွေလည်း စားကြွင်းစားကျန်အဖြစ်သို့ ပြောင်းလဲသွား ၏။ စည်သူလည်း ဇက်ကျိုးနေခဲ့ပြီ။

လည်ချောင်းတွေ ကွဲမတတ် ပူလောင်လှသဖြင့် ရေငတ်ဆေဒနာ နှင့် နိုးထလာသောအခါ သူခြင်ထောင်ထဲ ရောက်နေတာ သိရသည်။ ရေသောက်ဖို့ ထထိုင်လိုက်၏။ အမူးရိပ်က ပြန်တက်လာပြီး လဲကျသွား သည်။

ရန်ကုန်မြို့မှာ လျှောင်လှုပ်ပြီလားမသိ။ သူ့အိမ်သိမ့်သိမ့်တုန်နေတာ သတိပြုမိသည်။ ပြီးတော့ ပြန်လည်အိပ်ပျော်သွားခဲ့၏။

❐ ❐ ❐

ဂျာနယ်တွေ ပိုက်ပြီး ကံဘဲ့ဘူတာမှာ ဆင်းလိုက်တော့ ဆယ့် တစ်နာရီခွဲရှိပြီ။ အရက်နာကျနေသဖြင့် ဈေးရောင်းရတာပင် သိပ်စိတ်မပါ ချင်။ အိမ်ပြန်အိပ်ရအောင်လည်း ညားခါစ စုံတွဲရှိနေသဖြင့် မပြန်ရဲဘဲ ဖြစ်နေ၏။ လန်းသွားအောင် လီမွန်တီးတစ်ခွက်လောက် ကစ်လိုက်မည့်စိတ် ကူးပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့သည်။ ဆိုင်ထဲတွင် ကျော်ဇင့်ကို တွေ့ရ သဖြင့် သူအံ့အားသင့်သွား၏။ ကျော်ဇင်လည်း သူ့ကိုမြင်ပြီးလှမ်းခေါ်သည်။

'ဟာ… ဟေ့လူ… ကိုစည်သူ'

'ဟင်… ကိုကျော်ဇင်'

စည်သူက လီမွန်တီးမှာရင်း ဝင်ထိုင်လိုက်သည်။ သူတို့တွေ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖြစ်တာကြာပြီ။ ကျော်ဇင် ကဲဘဲ့သို့ ဘာလို့ရောက်နေတာလဲ။ သူ့ အတွေးမဆုံးခင် ကျော်ဇင် စကားစ၏။

'နွဲ့ယဉ်ဆီသွားမလို့ စိတ်မရဲတာနဲ့ ဒီမှာထိုင်နေတာ'

'Exam ပြီးမှ ထပ်မတွေ့ဖြစ်ဘူးလား'

'ဟင့်အင်း'

တော်ပါသေးရဲ့။ ကျော်ဇင်လည်း သူ့လိုပဲ နွဲ့ယဉ်နှင့်တွေ့ရမှာ လန့်နေပုံရ၏။ မတွေ့ဖြစ်သေးဘူးဆိုမှတော့ ဘာမှလည်းထပ်ပြောဖြစ်မည် မထင်။

'သွားချင်စိတ်ရှိရင် သွားလိုက်ပေါ့၊ နွဲ့ယဉ်က ဒီလောက်လည်း မရိုင်းပါဘူး'

'အေးဗျာ၊ ဘာဆက်လုပ်ရမှန်းကို မသိတော့တာ၊ မနေနိုင်မထိုင် နိုင် သတိရလွန်းလို့ ဒီအထိရောက်လာတာ၊ ခင်ဗျားကော တွေ့ဖြစ်သေး လား'

'ဟင့်အင်း'

'လုပ်ဗျာ၊ ကျွန်တော် ဘာဆက်လုပ်ရင်ကောင်းမလဲဆိုတာ အကြံ ပေးပါဦး'

ဩော်… ခက်ပဲခက်ရချည့်။ အကြံတူရန်သူဆိုနေကာမှ ရန်သူ့ ဆီက အကူအညီတောင်းတာ ဒီတစ်ခါပဲ ကြုံဖူးသေး၏။ ဝိဇ္ဇာမသင်လို့ မလိုက်ရလျှင်ဖြင့် သိက္ခာတွေကျကုန်တော့မည်။ စည်သူ စိတ်အချဉ်ပေါက် သွား၏။

'ခင်ဗျား နွဲ့ယဉ်ကို တကယ်ယူမှာလား၊ အတည်ကြံတာလား'

'ဟာ… အတည်ကြံတာပေါ့ဗျ၊ တကယ်လက်ထပ်ယူမှာ'

'ဒါဆို အိမ်ကိုသွား၊ သူ့အမေကိုပါ ဝင်လုံးလိုက်၊ နွဲ့ယဉ် အမေ့စကားဆိုမပယ်ရှားဘူးဆိုတဲ့ သမီးအလိမ္မာမျိုး'

စည်သူ၏အကြံကိုဖြစ်နိုင်မဖြစ်နိုင် ကျော်ဇင် စဉ်းစားနေ၏။ ပြီး မယုံသင်္ကာဟန်ဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆို အဲဒီနည်းကို ခင်ဗျား ဘာလို့မသုံးတာလဲ'

'ဟာဗျာ၊ သုံးလို့ဖြစ်မလားဗျ၊ ကျွန်တော် ရထားပေါ်မှာ ဂျာနယ် ရောင်းတာ သူ့အမေကြီး သိပြီးသား၊ ဘယ်လိုလုပ်သဲဘောတူမှာလဲ'

စည်သူ့အပြောက ပီပြင်ပြီး မှန်နေသဖြင့် ကျော်ဇင် ခေါင်းတညိတ် ညိတ် ဖြစ်သွားသည်။ ပြီးတော့ အားတက်သရောနှင့်…

'ဟုတ်ပြီ၊ ကျွန်တော် သွားတွေ့ကြည့်မယ်ဗျာ၊ မိသားဖသားပီပီ ပြောပြောမယ်၊ ကျွန်တော့်အခြေအနေကလည်း ခင်ဗျားထက်စာရင် အဲ… ဆောရီး'

'ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့က အသိုင်းအဝိုင်းကောင်း ပါတယ်၊ အိုကေမှာပါ'

'ကျေးဇူးပဲ၊ သွားလိုက်ဦးမယ်'

ကျော်ဇင် လက်ဖက်ရည်ဖိုးပင် မရှင်းဘဲ သုတ်ခနဲထထွက်သွား ၏။ စည်သူ ပြုံးစေ့စေ့နှင့် ကျန်ခဲ့သည်။ နွဲ့ယဉ်အမေ ဒေါ်နွဲ့အေး အကြောင်းသူအသိဆုံး။ အလွန်ငွေမက်ပြီး အပြောအဆိုကြမ်းတမ်းရိုင်းစိုင်း သည်။ ကျော်ဇင်နှင့် တစ်ပွဲတစ်လမ်းတော့ တွေ့ကြပြီပေါ့။

ဒေါ်လေးဆိုင်မှာ ထမင်းစားဖို့ အကြံကိုပင် လက်လွှတ်လိုက်ပြီး ကြံ့ရာရထားနှင့် ကံဘဲ့မှဝေးရာသို့ ပြေးထွက်ခဲ့သည်။ စက်ကွင်းမလွတ်မှာ နိုးလို့ပါ။

□ □ □

သာဒွန်းတို့စုံတွဲက စည်သူ့အိမ်မှာ နှစ်ညသာ နားခိုပြီး ပဲခူးမှ အစ်ကိုဖြစ်သူကိုတစ်လှည့် ဒုက္ခပေးရန် ခရီးဆက်သွားကြ၏။ အဖေက နက်ဖြန်ညမှ ပြန်ရောက်မည်ဆိုတော့ ဒီနေ့လည်း မနက်စာကော ညစာပါ အပြင်မှာပဲ စားဖို့ စိတ်ကူးပြီး ဘာမှမချက်တော့ဘဲ ထွက်လာခဲ့၏။

ဘူတာအရောက် ရထားအထွက်နှင့် ကြုံသဖြင့် စည်သူ အား သွန်ကာ ပြေးလိုက်ရသည်။ သူ့ရှေ့က ဦးလေးကြီးတစ်ယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်နေတာတွေ့ရသည်။ ကြည့်လိုက်တော့ ဆေးဆရာဦးသိက္ခာဖြစ်နေ၏။

'ဦးလေး မရရင် မလိုက်နဲ့ ပြုတ်ကျသွားမယ်'

သူ့စကားပင်မဆုံး ဦးသိက္ခာက တွဲခိုကာ ခုန်တက်လိုက်သည်။ လက်ကတန်းကိုဆုတ်မိသော်လည်း ခြေထောက်ကမမိဘဲ တွဲလောင်းကြီးပါသွား၏။ စည်သူ အတော်စိတ်ပူသွားသည်။ မြင်လိုက်သည့် လူများလည်း အထိတ်တလန့် ဝိုင်းအော်ကြ၏။ သူပြေးနှုန်းကိုတင်ကာ အမိအရ တွဲခိုတက်လိုက်သည်။ ပြီးမှ ဦးသိက္ခာကိုဆွဲတင်ရ၏။ အပေါက်ဝမှ ကျောင်းသားလေးများ ဝိုင်းကူဆွဲတင်ပေးကြသည်။

လှေကားထစ်များမှာပင် ဦးသိက္ခာထိုင်ချပြီး မျက်ဖြူဆိုက်၍ အမောဖောက်နေလေ၏။ စည်သူလည်း အတော်ကလေး ရင်ခုန်နှလုံးတုန်သွားသည်။ တွဲပေါ်မှလူများ ဝိုင်းဝေဖန်ကာ အပြစ်တင်ပြောဆိုနေကြသည်။ ဦးသိက္ခာ၏ ညာဘက်ညို့သကျည်းတွင် ပွန်းပဲ့ဒဏ်ရာရသွား၏။

'ဦးလေးရာ မသေကောင်းမပျောက်ကောင်းဗျာ၊ မမီလည်း မလိုက်နဲ့ပေါ့'

'ဒီရှစ်နာရီကောင်က ငါ့ဖောက်သည်တွေ အများကြီးကွ၊ ဒီကောင်မှာပဲ အများဆုံးရောင်းရတာ၊ အလွတ်မခံနိုင်လို့ပါကွာ'

'ဖြစ်မှဖြစ်ရလေ ဦးလေးရာ'

အိုကြီးအိုမ အရွယ်ရောက်မှ အသက်နှင့်ရင်းပြီး ဝမ်းစာရှာဖွေနေရသည့် ဦးသိက္ခာအဖြစ်က စည်သူ့ကို ဟက်ထိသွားစေ၏။ သို့နှင့် ရှေ့ဘူတာတွင် ဆင်းစေပြီး ဒဏ်ရာကို ဆေးခန်းပြပြုစုကုသပေးလိုက်သည်။ ပြီးတော့ ထမင်းဖိုးငွေတစ်ထောင်ပေးပြီး အိမ်မှာပဲ နားနေရန်မှာ၍ အပြန်ရထားပေါ်တင်ပေးခဲ့၏။ စည်သူဂျာနယ်ရောင်းဖို့ အချိန်အတော်နောက်ကျသွားသည်။

'သတင်းစာ၊ နေ့စဉ်ထုတ်သတင်းစာတွေ ကြေးမုံ၊ မြန်မာ့အလင်း မြဝတီသတင်းစာတွေရမယ်၊ ဂဒါဖီက ဘယ်တော့မှလက်မြှောက်အရှုံးပေးမှာ မဟုတ်ဘူးတဲ့၊ နေတိုးအဖွဲ့ကို လုံးဝမကြောက်ဘူးလို့ စိန်ခေါ်လိုက်ပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



မြဝတီသတင်းစာကို မြည်းစမ်းလိုသူတို့ ဝယ်ကြ၏။ ထွက်လာတာ နှစ်လလောက်ရှိပြီဖြစ်သော်လည်း မြဝတီက အရောင်းမသွက်သေး။

'အဆင်နယ်က နာဆရီကို မန်စီးတီးက ပေါင် ၂၂ သန်းနဲ့ ဝယ်လိုက်ပြီတဲ့၊ ပရီးမီးယားလိဂ်အရောင်းအဝယ်သတင်းတွေနဲ့ ကိုပါအမေရိက ဘောလုံးပွဲစဉ်တွေပါတယ်နော်၊ အားကစားဂျာနယ်တွေပါတယ်'

လူစိတ်ဝင်စားနိုင်တာတွေ ရွေးချယ်အော်ပြောရင်း ဖိဖိစီးစီးရောင်းနေရ၏။ ဦးသိက္ခာကို ကူညီ၍ ပွန်းပဲ့ခဲ့သော အချိန်များကို အရပြန်ယူရသည်။ ရှစ်နာရီခွဲလောက်မှ ကံဘဲ့ဘူတာသို့ပြန်ရောက်၏။ အစာအိမ်တစ်ခုလုံး ပူထူအောင် ဆာလောင်နေပြီမို့ ဒေါ်လေး၏ ထမင်းဆိုင်သို့ ချီတက်ခဲ့၏။

အစာအိမ်က အာဟာရကို တောင့်တသလို နှလုံးသားကလည်း အချစ်ကို ဆာနေပြီမို့ အရဲစွန့်ရောက်လာခြင်းလည်းဖြစ်သည်။ ကျော်ဇင် ဘာတွေပြောပြီး ဘယ်လိုတွေဖြစ်ကုန်ပြီလဲဆိုတာလည်း သိချင်နေသည်။

နွဲ့ယဉ်ဆိုင်ထဲ အရင်ဝင်လိုက်တော့ နွဲ့ယဉ်နှင့်ဒေါ်နွဲ့အေးကိုပါ တွေ့ရ၏။ နွဲ့ယဉ်မျက်ဝန်းမှာ ဝမ်းသာမှုအရိပ်အယောင်ကို ရှာတွေ့သည်ဟု တွေးလိုက်စဉ်မှာပင်...

'လာပြန်ပြီတစ်ယောက်၊ ငါ့သမီးလည်း တော်တော်ကံဆိုးရှာပါတယ်၊ ကြုံလိုက်တွေ့လိုက်မှဖြင့် ဂျာနယ်ရောင်းတဲ့ကောင်နဲ့၊ မီတာဖတ်တဲ့ကောင်နဲ့၊ အတော်ကြီးပွားဦးမယ်၊ တကတည်း မပြောလိုက်ချင်ဘူး'

'အမေကလည်း'

'အမေကလည်းမနေနဲ့ မှန်တာပြောတာ'

'ဘာဖြစ်လို့လဲ အဒေါ်ရယ်'

'ဘာဖြစ်ရမလဲ၊ မနေ့ကကျော်ဇင်ဆိုတဲ့ကောင်လေ အူကြောင်ကြောင်နဲ့ရောက်လာပြီး နွဲ့ယဉ်ကို လက်ထပ်ပါရစေတဲ့၊ အံ့ရော'

'ဩော်... ကျော်ဇင်လား၊ သူ့အဖေက ညွှန်မှူးဆိုလား၊ ဘာဆိုလားပါ၊ မဆိုးပါဘူး အဒေါ်ရဲ့'



www.burmeseclassic.com

www.burmeseclassic.com


'ဟော့… ဒီမှာ ညွှန်မှူးမကလို့ လွတ်တော်အမတ်ပဲဖြစ်ဖြစ် လား စားဆို တာ့တာပဲ ပေါက်လား'

'ပေါက်ပါပြီ အန့်တီ အဒေါ်'

'ပေါက်ရင် ကြွ'

'ဟုတ်ကဲ့'

အခြေအနေမကောင်းသဖြင့် ထမင်းဆိုင်သို့ ပြန်ဆုတ်ခဲ့ရ၏၊ ဒေါ်လေးက ပြုံးစေ့စေ့နှင့်ကြိုသည်။

'ဘာဟင်းစားမလဲ စည်သူ'

'အဟင်း… ယောက္ခမခေါင်းသားနဲ့ ထည့်ဗျာ၊ နှုတ်သီးပါ ပါစေနော်'

'ဟား… ဟား… ဟား… နင်လည်း ဈေးထဲမှာအရုက်ကွဲချင် နေပြီထင်တယ်၊ ငါ့အစ်မအကြောင်း သိရဲ့သားနဲ့'

'ဟဲ… ဟဲ… အကြောင်းသိမို့ ကြောက်လွန်းလို့ တစ်ခါတည်း ချက်စားလိုက်ချင်တာ ဒေါ်လေးရဲ့၊ ရေစက်ဆုံမှာစိုးလို့၊ ထည့်ဗျာ၊ ယောက္ခမ ခေါင်းမရှိလည်း ငါးခေါင်းဟင်းသာထည့်တော့'

ဒေါ်လေးက ထမင်းပြင်ပေးရင်း ဖောက်သည်ချသည်။

'အဲဒီကောင်လေးလည်း အတော်ရက်သွားရှာမှာ၊ မောင်းထုတ်ပြီး ရွှေတစ်ဆယ်သား တိုက်တစ်လုံး၊ ကားတစ်စီးတင်တောင်းနိုင်မှ လာခဲ့လို့ ပြောလွှတ်တာဟော့'

'ဟုတ်လား၊ ရင်သိမ့်တုန် စူပါဇာတ်ကြမ်းကားကြီးပေါ့'

စည်သူက သူ့ချွန်တွန်းပရောဂျက်အောင်မြင်သွားကြောင်း သတင်း ကြားရသဖြင့် ပြုံးစေ့စေ့ ဖြစ်နေလေ၏။ သနားမိသော်လည်းမတတ်နိုင်။ အချစ်နှင့်စစ်မှာ မတရားတာမရှိဟု ဆိုကြသည်မဟုတ်လား။ ဒေါ်လေးက ထမင်းဟင်းပွဲများ ချပေးရင်း…

'ဒါနဲ့ နေစမ်းပါဦး၊ အဲဒီကောင်လေးက နွဲ့ယဉ် ရည်းစား လား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး ဒေါ်လေးရာ၊ ဖွတ်လိုက်ကြိုက်နေတာပါ၊ နွဲ့ယဉ်ကို ကပ်လို့မရတော့ ဒေါ်နွဲ့အေးကို ဝင်ကပ်မိလို့ဘေးတွေ့သွားတာ'

'တခြားကောင်တွေကပ်လို့ရမလား၊ ငါ့တူမနားမှာ မင်းရှိနေတာကို'

'ဒေါ်လေးရယ် အချွန်နဲ့မဖို့ ကြံစည်နေတာလား၊ မလုပ်ကောင်းပါဘူးဗျာ'

'ဟင်း… ဟင်း… ငါကတော့ နွဲ့ယဉ်ကို မင်းနဲ့သဘောတူတယ်၊ နဖူးစာဆိုတာ သူ့ဟာနဲ့သူ ပါလာပြီးသား၊ သူ့ခွေးမှသမက်တော်ချင်နေတဲ့ ငါ့အစ်မတော့ ဒုက္ခတွေ့ဦးမှာ'

'ဒေါ်လေး အကြားအမြင်များရနေလားဟင်'

'အကြားအမြင်ရစရာမလိုပါဘူးကွယ်၊ ပတ်ဝန်းကျင်မှာ မြင်နေတွေ့နေရတာပဲ'

ထမင်းစားသူများ ထပ်ရောက်လာသဖြင့် စကားပြတ်သွားစဉ် နွဲ့ယဉ် ဆိုင်ကူးလာသည်။ စည်သူ့နားတွင် ဝင်ထိုင်၏။

'နင်ကလည်း ပျောက်နေလိုက်တာ'

'နင်ပဲ မမြင်ချင်ဘူးဆို… ဘွားတော်ကြီးပွမ်နေဦးမယ်'

'မရှိဘူး၊ အကြွေးလိုက်တောင်းနေတယ်၊ ဒါနဲ့ နင်တို့တိုင်ပင်ထားကြတာလား'

'ဘာကိုလဲ နွဲ့ယဉ်'

'ငါ့ဆီ ကွက်တိဆိုသလိုရောက်ရောက်လာတတ်ကြတာလေ'

'တိုက်ဆိုင်သွားတာပါဟာ၊ ငါမလာဖြစ်တာက နင့်ကိုကြောက်လို့ရယ်၊ အဖေခရီးသွားနေလို့ရယ်၊ မအားတာရယ်ကြောင့်ပါ၊ ဘွားတော်ကြီး ကျော်ဇင့်ကို ကောလွတ်တာ တကယ်လား နွဲ့ယဉ်'

'အင်း'

နွဲ့ယဉ်က ရယ်ချင်စိတ်ကို မျိုသိပ်ထားရဟန်နှင့် ပြောသည်။ ထိုအပြုံးက စည်သူ့ရင်ထဲ စူးနစ်စိုက်ဝင်တွယ်ငြိသွား၏။



www.burmeseclassic.com

www.burmeseclassic.com


'နင်ကော ဘာပြောလိုက်သေးလဲ'

'ကျွန်မနဲ့မပတ်သက်သေးဘဲ ခုလိုလာပြောတာ ရှင်မှားတယ်လို့'

'လန့်သွားပြီလား'

'ဖြစ်နိုင်ပါတယ်၊ အတော်အရှက်ကွဲသွားတာ၊ လမ်းပေါ်တွန်း ထုတ်ပြီး ပြောတာလေ'

'အင်း... မာနပါထိသွားမှာ'

'ဖြစ်လောက်တယ်'

'အဟင်း... ငါ့ကိုသာဆိုရင် နင့်အမေ အသေသတ်မလား မသိဘူး'

'ဘာလဲ၊ နင်ကော နားလာဖောက်ဦးမလို့လား'

'ဟဲ... ဟဲ... ငါ မလောချင်ပါဘူးဟာ၊ ငါက အရင်ဆုံးနင်နဲ့ ပြေလည်အောင် ညှိချင်သေးတာဟာ၊ ဟဲ... ဟဲ'

နွဲ့ယဉ်ထံမှ မျက်စောင်းတစ်ပွင့် လင်းလက်ပျံဝဲရောက်ရှိလာ၏။ ထိုအရာကိုလည်း အမြတ်တနိုး သိမ်းဆည်းထားလိုက်မိသည်။

'တကယ်ပြောတာပါ နွဲ့ယဉ်ရယ်၊ ပြိုင်ဘက်ပေါ်လာမှ မဖြစ်မနေ ဖွင့်ပြောခဲ့တာဆိုပေမယ့် ငါ့ရင်ထဲမှာ နွဲ့ယဉ်တွေ လင်းလက်နေတာကြာပါပြီ'

နွဲ့ယဉ် ဘာမှပြန်မပြောတော့ စည်သူက စူးနစ်စွာ စိုက်ကြည့်ရင်း ညို့ငင်နေလိုက်၏။

'ဠပ်'

စားပွဲပေါ် ထမင်းပန်းကန်ဆောင့်ချလိုက်သည့်အသံကြောင့် ကြည်နူးမှုတွေ ကျေပျက်သွား၏။ အလန့်တကြားမော့ကြည့်တော့ ဒေါ်လေး၏ စပ်ဖြဲဖြဲမျက်နှာကို တွေ့ရသည်။

'ပန်းကန်ထဲမှာလည်း ထမင်းတစ်စေ့မှမရှိတော့ဘူး၊ ဟင်းတွေ လည်း ယင်နားကုန်ပြီ၊ လိုက်ပွဲယူမလား မေးတာ ငါးခါရှိပြီ၊ ထမင်းတော့ ဝင်အောင်စားပါ ငါ့တူရယ်နော်'

'ဟာ... ဒေါ်လေးကလည်း'


www.burmeseclassic.com

www.burmeseclassic.com



အရှက်သည်းသွားသော နွံ့ယဉ် ထွက်ပြေးတော့၏။ စည်သူလည်း အချစ်တစ်ဝက်တစ်ပျက် အစားတစ်ဝက်တစ်ပျက်နှင့် ဟက်ကော့ကြီးဖြစ် ကျန်ခဲ့သည်။

'အရိုပ်သုံးပါးနားမလည်ဘူး၊ အလိုက်ကန်းဆိုမသိဘူး၊ အဲဒါကြောင့် ဒေါ်လေးအပျိုကြီးဖြစ်နေတာ သိလား'

ဒေါ်လေး၏ ရယ်သံက လမ်းမပေါ်အထိ လွင့်ထွက်သွားသည်။ စည်သူ ထမင်းဆက်စား၏။ ငါးခေါင်းကို ဒေါ်နွံ့အေးအမှတ်နှင့် စေ့စေ့ညက်ညက်ကျေအောင် အညိုးတကြီး ဝါးနေမိတော့သည်။

❐ ❐ ❐

ဆီချက်တစ်ထုပ်၊ ကော်ဖီမစ်ငါးထုပ်နှင့် အဆာပြေမုန့်လေးငါးမျိုး ဝယ်၍ ဦးသိက္ခာအိမ်ပေါ် တက်လာခဲ့၏။ လူချင်းအတော်ရင်းနှီးသော်လည်း အိမ်ကို အခုမှရောက်ဖြစ်သည်မို့ အတော်မေးစမ်း၍ လာခဲ့ရ၏။ သူ့ကိုမြင်တော့ ဦးသိက္ခာအံ့ဩဝမ်းသာစွာ ကြိုဆိုရှာသည်။

'ဟာ… စည်သူ ဘာတွေဝယ်လာပြန်တာလဲကွာ၊ တကူးတက ဒုက္ခရှာလို့'

'မဟုတ်တာပဲ ဦးလေးရာ၊ ခြေထောက်ဒဏ်ရာနဲ့ ဘယ်မှမထွက်နိုင်တာသိလို့ ရောက်အောင်လာခဲ့တာ၊ ပန်းကန်တွေဘယ်မှာထားလဲ၊ ကျွန်တော် သွားထည့်လာခဲ့မယ်'

'နောက်ဖေးသာ ဝင်သွားပါမောင်ရာ၊ တွေ့ပါလိမ့်မယ်'

စည်သူ ခေါက်ဆွဲထုပ်ဆွဲပြီး အိမ်နောက်ဖေးဝင်ခဲ့၏။ အိမ်က ပေ နှစ်ဆယ်သုံးဆယ်လောက်ရှိပြီး အခန်းနှစ်ခန်းဖွဲ့ထား၏။ အိမ်ရှေ့ခန်းမှာ ဘာပရိဘောဂမှ မရှိ။ ဘုရားစင်စာအုပ်စင်နှင့် ဆေးပုလင်းများ၊ ဘူးခွက်များ၊ သံငရုပ်ဆုံနှင့် ဆေးချိန်သည့် ချိန်ခွင်တို့ရှိသည်။ အိမ်က သန့်ရှင်း သပ်ရပ်စောင့်တင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုချက်ကို ပန်းကန်ထဲလှယ်ထည့်ပြီး အိမ့်ရှေ့ပြန်ထွက်လာခဲ့၏။ သူ တစ်ယောက်တည်း နေပြီး ဤမျှသန့်ရှင်းနေခြင်းအတွက် အံ့ဩမိသည်။

'ရော့… ဦးလေး ပွတုန်းစားလိုက်ဦး'

'အားနာစရာကြီးကွာ'

'လုပ်မနေပါနဲ့ အချင်းချင်းတွေပဲ၊ ဒီလိုပဲတစ်ယောက်ကိုတစ်ယောက် ဖေးမရမှာပေါ့'

'အင်း… ငါ့ကိုကယ်ခဲ့တာလည်းမင်းပဲ၊ စောင့်ရှောက်တာလည်း မင်းပဲ၊ ကျေးဇူးတင်မဆုံးအောင်တော့ မလုပ်နဲ့ကွာ'

'ဦးသိက္ခာ ခင်းဗျားကလေ အပိုတွေသိပ်ပြောတာပဲ သိလား၊ အခုကော လမ်းလျှောက်လို့ရရဲ့လား'

'ရပါတယ်ကွာ၊ ဒီလောက်လည်း မဟုတ်ပါဘူး'

'ရလည်း တစ်ရက်နှစ်ရက်တော့ နားလိုက်ပါဗျာ'

'ခါနာနိမ်းသွားမှာပေါ့'

'ဒီလောက်ပဲ မွဲသလား တစ်ယောက်တည်းသမားက'

'မတ်တပ်စာပဲရှိတာလေ၊ တုံးလုံးစာမှ မရှိဘဲကွ'

'ခုဟာက တုံးလုံးစာမှမဟုတ်တာ၊ ထော့ကျိုးစာဗျ ထော့ကျိုးစာ'

နှစ်ယောက်သား သဘောကျရယ်လိုက်ကြ၏။ ဦးသိက္ခာက ဆိုချက်ကို အားပါးတရစားနေသည်။ စည်သူမှာ သူ့ကုသိုလ်ဒါနအတွက် ပီတိတွေ ဝေနေလေ၏။

'ကဲ… ဦးလေး မနက်ဖြန်တစ်ရက်တော့ နားလိုက်ပါဗျာ၊ နားမယ်လို့ ကျွန်တော့်ကို ကတိပေး'

'အေးပါကွာ၊ ငါ နားပါ့မယ်'

'ဒါမှပေါ့ဗျာ၊ ကျန်းမာရေးထက် ဘာမှဗိုအရေးမကြီးဘူး၊ မသေမချင်းလုပ်စားရဦးမှာ၊ ကျွန်တော်လည်း ညနေတော့ ဝင်လာပါ့မယ် သွားပြီနော်'

'ကောင်းပါပြီဗျာ၊ ငါ့တူ ကျန်းမာချမ်းသာပါစေဗျာ၊ အိလ်ဂိတ်၊



www.burmeseclassic.com

www.burmeseclassic.com



အပရာမိုဇချ်၊ ဒေးဗစ်ဘက်ခမ်းနဲ့ တိုက်ဂါးဝုဒ်သူဌေးကြီးလေးဦးကဲ့သို့ အေး၍မကုန် လျှ၍မခမ်း ပဒုမ္မာရွှေကြာပန်းကဲ့သို့ ပွင့်လန်းပါစေဗျာ'

'ဟား... ဟား... ဟား... ဟား'

ဦးသိက္ခာ အိမ်မှကြည်နူးစွာ ထွက်လာခဲ့ပြီးနောက် နှစ်မှတ်တိုင် အကွာအဝေးကို လမ်းလျှောက်ပြန်လာခဲ့သည်။ လမ်းတစ်လျှောက်လုံး နှယဉ်အကြောင်း တွေးလာခဲ့၏။

စတွေ့သည်နှင့် မျှော်နေသလို အမူအရာလုပ်ပြသည်။ သူ့အမေ ကြီးကောတော့ အားတုံ့အားနာဖြစ်နေသည်။ အမေ အပြင်ထွက်သွားသည်နှင့် သူ့ထံရောက်လာ၏။ စကားတွေဖောင်လောက်အောင်ပြောသည်။ ချစ်စကား ကို ထပ်မံအတည်ပြုပြောကြားတော့ ရှက်နေသည်။ ဒေါ်လေး နောက်တော့ အရှက်အိုးကွဲပြီး ပြေးထွက်သွားသည်။

အဖြစ်အပျက်အားလုံး ခြုံငုံသုံးသပ်ကြည့်သော် သူ့အပေါ် မလို န်းထားသော အမူအရာများမတွေ့ရ။ ကျော်ဇင့်ကို လှောင်ပြောင်သလိုမျိုး သည်း သူ့အပေါ်မလုပ်ခဲ့။ အဖြေထုတ်ကြည့်တော့ သူ့အပေါ် မေတ္တာတုံ့ပြန် သည့်သဘောရှိသည်ဟု မှန်းဆရ၏။

ထိုအခါ စည်သူတစ်ယောက် ဖနောင့်နှင့်ဖိနပ်ကြား ခဲဝင်ခုသလို မြောက်ကြွမြောက်ကြွ ဖြစ်သွားတော့သည်။

'ဒေါ်လေးသာ ဝင်မရှုပ်ရင် ခုလောက်ဆို ငါရည်းစားရနေလောက် ဘီ'

ကိုယ့်အတွေးနှင့်ကိုယ် ကြည်နူးပြီး ပြုံးနေမိ၏။ ဝန်းကျင်ကို သတိမပြုမိ။ သတိမမူတော့ ဂူမမြင်သလို လူကိုလည်းမမြင်။ ပက်ပင်းဆုံမှ သန့်သွားရသည်။

'ဘယ်လိုဖြစ်လာတာလဲ ကိုစည်သူကြီးရယ်၊ ဝင်လည်းတိုက်မိပါ ဦးမယ်'

'ဟင်.. မိမွေး ဟဲ... ဟဲ... ဆောရီး အတွေးလွန်သွားလို့'



www.burmeseclassic.com

www.burmeseclassic.com



'အတွေးလွန်လာထာကလည်း ပြုံးဖြဲဖြဲနဲ့ဆိုတော့ ကေနွ ရည်းစား အကြောင်းတွေးလာတာပဲ ဖြစ်ရမယ် ဟုတ်တယ်မဟုတ်လား'

'ဟာ... မဟုတ်ပါဘူးဟာ၊ မနက်က ပုဆိုးကျွတ်ကျတာ သတိရ လို့ပါ'

'အဟင်း... လူကြီးနော် အောက်ခံဘောင်းဘီလေးဘာလေး ဝတ်ဦး'

'ပါပါတယ်ဟာ၊ ရေကူးဘောင်းဘီအသားရောင်ဖြစ်နေလို့ပါ'

'ဟား... ဟား... ခင်ဗျားတကယ်ရယ်ရတယ်ဗျာ၊ တော်ပြီ တော်ပြီ သွားမယ်'

'ကြွ... ကြွ'

လမ်းခွဲပြီး ကျောခိုင်းဆက်လျှောက်လာခဲ့ကြ၏။ ရေချိုး ထမင်း စားပြီးသည်နှင့် လက်ဖက်ရည်ဆိုင်သွားကာ ဘောပွဲကြည့်မည်ဟု စိတ်ကူး ပြီး အိမ်အမြန်ပြန်ခဲ့တော့သည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

မနေ့ည ရှစ်နာရီသတင်းအလိုအရ ဒီနေ့တိမ်ထူထပ်ပြီး နေသာချိန် ရှိကာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်တဲ့။ ဂျာနယ်တွေ မိုးမစိုအောင် ပလပ်စတစ်အိတ်ကို မမေ့မလျော့ထည့်ယူရ၏။

အခုတော့ မနက်စောစောမှာပင် နေသာနေသည်။ ခပ်သွက်သွက် လျှောက်လာတော့ ချွေးပင်စို့လာ၏။ ညက သတင်းထူးသည်။ နိုင်ငံတော်မှ ပင်စင်စားများကို လစာတိုးပေးမည်ဟု ကြေညာသွား၏။ သည်တော့ ဒီနေ့အတွက် နေ့စဉ်သတင်းစာကို နည်းနည်းပိုယူခဲ့သည်။ ဒါ လူတိုင်း (ပင်စင်စားတိုင်း)မျှော်တလင့်လင့်ဖြစ်နေကြသည့်ကိစ္စ။ ဒီနေ့သတင်းစာ ရောင်းကောင်းမှာသေချာပြီ။

ဘူတာမှာ လူတွေစုပုံနေ၏။ ရှစ်နာရီကောင်ပျောက်သွားပြန်ပြီဟု ပြောသံတွေကြားနေရသည်။ ပျောက်လေ့ပျောက်ထမရှိသည့် ရထားတောင် ပျောက်တတ်လာပြီလား။ အိမ်နီးချင်းနိုင်ငံတွေမှာ မြေအောက်ရထားတွေ ကျည်ဆံရထားတွေ ပြေးဆွဲနေချိန်မှာ အချိန်မှန်မလာသည့် ရထားကို မျှော်နေကြရ၏။

ထားလိုက်ပါတော့။ ခန္တီပါရမီနှင့် ပြည့်စုံသည့် လူမျိုးများပဲ ဟုတ်လား။ ဘယ်သူ့မှလည်း ပြဿနာရှာဖို့ စိတ်မကူး။ စောင့်နိုင်သူက



www.burmeseclassic.com

www.burmeseclassic.com



စောင့်ပြီး မစောင့်နိုင်သူက ကားပြောင်းစီး၏။ ဒီလိုနှင့် ပြီးသွားကြတာပဲဖြစ်သည်။

ဟိုတွေးဒီတွေး တွေးနေစဉ် လူတွေအုံးအုံးကျွတ်ကျွတ် ဖြစ်သွားကြ၏။ မီးရထားလာပြီတဲ့။ စည်သူ လှမ်းမျှော်လိုက်သည်။ မျက်စိတစ်ဆုံး အကွာအဝေးတွင် ခပ်ပျပျမြင်နေရ၏။ ဒါဆို ရထားမပျောက်ဘူးပေါ့။ ဆယ့်ငါးမိနစ်လောက်ပဲ နောက်ကျတာဖြစ်သည်။

တော်တော်များများ ပျော်သွားကြတာတွေ့ရသည်။ ရထားစောင့်သည်များ ပစ္စည်းယောင်းကောက်သည့် ကလေးများ၊ ကားခ မတတ်နိုင်သော လက်လုပ်လက်စားများ ရထားကြီးကို ကျေးဇူးတင်နေကြ၏။ ဒါမှ တို့မမ...

မ-မ ဆိုတာ မြန်မာ့မီးရထားကို အတိုကောက်ခေါ်တာဖြစ်သည်။ ရထားကြီး တဖြည်းဖြည်းနီးလာ၏။ ခုမှ လက်မှတ်ပြေးဝယ်သူတွေရှိသေးသည်။ စည်သူတို့လို ဈေးသည်အများစုကတော့ လစီးလက်မှတ်များ လုပ်ထားကြ၏။

ကရွတ်ပေါ်ကင်းခြေများလျှောက်လာသလို ရထားက ဘူတာထဲဝင်လာသည်။ သံသရာခရီးသည်များ တက်ကြဆင်းကြ၏။ စည်သူလည်း ဆင်းသူကုန်အောင်စောင့်ပြီး အနီးဆုံးတွဲပေါ် တက်လိုက်သည်။ ဒီနေ့ အော်ဟစ်ကြော်ငြာစရာကတစ်ခုတည်းသာရှိသည်။

'အဟမ်း... အဟမ်း... နိုင်ငံတော်က အငြိမ်းစားတွေရဲ့ ပင်စင်လာစာငွေတွေ တိုးပေးလိုက်ပြီ၊ သတင်းထူးတွေ သတင်းထူးတွေ၊ ယနေ့ထုတ်သတင်းစာ၊ ကြေးမုံ၊ မြဝတီ၊ မြန်မာ့အလင်းတွေရမယ်'

တစ်ခါပဲ အော်လိုက်ရ၏။ သကြားခဲ ပုရွက်ဆိတ်အုံသလို အလုအယက်ဝယ်ယူကြတော့သည်။ ရောင်းကောင်းလိုက်သည်မှာ မပြောနှင့်တော့။ သတင်းစာယူလာတာ နည်းသွားသည်။ ရထားတစ်စီးနှင့်ပင် ပြတ်သွက်သွား၏။ သို့နှင့် ကံဘုံ့တွင် ဆင်းလိုက်သည်။ ပီစီအိုဖုန်းနှင့် နွဲ့ယဉ်ကို လှမ်းခေါ်ရသည်။ နွဲ့ယဉ် ဆယ်မိနစ်လောက်အကြာမှာ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်မဆိုးနဲ့နော် နွဲ့ယဉ်၊ ငါလာနေရင် ဘွားတော်က ကွိုင်ရှာဦး မှာလေ'

'အင်းပါ၊ အဲဒါ ငါသိပါတယ်၊ ဘာကိစ္စလဲ'

'အဲ… ဟို… ဟိုဒင်း… ဟိုနေ့က ဒေါ်လေးဝင်နှောက်တာနဲ့ စကားပြတ်သွားတာလေ၊ အဲ… အဲဒီကိစ္စ'

နွဲ့ယဉ် မျက်နှာနီသွားသည်။ သူ့လက်သည်းတွေကို အခုမှမြင်ဖူးသလို စိုက်ကြည့်နေလေ၏။

'ပြောပါဦး နွဲ့ယဉ်ရယ်၊ ငါ နင့်ကို သိပ်ချစ်တယ်ဟာ၊ အဲဒီအတွက် အဖြေတစ်ခုခု ပြောပါဦး'

လက်ဖက်ရည်ဆိုင်အတွင်း သီချင်းသံက ဆူညံနေ၏။ စည်သူ၏ နှလုံးခုန်သံနှင့် အပြိုင်ပင်ဖြစ်သည်။ နွဲ့ယဉ်မျက်နှာနီရဲနေရာမှ သွေးဆုတ်သွားသလို ဖြူဖျော့သွား၏။

'တော်တော်တရားကျဖို့ကောင်းပါလား စည်သူ'

'ဟင်… ဘာ… ဘာဖြစ်လို့လဲ နွဲ့ယဉ်'

'ယောကျ်ားတစ်ယောက်တောင်းထားတဲ့အဖြေကိုပေးဖို့ သူ ဖုန်းဆက်ချိန်းတဲ့နေရာကို မိန်းကလေးက လာရတယ်ပေါ့'

'ဟာ… မဟုတ်… မဟုတ်ဘူး၊ ငါလာချင်တာပေါ့ဟာ၊ ဒါပေမဲ့ သိတဲ့အတိုင်း နင့်မားသားကြီးက လွယ်တာမှမဟုတ်ဘဲ၊ အဲဒါကြောင့် လွတ်ရာကျွတ်ရာကို ခေါ်ထုတ်မိတာပါ၊ နွဲ့ယဉ် နားလည်ပေးပါဟာနော်'

'ရှေးကျလိုက်တာဟာ'

နွဲ့ယဉ် ဘာကြောင့်ပေါက်ကွဲသွားရသလဲဆိုတာ သိရတော့ စည်သူ တစ်ယောက် အပူရှပ်ပြီး ဖျားနေခိုက်၊ ငန်းဆေးသောက်စောင်ခြုံပြီး ချွေး ထုတ်တာခံရသလို ချွေးသီးချွေးပေါက်တွေ တပြိုက်ပြိုက်ကျလာ၏။

'နွဲ့ယဉ် ငါမှားသွားပါတယ်ဟာ၊ နင့်ရဲ့အဖြေကို သိချင်စောနဲ့ သတိလက်လွတ်ဖြစ်သွားခဲ့တာပါ'

'ငါ့ကိုဖုန်းဆက်ခေါ်တာ ဒီကိစ္စတစ်ခုတည်းလား စည်သူ'



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်… ဟုတ်ပါတယ် နွဲ့ယဉ်'

'ဒါဆို ဘာမှပြောစရာမရှိဘူး'

နွဲ့ယဉ် ရုတ်တရက်ထပြန်သွား၏။ စည်သူ ခေါင်းမီးတောက်ရုံမက တစ်ကိုယ်လုံးပါ မီးလောင်သွားသလို ခံစားလိုက်ရသည်။

'နွဲ့ယဉ်…. နွဲ့ယဉ်'

နွဲ့ယဉ် ဘယ်လောက်ထိ ခံစားသွားရသည်မသိ။ ပြေးလိုက်သွားသည့် စည်သူမှာ ရုတ်တရက်ဝင်လာသည့်ရထားအရှိန်ကြောင့် ကမန်းကတန်း နောက်ပြန်ဆုတ်လိုက်ရသည်။ နွဲ့ယဉ် သီသီလေးလွတ်သွားတာပဲ ဖြစ်၏။ စောစောကအဖြစ်ကိုတွေးပြီး ထိတ်လန့်လွန်းသဖြင့် ရှုံးရှုံးပင်ထွက်ကျမတတ်ဖြစ်သွားသည်။

နွဲ့ယဉ် ရထားတိုက်မိကာ ပွဲချင်းပြီးသွားရမည့်သေဘေးမှ လွတ်သွားခြင်းဖြစ်၏။ ရထားကြီး ပြန်အထွက်ကို စောင့်ရင်း စည်သူ ဒူးတွေတဆတ်ဆတ်တုန်နေသည်။ သူ့မျက်စိရှေ့မှ ရထားကြီးပျောက်ကွယ်သွားဖို့ အလင်းနှစ်သန်းပေါင်းများစွာကြာသလို ခံစားနေရ၏။

သူ့ရှေ့မှ နောက်ဆုံးတွဲဖြတ်သွားသည်နှင့် ရထားလမ်းပေါ် ခုန်ဆင်းလိုက်သည်။ နွဲ့ယဉ်၏ အရိပ်အယောင်မဆိုထားနှင့် အငွေ့အသက်ပင် မတွေ့ရတော့။ စည်သူ ဘူတာကိုဖြတ်၍ ကံဘဲ့ဈေးလမ်းအတွင်း တိုးဇော့ဝင်သွားလိုက်သည်။ သူ ဘာလုပ်ရမလဲ။ နွဲ့ယဉ်ကို ဘယ်လိုတောင်းပန်ရမလဲဆိုတာ ဦးနှောက်အမှုန့်ဖြစ်မတတ် စဉ်းစားသော်လည်း အဖြေကမထွက်။

သူ့လုပ်ရပ် အတော်ရူးကြောင်ကြောင်နိုင်မှန်း တွေးလေ ထင်ရှားလေဖြစ်နေသဖြင့် ဖြေမဆည်နိုင်အောင် ဖြစ်နေရသည်။ ယောကျ်ားဆိုတာချစ်အဖြေမရမချင်းနောက်မှတကောက်ကောက်လိုက်ရသည့် သတ္တဝါဆိုတာ သူ ဘာလို့မေ့သွားပါလိမ့်။

ဒါမျိုး တိရစ္ဆာန်လေးတွေကအစ ကောင်းကောင်းသိ၏။ အမသတ္တဝါတို့၏ သဘာဝတရားအရ တစ်ယောက်ယောက်ကို ခေါင်းညိတ်မပြ


www.burmeseclassic.com

www.burmeseclassic.com



င်အထိ သို့မဟုတ် တစ်ကောင်ကောင်ကို အမြီးနန့်မပြခင်အထိ မူနိုင်ခွင့် ဆော်နိုင်ခွင့်ရှိသည်။

ခုတော့ သူ့လုပ်ရပ်က ဟဲ့… ကောင်မလေး ငါ့ကိုချစ်နေတဲ့ အကြောင်း နင်ကိုယ်တိုင်လာပြောစမ်း။ ငါ လက်ဖက်ရည်ဆိုင်က စောင့်နေ မယ်ဟု ခိုင်းသလိုဖြစ်ခဲ့ပြီ။

သွက်ချာပါဒအတွေးများနှင့် ပြေးလာခဲ့ရာ ဒေါ်လေး၏ ထမင်းဆိုင် သို့ မိနစ်ပိုင်းအတွင်း ရောက်လာခဲ့သည်။ တစ်ဖက်မှ အထည်ဆိုင်သို့ တိုယ်ကိုကိုင်း၍ ခေါင်းပြူပြီးချောင်းကြည့်လိုက်သည်။ မည်သူ့ကိုမှမတွေ့။

'ဟဲ့… ကောင်လေး ဘာချောင်းနေတာလဲ'

မေးသံကြား၍ လှည့်ကြည့်တော့ ဟင်းအိုးဆီသတ်နေသည့် ဒေါ်လေးကိုတွေ့ရသည်။ အားကိုးစရာက ဒေါ်လေးသာရှိတော့၏။ မရှက် နိုင် မကြောက်နိုင်တော့ဘဲ ဖြစ်သမျှကို ငိုသံပါကြီးနှင့် စည်သူ ရှင်းပြလိုက် သည်။ ဒေါ်လေးအဖြေက ပြတ်၏။

'ငါသာဆို ပါးပါရိုက်တယ်'

'ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် မှားပါတယ်ဆိုနေမှ၊ အဲဒါ ဒေါ်လေးရဲ့အစ်မ အပေါက်ဆိုးလို့ မဖြစ်သင့်တာ ဖြစ်ရတာ'

'သူများကိုလွှဲမချနဲ့၊ နင့်ဉီးနှောက်နဲ့ နင် စဉ်းစားပါလား'

'ကဲပါ ဘယ်လိုဆေးကုရမလဲ၊ အကြံပေးပါဦး'

'သူ စိတ်ပြေတဲ့အထိ တောင်းပန်ရမှာပေါ့'

'ဘယ်လိုလုပ်နှစ်ယောက်တည်းတွေ့မလဲ'

'အင်း… တစ်ပတ်တစ်ခါလောက်တော့ ယုဇနပလာဇာတို့ မင်္ဂလာဈေးတို့ သွားတတ်တယ်လေ၊ သူတစ်ယောက်တည်းပဲ၊ ပြန်ရောင်းဖို့ ပစ္စည်းတွေ သွားဝယ်တာ'

'ဟုတ်ပြီ၊ အဲဒါ ကောင်းတယ်၊ ဈေးသွားမယ့်ရက် ဘယ်လိုသိ မလဲ'

'သွားမယ်ဆို၊ ထသွားလို့ရတာမှ မဟုတ်တာ၊ ပိုက်ဆံပြန်စုရသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လိုတဲ့အထုပ်နဲ့ ပိတ်စတွေ စာရင်းလုပ်ရသေးတယ်၊ သိသာပါတယ်ဟာ၊ နင့်ဆီ ဘယ်လိုအကြောင်းကြားရမလဲဆိုတာပဲပြော'

'ဖုန်းဆက် ဒေါ်လေး၊ သုံးအိမ်ကျော်မှာ ဖုန်းရှိတယ်၊ နံပါတ်ပေးခဲ့မယ်'

'အေးပါ၊ ငါအကြောင်းကြားပါ့မယ်'

ဒေါ်လေးနှင့် အကျေအလည်ညှိနှိုင်းပြီး နွမ်းလျအိမ်ပြန်ခဲ့ရတော့သည်။ သူ့မှာ တာဝန်တွေကလည်း များသား။ မုန့်ဟင်းခါးတစ်ထုပ်နှင့် ပေါင်မုန့်တစ်လုံးဝယ်ပြီး ဦးသိက္ခာဆီ ဝင်ပို့ရသေးသည်။

'ဒုက္ခများလိုက်တာကွာ၊ ငါ မနက်ဖြန် ရထားပေါ် ပြန်တက်မှာပါ'

'အနာကကျက်လို့လားဗျာ'

'ရပါတယ်ကွ၊ ပွန်းတာပဲ့တာလောက်ပါ'

'သိပ်တော့ ခေါင်းမမာစေချင်ဘူး ဦးလေး'

'ရပါတယ်ဆိုကွာ'

'ဒါဆိုလည်းပြီးရောဗျာ၊ ပြန်မယ်-ဒီနေ့ အဖေ ပြန်လာမှာဗျ'

'အေးပါ၊ မာသာထရီဆာလို စိတ်ဓာတ်နဲ့ ဘီလ်ဂိတ်လို သူဌေးမင်းရယ်'

စိတ်မကြည်လင်သဖြင့် ဦးသိက္ခာ၏ ဟာသကိုပင် မရယ်နိုင်ဘဲ အိမ်ပြန်လာခဲ့၏။ အိမ်ရောက်တော့ အဖေက ထမင်းပင်ချက်ထားပြီးနေပြီ။

'အဖေ ဘာလို့ကြာနေတာလဲ'

'မင်း အစ်မပေါ့ကွာ၊ နေပါဦး တစ်ရက် တစ်ရက်နဲ့ ဆွဲထားတာလေ'

'ထင်သားပဲ အစ်မ နေကောင်းရဲ့လား'

'ကောင်းပါတယ်၊ ဒါပေမဲ့ အာထရာဆောင်းရိုက်တာ မိန်းကလေးတဲ့'

'ဟား... ဟား... မြေးမလေးဆိုလို့ အဖေမကြည်မလင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုး၊ ဘယ်တတ်နိုင်မလဲ အဖေရာ၊ ဘုရားပေးဘာ ယူရမှာမဟုတ်လား'

'အဖေက မြေးကို ရှင်ပြုပေးချင်သေးတာကွ'

'သိပ်လောဘမကြီးပါနဲ့ အဖေရာ၊ ကဲ… သား ရေချိုးပြီးရင် အမင်းစားကြမယ်'

'အေး… အေး'

စည်သူ ခေါင်းကိုလောင်း၍ ရေချိုး၏။ သူ့ခေါင်းမှာ အငွေ့တလူလူ ထွက်နေသည်ဟုပင် ထင်မိ၏။ သူ နွံ့ယဉ်၏ တုံ့ပြန်အချစ်ကိုရပါတော့ လေးတွေးပြီး စိတ်မအေးနိုင်အောင် ဖြစ်နေသည်။ နမော်နမဲ့လုပ်ရပ်အတွက် နောင်တရမဆုံးဖြစ်မိ၏။

❐ ❐ ❐

ကွန်ကရစ် ဇလီဖားတုံးအပြည့်အဝ မရခင်စပ်ကြား အစားထိုးလဲ လှယ်ထားသည့် ပျဉ်းကတိုးသား ဇလီဖားတုံးများကို ကျော်နင်းကာ စည်သူ လျှောက်လာခဲ့သည်။ ရထားလမ်းနှင့် ကားလမ်းကြားတွင် ကွင်းပြင်ကျယ် ရှိ၍ လေကတသုန်သုန် ဝေ့ဝဲတိုက်ခတ်နေ၏။ တချို့နေရာများတွင် ကွင်း မဟုတ်ဘဲ ရေအိုင်ဖြစ်နေသည်။

ထိုရေအိုင်များ ကန်စွန်းပင်များ ဟီးထနေကြ၏။ ရံဖန်ရံခါ ဗျိုင်း ဆက်ရက် စသည့် သတ္တဝါများ ကျက်စားနေတာကို မြင်ရသည်။ သူတို့ကို မြင်ရတွေ့ရတာ လွတ်လပ်မှုရှိလှ၏။

ထိုသတ္တဝါတို့၏ အချစ်ရေးမှာ မိဘသဘောမတူတာတွေ ရွှေ တစ်ဆယ်သား တိုက်တစ်လုံး ကားတစ်စီးတင်တောင်းခိုင်းတာတွေ ရှိမှာ မဟုတ်။

ဘယ်လောက်များ အားကျစရာကောင်းလှပါသလဲ။ အပိုင်ရှင် လည်း ပြောနေ အာမခံနေစရာမလို (အရက်မသောက်ပါဘူး၊ ဆေးလိပ်ဖြစ် ပါ့မယ်၊ မယားငယ်မထားပါဘူး စသည်ဖြင့်) စိတ်ကောက်တာလည်းမရှိ



www.burmeseclassic.com

www.burmeseclassic.com



ချော့ရတာလည်းမရှိ၊ ပေါက်ကရတွေတွေးရင်း စည်သူ ဇိုင်းဖြစ်ချင်နေ သည်။

သို့သော် ဇိုင်းတွေက သတင်းစာမဖတ်၊ ဂျာနယ်မဖတ်ကြ သူမှာက ဇိုင်းမဖတ်သည့် ဂျာနယ်တွေ အများကြီးပါလာ၏။ အင်း… ဇိုင်းတောင် လွယ်လွယ်နှင့် ဖြစ်ခွင့်မရှိမှတော့ ဂျာနယ်ပဲ ဆက်ရောင်းရတော့ မည်ပေါ့။ ဘူတာသို့ရောက်သည်နှင့် ပုံနှားဖိုးကွန်းကိုတွေ့ရသည်။ ဖိုးကွန်းက ပန်းနာသမား၊ ခဏခဏအမောဖောက်သဖြင့် ရောင်းရမည့် ဟောစာတမ်း များကို ပုံထားလိုက်၊ နားလိုက် မကြာခဏလုပ်ရ၏။ သို့နှင့်ပင် ပုံနှားဖိုးကွန် ဟုအမည်တွင် နေခြင်းဖြစ်သည်။

'ဟော့ကောင်… ဘယ်လိုလဲ ငါ့ဗေဒင်မှားလို့မဖြစ်ဘူးနော်၊ ခုထိ သူဌေးမဖြစ်သေးဘူးလား'

'ပြဿနာပါပဲလား ကိုဖိုးကွန်းရာ၊ ကျွန်တော် သူဌေးဖြစ်ရအောင် အိုစမာဘင်လာဒင်က ခဏခဏ သေနေတာမဟုတ်ဘူးဗျ'

'မင်း တော်တော်တုံးတဲ့ကောင်ပဲ၊ ဉာဏ်ကိုလွှာသုံး၊ ဂျာနယ်ကို လည်း လွှာရောင်းပေါ့'

'ဟား… ဟား… ဟား… တော်တော်အပြောကောင်းတဲ့လူ၊ ခင်ဗျားသာ ဟောစာတမ်းကို ဖြပြီးရောင်း'

စည်သူနှင့် ဖိုးကွန်း စကားတောင်းနေရာသို့ ဦးသိက္ခာပါ ရောက် လာတော့ ပိုပြီး ပွဲစည်သွား၏။

'အေးကွာ၊ ဆေးကိုလည်း တစ်ခါသောက် အထုပ်လေးတွေ လုပ်ရောင်းရင် ကောင်းမယ်ထင်တယ်၊ လူတွေက ဆေးတစ်ဘူး လေး ငါးရာတောင် သိပ်မဝယ်နိုင်ကြတော့ဘူးကွ၊ ဆေးမသောက်ဘဲ အနိုပ်ခန်းပဲ သွားနေကြလားမသိပါဘူးကွာ'

'အဟင်… ဒါဆို ဦးလေးလည်း ရထားပေါ်မှာ မရောင်းဘဲ အနှိပ်ခန်းမှာသွားရောင်းပေါ့'

'မလုပ်ပါနဲ့ကွာ၊ ငါပါ အနှိပ်သည်ဖြစ်သွားပါ့မယ်ဟ'



www.burmeseclassic.com

www.burmeseclassic.com


စကားကောင်းနေစဉ် ရထားဝင်လာသဖြင့် လုပ်ငန်းစဖို့ ပြင်လိုက်ကြရတော့၏။ သူနှင့်ဖိုးကွန်းတွဲတစ်တွဲပေါ် အတူတက်ခဲ့ကြသည်။

'အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲတွေ စတော့မယ်၊ အချိန်ဇယားတွေ ပါလာပြီနော်၊ လက်ရှိချန်ပီယံအမေရိကန်ကကောင်းဦးမှာလား၊ အမျိုးသမီးဘောသတင်းတွေနော်၊ အမျိုးသမီးဘောသတင်း'

စည်သူ့အော်သံဆုံးသည်နှင့် ဖိုးကွန်း အသံထွက်လာ၏။

'အင်္ဂါသားသမီးတွေ စန်းထပြီး လျှမ်းကြမယ့်အချိန်ရောက်ပြီနော်၊ ဒီလထဲမှာ အင်္ဂါသားသမီး ရတနာပုံဆိုက်မှာ ဘော်ဒါထဲမှာ အင်္ဂါအထီးအမတွေ ရှိရင် ဆွဲခေါ်ထားလိုက်တော့၊ တစ်လစာဟောစာတမ်းတွေ အကြွေတစ်ရာ ငွေတစ်ရာတည်းနော်'

ဖိုးကွန်း ကြော်ငြာပြီးသည်နှင့် စည်သူတစ်လှည့်အော်ပြန်သည်။

'၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲ အာရှဇုန် ဒုတိယအဆင့်ပွဲစဉ်တွေအထိ မြန်မာအသင်းတက်သွားပြီနော်၊ မယုံမရှိနဲ့ ပွဲဦးထွက်မှာ အိုမန်အသင်းနဲ့ တွေ့ပြီဆိုပဲ'

'သောကြာသားတွေ အောက်ဟာစား အဲလေ အောက်မှာပြားနေတဲ့ ဘဝက ကျွတ်တော့မှာနော်၊ ငါးပါးသီလထိန်းပြီး သောကြာနံဘုရားမှာ မာလကာသီးလှူရုံနဲ့ လာဘ်တွေပွင့်ထွက်လာလိမ့်မယ်၊ ကွန်ပျူတာ ဆရာ ဇော်ခင်ရဲ့ သိပ္ပံနည်းကျ ဟောစာတမ်းတွေ ဟောစာတမ်း ရမယ်'

တွဲပေါ်တွင် စည်သူတို့ချည်းပဲ မဟုတ်။

'ပရုပ်လုံးတွေ တစ်ရာဖိုးရှစ်လုံး၊ ဂတ်စ်မီးခြစ်ပါတယ်၊ ဘောပင်ပါတယ်၊ ရှုဆေးထောင့်ပါတယ်၊ ပိုက်ဆံဖာတဲ့တိပ်ပါတယ်၊ ဘာယူကြဦးမလဲ'

အသံတွေစုံသလို လူလည်းစုံ၏။ ပရိယေသနအတွက် အဆင်ပြေရာကို ရွေးချယ်ရောင်းချနေကြသည်။ တစ်ဘူတာ ရပ်တိုင်း တိုးဝှေ့ဆင်းကာ တွဲပြောင်းပြီး မနားတမ်းအော်ဟစ်ရောင်းချကြရသည်။

'စီးကရက် ကွမ်းယာ'

'ကြက်ဥပြုတ် ငုံးဥပြုတ် ပူပူလေး'


www.burmeseclassic.com

www.burmeseclassic.com



'ဆေးစားဖို့ မမေ့နဲ့၊ အကြောတက်ညောင်းကိုက် ဆီးချုပ် ဝမ်းချုပ်တာတွေ ညအိပ်ရာဝင်မှာ သောက်၊ မနက်ကျတော့ပျောက်'

ခရီးသည်တွေတော့ စိတ်အနှောင့်အယှက်ဖြစ်မှာ နားညည်းမှာဖြစ်သည်။ သို့သော် မတတ်နိုင်။ ငွေအရင်းမရှိ၍ ဆိုင်မငှားနိုင်။ အဖိုးတန်ပစ္စည်းမရောင်းနိုင်သူများအတွက်တော့ မြို့ပတ်ရထားက အရောင်းပွဲတော်ဈေးဆိုင်တန်းကြီးပင်ဖြစ်၏။

ကံတော့ဘူတာအရောက်တွင် အလွှမ်းပြေ လှမ်းမျှော်ကြည့်မိသေး၏။ အရောက်သွားပြီး လူလုံးပြဖို့တော့ မဝံ့ရဲသေး။ တွဲပြောင်းဖို့ ရထားပေါ်မှ အဆင်း ဖိုးကွန်းက လှမ်းဆွဲပြီး သူ့ဟောစာတမ်းများအတင်းထိုးပေးနေ၏။

'ဘာလဲ၊ ဘာလုပ်ရမှာလဲ'

'ကံတော့မှာ သန့်စင်ခန်းရှိတယ်၊ အရေးပေါ်ကိစ္စဖြေရှင်းမလို့၊ ပုဇွန်တောင်ကစောင့် စည်သူ'

အမောတကော ပြောရင်း ဖင်ပိတ်ပြေးသွားသည့် ဖိုးကွန်းကိုကြည့်ရင်း စည်သူ ရယ်မိ၏။ မြို့ပတ်လမ်းကြောတွင် တံတားလေး၊ ကံတော့ မလွှကုန်းနှင့် ပုဇွန်တောင်တို့တွင်သာ အများသုံး သန့်စင်ခန်းရှိသည်။ ရထားနှင့်မကင်းကြသူတိုင်း ထိုဘူတာများတွင် အရေးပေါ်ကိစ္စဖြေရှင်းကြရ၏။

စည်သူ ဂျာနယ်နှင့် ဟောစာတမ်းများကိုပါ မနိုင်မနင်း သယ်ရင်း တွဲပြောင်းခဲ့သည်။ ဘယ်ဟာကို အော်ရောင်းရမှန်းပင် မသိတော့။

'အင်္ဂါသား ဘောသမားတွေ ဒီနှစ်ထဲ ကံကောင်းမယ်တဲ့၊ ဂိုးသွင်းဘုရင့်ဆု ရွှေဖိနပ်ဆုတွေ စိတ်ကူးယဉ်နိုင်ပြီတဲ့ခင်ဗျ၊ အားကစားဇေဒင်ဂျာနယ်တွေရမယ်'

စိတ်ပေါက်ပေါက်နှင့် နှစ်မျိုးပေါင်း အော်ပစ်လိုက်၏။ ဒါတောင် ဟောစာတမ်းနှစ်စောင်နှင့် ဂျာနယ်တစ်စောင် ရောင်းရသေး၏။

တာမွေတွင် တွဲပြောင်းပြီး ရောင်းတော့ ကောင်မလေးတစ်ယောက်က ဟောစာတမ်း လှမ်းခေါ်ကာ ဝယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကြာသပတေး ဟောစာတမ်း တစ်စောင်လောက်'

'ဟုတ်ကဲ့… ရမယ်၊ ရမယ်'

စည်သူ ဟောစာတမ်းအထပ်ထဲမှ ကြာသပတေးကို ရွေးထုတ်ပေးလိုက်၏။ ပိုက်ဆံပေးတော့ တစ်ထောင်တန်…

'အစ်မရယ် တစ်ရာတည်းပါ၊ အကြွေလေးပေးပါလား'

'မပါလို့'

'အမ်းစရာမရှိဘူး၊ အစ်မ ဂျာနယ်တစ်စောင်လောက် ထပ်ဝယ်လိုက်ပါလား'

'အို… မလိုချင်ပါဘူး'

'ကဲ… ဒါဆိုလည်း ကြုံမှသာပေးပါတော့ မမကြာသပတေးရယ်'

စည်သူ ထိုသို့ပြောပြီး ထောင်တန်ပြန်ပေးလိုက်တော့ ခိုးခိုးခစ်ခစ်ရယ်သံတွေ ထွက်လာ၏။ ဟောစာတမ်းလိုချင်တာကနည်းနည်း အကြွေအမ်း ချင်တာကများများမို့ ငွေတစ်ရာအရင်းထဲက ပါသွား၏။

'ဂျာနယ်တွေ ရမယ်၊ သတင်းစာတွေရမယ်၊ ဟောစာတမ်းတွေရမယ်'

လူတစ်ယောက်က စည်သူ့ကိုလှမ်းခေါ်ပြီး…

'ငါ့ညီ မင်း ဗေဒင်ဟောခန်းကောဖွင့်သလား'

'ဗျာ… အဟဲ မဖွင့်ပါဘူးဗျာ၊ တစ်နေကုန် လိုက်ရောင်းနေရတာနဲ့ပဲ မအားလို့ပါ'

'အေးကွာ၊ တစ်နှစ်စာ ဟောစာတမ်းနဲ့ ယတြာကောင်းကောင်းလိုချင်လို့'

'ဟောပေးချင်ပါတယ်ဗျာ၊ ကျွန်တော် မအားလို့ပါ ဆောရီးနော်'

မြန်မြန်ပြော မြန်မြန်လစ်ထွက်လာရ၏။ ဖိုးကွန်းပေးသော ဒုက္ခတွေက မနည်း။ ဆံထုံးလည်းစိုက် ဆီလည်းစိုက်ဖြစ်နေပြီ။ မြန်မြန်ပုဇွန်တောင်ဘူတာရောက်ဖို့သာ ဆုတောင်းရတော့၏။

နောက်တွဲများမှာ ဟောစာတမ်းကို မရောင်းတော့ဘဲ သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဂျာနယ်ကိုသာ ရောင်း၏။ ကိုယ်ကျွမ်းကျင်တာ ကိုယ်လုပ်တာက အကောင်းဆုံးဖြစ်သည်လေ။ မကြာခင် ပုစွန်တောင်ဘူတာသို့ရောက်၏။ ရထားပေါ်မှ ဆင်းပြီး ခရီးသည်နားနေရန် ပြုလုပ်ထားသည့် အုတ်ခုံတန်းတွင် ထိုင်နားသည်။ လူက ပုစွန်တောင်မှာရှိသော်လည်း စိတ်က မင်္ဂလာဒုံ ရထားစီး၍ ကဲဘဲ့ပြန်ရောက်သွား၏။

ထိုအခါ နွဲ့ယဉ်ကို သတိရမိသည်။ စည်သူ နွဲ့ယဉ်ကို အမှန်တကယ် ချစ်နေတာဖြစ်၏။ သို့သော်လည်း အဖြေမပေးခင် စိတ်ကောက်သွားသည့် ချစ်သူကို ဘယ်လိုချော့ရမှန်းမသိသဖြင့် ညစ်နေရသည်။

ထိုချော့နည်းကို ရည်းစားလက်ရှိလူများပင် သိလိမ့်မည်မထင်။ သို့ဖြစ်၍ ရည်းစားမဖြစ်သေးသော စည်သူနှင့်နွဲ့ယဉ်တို့ကြားမှ အဖုအထစ်များ ပြေလည်သွားအောင် ရည်းစားလည်းမထားဘူး။ ယောကျ်ားလည်း မရဘူးသည့် အပျိုကြီးဒေါ်လေး၏ အခါပေးမှုကိုသာ စောင့်စားနေရတော့၏။

ပုစွန်တောင်တွင် ရထားပြောင်းစီးမည့် ဈေးသည်အတော်များများ ဆင်းနေခဲ့ကြသည်။ ထိုအထဲ ဦးသိက္ခာလည်းပါ၏။ စည်သူ့ကိုမြင်တော့ အနားလာထိုင်သည်။

'ခြေထောက်သက်သာသွားပြီလား ဦးလေး'

'အေး... ကောင်းသွားပါပြီကွာ၊ အဲဒါ မင်းရဲ့ကျေးဇူးတွေပါ'

'လာပြန်ပြီ ဦးလေးရာ စာမဖွဲ့လောက်တာတွေကို'

'ဘယ်ဟုတ်မလဲ မင်းကို တစ်ခုခုပြန်ပေးချင်တယ်၊ တစ်လုပ်စားဖူး သူ့ကျေးဇူးဆဲ့'

'အဲဒါဆို ဘာကျေးဇူးမှ မရှိတော့ဘူးပေါ့၊ ဦးလေး စားခဲ့တာ တစ်လုပ်ထဲမှမဟုတ်တာ၊ ဆီချက်လည်းတစ်ပွဲလုံး၊ မုန့်ဟင်းခါးလည်း တစ်ထုပ်လုံး'

'ဟဲ... ဟဲ... ဟဲ... မနောက်ပါနဲ့ကွာ၊ ငါ တကယ်ပြောနေတာ၊ မင်းဘဝအတွက် ဒီလိုပဲ ဂျာနယ်ရောင်းနေတော့မှာလား'

'ဒါပဲ တတ်တာလေ ဦးလေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'အရင်းအနှီး နည်းနည်းပါးပါးရှိရင် ဆေးဖော်ပြီး ရောင်းပါလား၊ ...ဗျာဆေးနည်းကောင်းတွေ အများကြီးရယ် ဆေးက နာမည်ရရင် တစ်သက် ...းစားရောပဲ'

'ဦးလေး ဈေးကွက်ကို ဘာလို့လုရမှာလဲ'

'မဆိုင်ပါဘူးကွာ၊ ပင်လယ်ရေပဲဟာ'

'ဦးလေးဟာ ဦးလေးလုပ်ပေါ့'

'အရင်းအနှီးမရှိဘူး၊ ပြီးတော့ ငါက အသက်ကြီးပြီကွ'

'ဟုတ်ပြီလေ၊ ကျွန်တော် အဲဒီကိစ္စ ခေါင်းထဲထည့်ထားလိုက် ...မယ်၊ အရင်းအနှီးစုမယ်၊ အိုကေရင် ဆက်သွယ်မယ်'

'ကောင်းတယ်ကွာ၊ ကြိုးစား မင်းအတွက် ငါပြန်ပေးနိုင်တာ ...ဒါပဲ၊ လူတိုင်းကို ငါမပေးဘူးနော်၊ မင်းက ပညာတတ်၊ စိတ်ကောင်း ...လုံးကောင်းလည်းရှိလို့ သိရဲ့လား'

'ကျွန်တော် သဘောပေါက်ပါတယ်ဗျာ'

မင်္ဂလာဒုံဘက် ရထားတစ်စီးဆိုက်လာပြန်၏။ တွဲတစ်တွဲပေါ်မှ ...များဖိုးကွန်းဆင်းလာသည်။ မျက်နှာက ရှုံ့တွလျက်၊ စည်သူက ဖိုးကွန်း ...အား ဟောစာတမ်းအထပ်လိုက်နှင့် ငွေငါးရာပေးလိုက်သည်။

'ကျေးဇူးပဲ စည်သူ၊ ဟူး… မောလိုက်တာ'

'ဘာဖြစ်လဲ၊ ပန်းနာထပြန်ပြီလား'

'ပန်းနာမထဘူး ဦးသိက္ခာရေ ပါတော်မူနေတာ'

'ဩော်… ရော့… ရော့… ဒီဆေးကို ကွမ်းသီးလုံးလောက် ...ရေနွေးနဲ့သောက်လိုက်ပါ၊ သီပေါကိုယ်တော်ကြီးရယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ဒီမနက်တင် သုံးခါရှိပြီဗျ၊ ရထားပေါ်ရောက်မှ ...မ်းထဲက ရစ်လာလို့ ခုန်ဆင်းပြီး လမ်းဘေးမှာ တစ်ခါသွားခဲ့ရသေးတာ'

ဖိုးကွန်း ဆေးသောက်ရန် လက်ဖက်ရည်ဆိုင်သို့ ထွက်သွား၏။

'အိမ်မှာ ဆေးကျမ်းတွေရှိတယ်၊ နည်းနည်းချင်းယူဖတ်ကြည့်၊ ...နားလည်ပြီးလုပ်တော့ ပိုပြီးအောင်မြင်လွယ်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့··· ကျွန်တော် လာခဲ့မယ်'

ဘူတာကြီးဘက်မှ မင်္ဂလာဒုံ ပြန်တက်မည့် ရထားရောက်လာ စည်သူနှင့် ဦးသိက္ခာတက်လိုက်သွားခဲ့၏။ အချစ်ရေးကလည်း မရေမ စီးပွားရေးကလည်း မသေမချာနှင့်မို့ လတ်တလော သေချာနေသေးသ ဂျာနယ်ရောင်းခြင်းကိုသာ လုံ့လစိုက်နေရလေတော့၏။

□ □ □

နံနက်ခင်းသည် ဖက်ရှင်စင်တာ အလှပြမှန်ခန်းထဲမှ အဝတ်အ ခဏာခဏာလဲသည့် မော်ဒယ်အရုပ်မကဲ့သို့ လှပနေ၏။ စည်သူ သိ အကောင်းမြင်လွန်းနေသည်လားမသိ။ ဘူတာတွင် ရောင်းချနေသည့် မ လက်ကောက်ကွင်းနှင့် မုန့်ကြိုးလိမ်များသည်ပင် ဂျေဒိုးနတ်မုန့်ကဲ့သို့ လ ဆန်းသစ်နေကြ၏။

မြင်မြင်သမျှသော နွမ်းနွမ်းဖတ်ဖတ်ဈေးသည် အပေါင်းမှာလည် စည်သူ့အမြင်တွင် အကယ်ဒမီပွဲမှ ဗန်းကိုင်မင်္ဂလာသမီးလေးများကဲ့သို့ ဖြစ် ကြသည်။ အမြင်မှားတာတော့ မဟုတ်။ ဖျော်လင့်ချက်ကြောင့် အားတ ပြီး အားလုံးကို သူ့ကိုလန်းနေစေချင်တာပဲဖြစ်၏။

စည်သူ ရေလည်လန်းနေသည်။ လန်းမှာပေါ့။ သေလုမျောပါးဖြ နေသော သူ့နှလုံးသားအတွက် မိုရီရာမင်း (အသက်ကယ်ဆေး) ရောက်လ ပြီလေ။ မနေ့ညက ဒေါ်လေး သူ့ဆီဖုန်းဆက်သည်။ မနက်ဖြန် နွ ဈေးဝယ်ထွက်လိမ့်မည်တဲ့။ ကံဘဲ့မှ ဆယ်နာရီဆယ့်ငါးရထားနှင့် လိုက် ရှိကြောင်း သတင်းအစုံအလင်ကို ကြေငြာသွားခဲ့သည်။ တစ်ညလုံး အိပ်မရ။ မျက်ထားတော်ညှိနေသည့် ချစ်ရသူကို ချော့ဖို့ ဘယ်လိုနည်းလ သုံးရပါ့မလဲ စဉ်းစားရင်းနှင့် မျက်လုံးကြောင်နေခဲ့၏။

တစ်နာရီလောက်မှ မှေးခနဲအိပ်ပျော်သွား၏။ အပေါ့သွားချင် တစ်ရေးနိုးတော့ အကြံပေါ်သည်။ ထိုအကြံကို ခြစ်ကုတ်စုဆောင်းထားသ ငွေခြောက်သောင်းနှင့် ဒီမနက်ပဲ အကောင်အထည်ဖော်ခဲ့၏။ ချစ်သူစိ



www.burmeseclassic.com

www.burmeseclassic.com



ဘောက်ပြေရေးလုပ်ငန်းစဉ်အတွက် လက်နက်အပြည့်အစုံနှင့် တိုက်ပွဲဆီ ချီတက်ခဲ့ရသည်မို့ သူမာန်ဝင့်နေခြင်းဖြစ်သည်။ တံတားလေးမှ ရုံးချိန်နောက် ဆုံးရထားနှင့် သူလိုက်လာခဲ့သည်။

ကံဘဲ့ဘူတာတွင်း လက်ဖက်ရည်ဆိုင်မှ အသာချောင်းရ၏။ လက် ဖက်ရည်တစ်ခွက် ကော်ဖီမစ်တစ်ခွက် ရေနွေးတစ်အိုးသောက်ပြီး ဘူတာ သန့်စင်ခန်းထဲ နှစ်ကြိမ်ဝင်ပြီးမှ ဘူတာထဲ ဝင်လာသည့် လှတပတ နွဲ့ယဉ် ကို တွေ့ရသည်။

ဘူတာနားနေသူပီပီ ဖယားကိုက်ရောက်လာခြင်းဖြစ်၏။ နွဲ့ယဉ် ရောက်လာပြီး မိနစ်ပိုင်းအတွင်းမှာပင် ရထားဝင်လာသည်။ ရထားဆီ အာရုံရောက်နေသဖြင့် နွဲ့ယဉ်က သူ့ကိုမမြင်။ နွဲ့ယဉ်တက်လာသည့် တွဲ ပေါ်သို့ ရထားထွက်မှ သူပြေးတက်လိုက်၏။

ရထားအရှိန် တော်တော်ရမှ စည်သူ တွဲထဲဝင်လာခဲ့သည်။ နွဲ့ယဉ် ပြတင်းမှငေးရင်း ထိုင်နေသည်။ သူ့အနီးတွင် လူသုံးယောက်စာလောက် နေရာလွတ်ရှိ၏။ စည်သူ ခပ်သွက်သွက်လျှောက်ပြီး ဝင်ထိုင်လိုက်၏။

ခရီးသည်တစ်ယောက်အထင်နှင့် မသိမသာ လှည့်ကြည့်အကဲခတ် သည်။ စည်သူမှန်းသိတော့ နွဲ့ယဉ် ဟန်ချက်ပျက်ပြီး မျက်လုံးပြူးသွား၏။ စည်သူ သွားဖြီးပြီး ပြုံးပြလိုက်သည်။ နွဲ့ယဉ်က နှုတ်ခမ်းစူကာ မျက်စောင်း ထိုး၏။ ဒီတစ်ခါတော့ စည်သူအသံထွက်အောင် ရယ်ပြလိုက်သည်။ မျှတန်၏ နိယာမမှားသွား၏။ သက်ရောက်အားတူညီသည့် တုံ့ပြန်အပြုံးကို သူမရခဲ့ပါ။

ထိုအစား နွဲ့ယဉ်က တစ်တွဲလုံးကို မျက်စိကစား၍ နေရာလွတ်ရှိ သည့်တွဲခြမ်းဘက်ကို ပြောင်းထိုင်ခြင်းဖြင့် တုံ့ပြန်သည်။ တွဲပေါ်ကလူတွေ သတိမထားမိသော်လည်း စည်သူ ရှက်သွားသည်။

သို့သော် ကိုယ့်အဆင်က မလှ။ အောက်ပြုတ်နှင့်လိုက်ရမည့်ပွဲဖြစ် သည်းခံရသည်။ ဘောက်ထော်ရောက်ခါနီးတွင် စည်သူ ထိုင်ရာမှ ထပြီး အတက်အဆင်းပေါက်ဝတွင် ရပ်နေလိုက်၏။ ဘောက်ထော်မှ ပြန်ထွက်သည့်



www.burmeseclassic.com

www.burmeseclassic.com



အခါကျမှ ခုမှတက်လာသည့် ခရီးသည်လိုလို အိုက်တင်နှင့် နွဲ့ယဉ်အား ဝင်ထိုင်လိုက်ပြန်သည်။

နွဲ့ယဉ်က စောင့်ကြည့်နေသူမို့ စည်သူ လုပ်သမျှ အကုန်မြင်၏။ စည်သူက ခပ်တည်တည်နှင့် ခါးကြားထိုးလာသည့် သတင်းစာကိုဖတ်ချင် ယောင်ဆောင်နေလိုက်သည်။ နွဲ့ယဉ် ရယ်သည်။ စည်သူ အားတက်လာ၏။ စောင်းငဲ့ကြည့်တော့ ပြုံးယောင်ယောင်မျက်နှာကို တွေ့ရသည်။ သူ မနေနိုင် တော့။

'ဘယ်လဲ နွဲ့ယဉ်'

'ဈေးကို၊ နင် ဈေးမရောင်းဘူးလား'

'ရောင်းပါတယ်၊ နင့်ကိုတွေ့လို့ ဂျာနယ်တွေ သူများဆီ အပ်ပြီး ထွက်လာတာ'

ဒေါ်လေး သတင်းပေးကြောင်း နွဲ့ယဉ်သိလို့မဖြစ်သဖြင့် ကြံဖန် ပြီး လိမ်ပြောရ၏။

'ဘာလို့ အလုပ်ပျက်ခံရတာလဲ'

'နင်ကျေနပ်အောင် တောင်းပန်ချင်လို့ပေါ့ဟာ'

'တော်ပါ'

ဒီလောက်ဆို အခြေအနေမဆိုးပါ စည်သူ ယူဆပြီး အားတက်သွား ၏။

'ငါလေ ငါ့လုပ်ခဲ့တာ ပြန်တွေးပြီး တော်တော်စိတ်မကောင်းဖြစ် နေတာ'

နွဲ့ယဉ် ဘာမှပြန်မပြော။

'ကျော်ဇင် လာသေးလားဟင်'

'ဟင့်အင်း'

'တစ်ယောက်တော့ လက်လျှော့သွားပြီပေါ့'

'နင်ကတော့ မလျှော့သေးဘူးဆိုတဲ့သဘောပေါ့'

'အင်း… ငါက နင့်ကို အမြတ်တနိုးတန်ဖိုးထားပြီး ချစ်ခဲ့တာလေ'



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ယဉ်က လူကြားမှာစိုးဟန်နှင့် ဘေးဘီသို့ မလုံမလဲ ကြည့်၏။

'စည်သူရယ် နင်ဘယ်လိုဖြစ်နေတာလဲ၊ ရထားပေါ်မှာလေ'

'နင်ကလွဲရင် ဘာကိုမှ ငါ ဂရုမစိုက်ဘူး နွဲ့ယဉ်'

စည်သူက ပွဲသိမ်းလက်နက်ကြီးကို ထုတ်ယူပြီး နွဲ့ယဉ်လက်ထဲ ထည့်ပေးလိုက်၏။

'ဒါဘာလဲ'

'ဖွင့်ကြည့်လိုက်ပါ နွဲ့ယဉ်'

ကိုရီးယားကားထဲကလို မသားနားသော်လည်း ထိုကော်ဘူးနီလေး ကို နွဲ့ယဉ် ဖွင့်ကြည့်၏။ ရွှေလက်စွပ်လှလှလေးတစ်ကွင်းကို နွဲ့ယဉ် တွေ့သွားသည်။

'ဒါက...'

'နင့်ကို ငါလက်ထပ်ခွင့်တောင်းတာလေ၊ ငါ့အချစ်ကို လက်ခံပေး ပါ နွဲ့ယဉ်ရယ်'

သူတို့တိုးတိုးလေသံနှင့် ပြောနေကြခြင်းဖြစ်၏။ နွဲ့ယဉ်က လက်စွပ် ဘူးလေးကို ပြန်ပိတ်လိုက်သည်။

'ငါ လက်မခံပါရစေနဲ့ စည်သူ'

'ဟင်'

စည်သူ မျက်နှာပျက်သွား၏။ ရေးတေးတေးမျှော်လင့်ချက် လေး ဝေဝါးသွားရပြန်သည်။ သူ့လက်ထဲ လက်စွပ်ဘူးလေး ပြန်ရောက် လာ၏။

'နွဲ့ယဉ်ရယ်'

'ငါ စဉ်းစားပါရစေဦး စည်သူ'

စဉ်းစားပါရစေဦးဆိုတာက Yes or No ဘာမဆိုဖြစ်သွားနိုင်သည်။ သူ့ကို ယတိပြတ်ငြင်းတာမဟုတ်ဘူးပေါ့။ ပြည်ဖုံးကားချလိုက်တာ မဟုတ် ၍ စည်သူ မျှော်လင့်ချက်တို့ ပြန်လည်ရှင်သန်နိုးထလာ၏။ ဒီလိုမျိုး မြို့ပတ်ရထားပေါ်မှ လက်စွပ်ပေးပြီး လက်ထပ်ခွင့်တောင်းတာမျိုး ရှိလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု သူမထင်။ သို့သော် နွဲ့ယဉ် ဘာကြောင့်ငြင်းမှန်းမသိ။ ဖြစ်နိုင်တာက နွဲ့ယဉ်မှုနေတာပဲဟု တွေးမိ၏။

'အေးလေ မိန်းကလေးပဲ ခုချော့ ခုလိုက်လျှော့ပါ့မလား၊ ထပ်ကြိုးစားရဦးမှာပေါ့'

'ကောင်းပါပြီ နွဲ့ယဉ် နှင့် စဉ်းစားလို့အဖြေရတဲ့အထိ ငါစောင့်ပါ့မယ်၊ ဒီကြားထဲမှာ တို့တွေက သူငယ်ချင်းတွေပေါ့နော်'

'ဒါက အရင်အတိုင်းပဲလေ ရပါတယ်'

ဒီနေ့အဖို့ သူက နွဲ့ယဉ်၏ ကိုယ်ရံတော်ဖြစ်ခွင့်ရလျှင်တော်ပြီဟု သာ သဘောထားလိုက်၏။ ထိုနေ့က နွဲ့ယဉ်ဈေးဝယ်ရာ မင်္ဂလာဈေးနှင့် ယုဇနပလာဇာတွင် သူတို့နှစ်ယောက် ခြေရာချင်းထပ်ခဲ့ကြသည်။ ဖိုင်နယ် မဖြေခင်တုန်းကလိုပင် ခင်မင်ရင်းနှီးသော သူငယ်ချင်းဘဝကို ပြန်ရခဲ့ကြ၏။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

နွဲ့ယဉ်ထံမှ သူငယ်ချင်းအဖြစ် ဆက်ဆံခွင့်လိုင်စင်ကို ပြန်ရပြီးနောက် စည်သူ တက်တက်ကြွကြွပြန်ဖြစ်လာသည်။ နွဲ့ယဉ်သာ ခေါင်းညိတ်လိုက်လျှင် သူ အိမ်ထောင်သည်ဘဝကို ရနိုင်ခွင့်ရှိသေး၏။ ထို့အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ဖို့ စဉ်းစားရသည်။ ဦးသိက္ခာပြောသည့်ကိစ္စက ဖြစ်နိုင်ခြေရှိ၏။

သို့နှင့် စည်သူ ဦးသိက္ခာထံမှ ဆေးကျမ်းစာအုပ်နှစ်အုပ် ငှားလာပြီး အေးအေးဆေးဆေးဖတ်ကြည့်မိသည်။ အသေအချာလေ့လာတော့လည်း တိုင်းရင်းဆေးက စိတ်ဝင်စားစရာကောင်းနေသည်။

ရောဂါရှာဖွေပုံ ရောဂါအမည်တပ်ပုံ သင့်သည့်ဆေးရွေးချယ်ပေးပုံ၊ ပေးသည့်ဆေးဖော်စပ်ပုံနှင့် ပါဝင်သော ဆေးအမယ်များ စနစ်တကျ ပြုစုထားတာတွေ့ရ၏။ ဖော်စပ်ရာတွင် အချိန်အတွယ် တိကျသလောက် ဆေးပေးသည့် အခါမှာတော့ အားနည်းချက်အနည်းငယ် ရှိနေသည်။ ရွေးစေ့ခန့်၊ မန်ကျည်းစေ့ခန့်၊ ကွမ်းသီးလုံးခန့် စသည်တို့ပင်ဖြစ်သည်။

ယခုနောက်ပိုင်းတွင်တော့ ဆေးပြားရိုက်သည့် စက်များပေါ်လာသဖြင့် တက်ဘလက်ပုံစံ ကက်ပဆူးပုံစံ မြန်မာဆေးအများအပြားပေါ်ထွက်လာပြီဖြစ်သည်။ အရင်ကထက်စာလျှင် ဆေးအချိန်အတွယ်လည်း တိကျမှန်ကန်လာပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ညစာကို အဖေနှင့်အတူ စားတော့ အဖေက တို့ကနန်းဆိတ်ဏ နန်းဖြစ်နေသည်။ ဒါကိုသတိပြုမိ၍…

'အဖေ ထမင်းမစားချင်ဘူးလား၊ နေမကောင်းလို့လား'

'နေကောင်းပါတယ်၊ စားမကောင်းတာ'

'စားကောင်းမလား အဖေရယ်၊ ဖြစ်သလို ကြုံသလို ဝယ်စားနေရတဲ့ဟာ၊ တရုတ်ဆိုင်က အကြော်အလှော်စားမလား သား သွားဝယ်ပေးမယ်'

'နေပါစေကွာ၊ တစ်နေ့ ကိစ္စမှ မဟုတ်တာ၊ ဘယ်ခံနိုင်မှာလဲ၊ အသက်ကြီးလာတော့ အရည်သောက်ဟင်းလေး အသီးအရွက်ကြော်လေး၊ မန်ကျည်းရွက်သုပ်လေး ငပိထောင်းလေးတွေ တောင့်တမိတယ် သား'

အဖေ့ဆန္ဒနှင့်ချဉ်ခြင်းကို ဖြည့်ဆည်းမပေးနိုင်သဖြင့် စည်သူ စိတ်မသက်မသာဖြစ်ရ၏။ အဖေက အိမ်ထမင်း အိမ်ဟင်း ကောင်းကောင်းကို စားချင်နေတာဖြစ်သည်။ ဒါမျိုးက အိမ်ရှင်မရှိမှ ရနိုင်တာမျိုးဖြစ်နေ၏။ စိတ်တိုင်းမကျတာတွေ ပြေပျောက်သွားအောင် ရယ်စရာပြောပေးလိုက်၏။

'အဟင်း… အဖေ့ချဉ်ခြင်းတွေ ပြေပျောက်ဖို့က မလွယ်ဘူး၊ အဖေဖြစ်ဖြစ် သားဖြစ်ဖြစ် မိန်းမယူမှပဲ ဆင်ပြေမှာ'

'ဘာကွ'

'ဟုတ်တယ်လေ၊ သားကတော့ ရည်းစားတောင်မရှိသေးတော့ အတွေ့အကြုံရှိတဲ့ အဖေပဲ၊ ဒီကိစ္စကို ဖြေရှင်းမှရမှာ'

'မအေပေး'

'အဟင်း… ပေးစရာ အမေ မရှိတော့လို့ ခုလိုဖြစ်နေတာလေ အဖေရဲ့၊ လုပ်ဗျာ သားလည်း ထမင်းဟင်းကောင်းကောင်းစားချင်တယ်၊ ရယ်ဒီမိတ်မုဆိုးမဖြစ်ဖြစ် တစ်ခုလပ်ဖြစ်ဖြစ် ဆွဲစေ့လိုက်ဗျာ၊ နော်… အဖေ'

'အောင်မာ ဟော့ကောင်၊ မင်းက ငါ့ကို မုဆိုးမတွေ တစ်ခုလပ်တွေ ရနိုင်တော့တဲ့ သူလို့ပြောချင်တာလား၊ ငါ လှုပ်ရှားလိုက်ရင် မင်းတက်ငယ်တဲ့ ငါ့မိန်းမကို မင်းက အမေလို့ခေါ်နေရမယ်နော်'


www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ပေါ်ပြီ၊ ပေါ်ပြီ၊ အဖေက ကြိတ်ကြံနေတာကိုး၊ သားဆီက ပါမစ်ရတာနဲ့ ခေါ်လာတော့မယ်ပေါ့၊ ဟုတ်လား'

'ဟော့… ဟော့… စကားနောက်တရားပါ ပြောမနေနဲ့၊ သဘောပြောတာ'

'အဖေ ယူချင်ရင်ယူပါ၊ သားခွင့်ပြုပါတယ်၊ တစ်ခုတော့ရှိတာပေါ့၊ ဟင်းချက်ကောင်းရမယ်နော်၊ အဲဒါလိုရင်းပဲ'

'တော်စမ်းပါကွာ၊ ဒီအသက်ဒီအရွယ်ရောက်မှ မိုက်တွင်းနက်နေရဦးမလား၊ ငယ်တုန်းက မီးမှန်းမသိလို့ ဝင်တိုးခဲ့တာ'

'ဟင်… ဒါဆို သားကိုလည်း ပိုးဖလံမဖြစ်စေချင်ဘူးပေါ့ ဟုတ်လား'

'ဖြစ်နိုင်မယ်ဆိုရင်ပေါ့ကွာ၊ အတင်းအကြပ်တော့ မပြောပါဘူး'

'အဲဒီလိုတော့ မရက်စက်ပါနဲ့အဖေ၊ ပူတဲ့အရသာကိုသိဖို့ မီးနဲ့အစားကြည့်ချင်သေးတာပေါ့၊ အဖေလည်း ကစားခဲ့တာပဲဟာ'

'ဒုက္ခတွေ များလွန်းလို့ပါကွာ'

'ဒါဆို သား ဘာလုပ်ရမှာလဲ'

'တို့သားအဖ ဘုန်းကြီးဝတ်လိုက်မယ်ကွာ၊ ဒါဆို ဟင်းထမင်းကိစ္စလည်း အဆင်ပြေပြီပေါ့'

'ဟား… ဟား… ဟား… မဖြစ်ဘူး အဖေ၊ အဖေ့ဘာသာစာတ်ချင်ဝတ် သားကတော့ အားလုံးအဆင်ပြေအောင် ထမင်းဆိုင်ဖွင့်ထားတဲ့မိန်းမကို ရှာယူမှာ'

'ဟား… ဟား… ဟား… ကောင်းတယ်၊ မင်းအမြင်ကျယ်လာပြီ'

ရယ်ရယ်မောမော ပြောရင်း စားလိုက်ကြတော့လည်း ထမင်းစားမကောင်းသည့်ပြဿနာကို အလွယ်တကူ ကျော်ဖြတ်နိုင်ခဲ့ကြ၏။ သို့သော် ဒီလိုရယ်စရာတွေပြောရင်း ဘယ်လောက်ကြာကြာ ဆက်စားနေနိုင်ဦးမလဲဆိုတာက မသေချာသည့်ကိစ္စ ဖြစ်နေသည်။ သူတို့သားအဖ အတီး



www.burmeseclassic.com

www.burmeseclassic.com



ကျန်မှုကို ငြီးငွေ့နေပြီဖြစ်သလို အဆင်မပြေခြင်းကိုလည်း စိတ်ကုန်နေ ကြပြီဖြစ်သည်။

□ □ □

ထို့နောက်ပိုင်းတွင် သတင်းထူးနှစ်ခုကြောင့် စည်သူ အတော်ရှုပ် ဆောင်းမိဖြစ်သွားခဲ့၏။ ရထားသမျှ မပျောက်ပျက်ရအောင် ဦးသိက္ခာနှင့် တိုင်ပင်ပြီး ပလပ်စတစ်ဆေးဘူးခွံများ၊ ဆေးပုလင်းပတ်တံဆိပ်များ ကြိုတင် စီစဉ်ရိုက်နှိပ်စေခိုင်းထားလိုက်သည်။

ဆေးနာမည်ကို ဇော်ဂျီဟု အမည်ပေးထားသည်။ အကြောတက် အညောင်းပြေ ဝမ်းပျော့ဆေး၊ သွေးသန့်ဆေးနှင့် အစာကျေလေနိုင်ဆေး သုံးမျိုး စလုပ်မည်ဟု စီစဉ်ထားခဲ့သည်။ စည်သူ့အဖေကလည်း အားပေး ၏။ ဒီတော့ အလုပ်အားသည်နှင့် ဦးသိက္ခာထံသာ စည်သူ ရောက်နေတော့ သည်။

'ဦးလေး ဆေးဆရာလည်း လုပ်ခဲ့တယ်ဆို'

'အေးလကွာ'

'ဆေးကုတုန်းက အတွေ့အကြုံလေးတွေ ဗဟုသုတရအောင် ပြော ပြပါလား'

'အင်း… အမှတ်ရစရာတွေကတော့ အများကြီးပေါ့ကွာ၊ ဒီထဲ မေ့မရနိုင်တာလေးတစ်ခု ပြောပြမယ်'

'ဟုတ်ကဲ့'

'တို့တိုင်းရင်းဆေးမှာ ပဥ္စကမ္မဆိုင်ရာ ရေနွေးစိမ်ကုထုံးဆိုတာ ရှိတယ်ကွ၊ ဒီနည်းကို သွက်ချာပါဒလေငန်းရောဂါ၊ အသားနာ၊ အကြော နာ၊ အဆစ်နာ၊ ဖဝါးတင်းရောင်၊ ခါးအောက်ပိုင်းလေးပြီး ရောင်ရမ်းနေတဲ့ လူနာတွေအတွက် သုံးရတာ သိပ်ထိရောက်တဲ့ ကုနည်းပေါ့'

'ဟုတ်ကဲ့ ပြောပါဦး'

'ဒီကုထုံးမှာ ဆေးလိမ်းခြင်း၊ ဆေးစည်းခြင်း၊ မီးကင်ခြင်း၊ ကြပ်ထုပ်



www.burmeseclassic.com

www.burmeseclassic.com



...ခြင်း၊ ရေနွေးစိမ်ခြင်းဆိုပြီး ခွဲထားသေးတယ်ကွ၊ ဆေးစိမ်ရေနွေးကို ...ကင်းကြီး ၅ ရွက် နနွင်း ၁ ပင်၊ မိဿလင် ၁ ပင်၊ ဆင်ငိုမြက် ၂ ... နွားမြေရင် ၂ ပင်၊ ဖုံးမသိမ် ၁၀ ရွက် ရောနှောပြီး ဆူပွက်လာတဲ့အထိ ...ရတာ'

'ဦးလေး အဲဒီနည်းသုံးပြီး ကုခဲ့တဲ့ လူနာက ဘာရောဂါလဲ'

'လေငန်းဖြတ်ထားတဲ့ လူနာပေါ့'

'ဟုတ်ကဲ့ ပြောပါဦး'

'ရောဂါသိပ်ပြင်းရင် ကျောက်ချဉ် ဒါမှမဟုတ် လက်ချားမှုန့်ပါ ...ည့်ရတယ်၊ ပိုပြီးအစွမ်းထက်သွားတာပေါ့'

'ဟုတ်ကဲ့'

'ဖြစ်ချင်တော့ အဲဒီလူနာကို ကုတဲ့အချိန်မှာ မယ်လမုဘုရားပွဲက ...တာလေ၊ ငါကလည်း ပွဲဆိုကြိုက်သလား မမေးနဲ့ ညတိုင်း မိုးလင်းတာ ...တော့ အိပ်ချင်မူးတူးနဲ့ ဆေးတွေကျိုပေါ့ကွာ၊ ဒါပေမဲ့ ကျိုရင်းတန်းလန်းနဲ့ ... ငိုက်နေတာကွ၊ ဘာတွေလုပ်ပြီးလို့ ပြီးမှန်းလည်း မသိဘူးကွ'

'အင်း… ဇာတ်ရှိန်မြင့်လာပြီ'

'အိပ်ချင်မူးတူး ရူးကြောင်မူးကြောင်နဲ့ လေဖြတ်တဲ့သူရဲ့လက်ကို ...ပြီး ရေနွေးစိမ်ထည့်လိုက်တာပေါ့'

'ဘာတွေဖြစ်ကုန်လဲ ဦးလေး'

'သူတော့မသိဘူး၊ ဆေးရည်နဲ့ထိမိတဲ့ ငါ့လက်ချောင်းထိပ်တွေ ...တော့ နီရဲပြီး အရေခွံပါ လန်သွားတော့တာ'

'မချိမဆန့်ပါပဲလားဗျာ'

'လူနာဆိုတာလည်း အော်လိုက်တာဆိုတာ အသံကိုပြာလို့'

'သနားစရာဗျာ'

'အဲဒါက သူ့အတွက် ပိုကောင်းသွားတာ ငါ့လူ'

'ဘာဖြစ်လို့လဲ'

'အပူဒဏ်က အကြောတွေကို ဆန့်ပေးသလိုဖြစ်သွားတာ အားပါး



www.burmeseclassic.com

www.burmeseclassic.com



တရ အော်လိုက်တဲ့အတွက်လည်း ပါးရွဲ့ပြီး လျှာလိပ်နေတာတွေပါ ကောင်း သွားတာပေါ့'

'အပဟားဟား ကြောင်ကန်း ကြွက်သိုက်နဲ့ တည့်တည့်တိုးသွား တာပေါ့'

'အဟင်း... ဆိုပါတော့ကွာ၊ သူ့ရဲ့ရေရွှေးပူလောင်တဲ့ဒဏ် ကို သေချာကုပေးပြီးတဲ့အချိန်မှာ လေးဖြတ်တာပါ လုံးဝပျောက်သွား တာပေါ့'

'ကံကောင်းလို့ပေါ့ ဦးလေးရယ်'

'ဟဲ... ဟဲ... ဟဲ... ပြောရရင် တစ်ထောင့်နှစ်ညခွဲလော ကြာသွားလိမ့်မယ် ငါ့လူ'

'ဒါနဲ့ အခု ဘာလို့ဆေးမကုတော့တာလဲ' ဟု

ထိုမေးခွန်းကို ဦးသိက္ခာ ချက်ချင်းမဖြေပါ။ အဝေးသို့မျှော်ငေ လိုက် ခေါင်းခါလိုက် မျက်စိမှိတ်ထားလိုက်နှင့် တွေ့ဆိုင်းနေ၏။ အတော် ကြာကြာ စဉ်းစားပြီးမှ သက်ပြင်းတစ်ရှိုက် ရှိုက်လိုက်ရင်း...

'ငါ ကုခဲ့တာ လူနာတစ်ယောက် သေသွားတယ်ကွာ၊ အဲ အမှားကို ငါကိုယ်ငါ ခွင့်မလွှတ်နိုင်လို့ ဆေးကုတာကို စွန့်လွှတ်လိုက်တာ'

စည်သူ အားတုံ့အားနာဖြစ်သွားရ၏။ ဘာစကားဆက်ပြောရမှန်း မသိဖြစ်သွားသည်။ မျက်နှာပူပူနှင့် ဆေးကျမ်းများကို မွှေနှောက်ပြီး ဆေး စာအုပ်တစ်အုပ် ဆွဲယူကာ နှုတ်ဆက်ပြန်ခဲ့တော့၏။

□ □ □

ဝမ်း သမုဒ္ဒရာ အူဂင်္ဂါဟူသော စကားကို ငယ်စဉ်ကတည်းက ကြားဖူးထားခဲ့သည်။ မိခင်၏ ဝမ်းကြာတိုက်မှ ရှန်းထွက်လာနိုင်သည့် အချိန်မှစ၍ ကြောက်ရွံ့ခြင်းအားကိုးရာမဲ့ခြင်း ဆာလောင်ခြင်းတို့ပိစ သဖြင့် အူဝဲဟု ငိုကြွေးကာ အာဟာရကို တောင့်တခဲ့ကြရ၏။

ထိုအချိန်မှစပြီး မသေမချင်း ဂင်္ဂါမြစ်ကဲ့သို့ ရှည်လျား၍ သမုဒ္ဒရာ

www.burmeseclassic.com



...ကျယ်ပြောသည့် အူနှင့်အစာအိမ်အတွင်း ထည့်သွင်းခဲ့ရသော အစား ...စာတန်ချိန် မည်မျှရှိနေပြီနည်း။

သတ္တဝါတိုင်း အနားယူအိပ်စက်ရာမှ နိုးထလာသည်နှင့် ဆာ ...ောင်မှု၏ နှိပ်စက်ခြင်းကို ခံစားရသည်သာဖြစ်သည်။ လူတိုင်း မနက်စော ...၊ နေ့လည်စာနှင့် ညစာဆိုပြီး သုံးနပ်တော့ အနည်းဆုံးစားကြသည်။ ...တော်ကားများ မောင်းနှင်သည့် ခရီးတာဝေးလေ ဆီကုန်လေဆိုသလို ...လည်း ကာယအားပိုစိုက်ရသူက ပိုစားကြ၏။ အခုလည်း စည်သူ့ဗိုက်ထဲ ...၊ ပိုးမျိုးရှစ်ဆယ်တို့၏ ဆန္ဒပြသံက ပွက်လောရိုက်ဆူညံနေခဲ့ပြီ။

ထို့ကြောင့် ဒေါ်လေး၏ ထမင်းဆိုင်သို့ ခပ်သွက်သွက်ဒိုးလာခဲ့၏။

'ဟဲ့… ပေါ်တော်မူ အတော်ပဲ ညဘက် ငါဖုန်းဆက်တော့ ...လို့'

'ဘာလဲ၊ နွံ့ယဉ် ဈေးသွားဦးမှာလား'

'မဟုတ်ဘူး၊ ငါ့အစ်မ ခရီးသွားမှာ၊ အမျိုးတစ်ယောက်ဆုံးလို့'

'ဟင်… ဟုတ်လား၊ ဆုံးသွားတဲ့သူကို အားနာပေမယ့် ကြားရတဲ့ ...သတင်းက မင်္ဂလာ ရှိလိုက်တာဗျာ'

'သေနာ'

'မသေပါရစေနဲ့၊ မနာပါရစေနဲ့ဦးဗျာ၊ မိန်းမယူရဦးမှာ၊ ဟား… ...ဟား… ဟား… ကဲ… လုပ်လုပ် ဘာဟင်းရှိလဲ'

'ငါးပုဏ္ဏားအိုးကပ်၊ ပဲနီလေးဟင်းချို'

'ဝတ်တယ်၊ အဲဒါပဲထည့်၊ အပြတ်ဆွဲမယ်'

ယောက္ခမကြီး နာရေးကိစ္စ ခရီးထွက်မည်ဆိုတော့ အနည်းဆုံး ...လေးငါးရက်လောက် ကြာမည်မလွဲ။ စည်သူ ပွဲတော်ကြီးတွေ့ပြီ။ ထိုရက် ...အတွင်း နွံ့ယဉ်ထံမှ အဖြူအမည်း သဲကွဲအောင် ကြိုးစားရမည်။ လောလော ...ဆယ်တော့ ငါးပုဏ္ဏားနှင့်ပွဲတော်တည်လိုက် ငပိရည်တို့စရာ ပဲဟင်းတို့နှင့် ...ဆွဲလိုက်ရာ လိုက်ပွဲ သုံးပန်းကန်ထပ်ယူရသည်။

အူမရော အူသိမ်ပါတောင့်ပြီး အစာအိမ်ပါတင်းသွားမှ နေ့...ထိုင်



www.burmeseclassic.com

www.burmeseclassic.com



သာ ရှိသွားသည်။ စည်သူ ထမင်းဝတော့ အတွာပြုလာ၏။ အဲ… နွဲ့ယဉ်ကို သတိရလာသည်။

'ဒေါ်လေး နွဲ့ယဉ်တို့အမေ ဘယ်တော့သွားမှာလဲ'

'မနက်ဖြန်ညနေ'

'ဒါဆို မနက်ဖြန်ညကစပြီး ဒီမှာပဲ ပြောင်းနေလိုက်တော့မယ်'

'အဟင်း… ကောင်းတယ်၊ ဒါမှ ငါ့အစ်မလည်း ပြန်လာရော သွေးတက်ပြီး တစ်ခါတည်းအသက်ထွက်ရော'

'ဟား… ဟား… ဟား… အဲဒါ တစ်ယောက်တည်းရှိတဲ့ ယောက္ခမကို ပရိုမိုးရှင်းလုပ်ပေးလိုက်တာလေ၊ ဂျမ့်ပရိုမိုးရှင်းနဲ့ နတ်ပြည် တိုက်ရိုက်ပို့တာပေါ့ ဒေါ်လေးရဲ့'

ဒေါ်လေးနှင့် ဟာသများပြောဆိုပြီး စည်သူ ပြန်လာခဲ့၏။ အိမ်တွင် နားနေလိုက်ရင်း ဆေးကျမ်းများ ဖတ်နေလိုက်သည်။ ဒီတစ်ခါ ဖတ်မိသည်က ဆရာဦးသိန်းလွင်၏ အခြေပြုဒွာဒသိမ်ကျမ်းဖြစ်၏။

ထိုကျမ်းထဲတွင်လည်း ဆေးနည်းအမြောက်အများပါရှိ၏။ အဖြစ်များသော ရောဂါနှင့် ဖော်စပ်ရလွယ်မည့် ဆေးအမယ်များ ရွေးချယ်ကာ ကူးယူမှတ်သားထားလိုက်သည်။ ထိုသို့လုပ်ကိုင်နေရင်း သူ့ကိုယ်သူ တကယ့် ဆေးဆရာကြီးတစ်ယောက်လို ထင်မြင်နေမိတော့သည်။

❐ ❐ ❐

မနက်ကပင် ဦးသိက္ခာနှင့်အတူ ဆေးသုံးမျိုးဖော်စပ်ရန် ဆေးပစ္စည်းများ သွားဝယ်ခဲ့၏။ အားလုံးကို အမှုန့်ကြိတ် စက်ရုံပို့ထားပြီး သူတစ်ယောက်တည်း ကံဘဲ့တွင် ဆင်းနေခဲ့သည်။

သူရောက်လာတာ အချိန်ကိုက်ပဲဖြစ်၏။ နွဲ့ယဉ်လည်း သူ့အမေကို ကားဂိတ်လိုက်ပို့ပြီး ပြန်ရောက်ခါစဖြစ်သည်။

'အဒေါ်သွားပြီပေါ့ ဟုတ်လား နွဲ့ယဉ်'

'အင်း… ဘယ်ကသတင်းရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com


'ဒေါ်လေးဆီက'

'ကြည့်… သူလျှိုလွှတ်ထားတာပေါ့လေ'

'သူလျှိုမဟုတ်ပါဘူး အချစ်ကူမွဏ်လီမိတက်က Adviser ပါ၊ အချစ်ရေးအချစ်ရာ ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ်ကြီးလေ'

'ဟင်း… ဟင်း… ဒီအပျိုကြီးက ဟုတ်လား'

'အထင်မသေးနဲ့ နွဲ့ယဉ် မချစ်ဖူးသေးပေမယ့် မသိဘူးမထင်နဲ့၊ အဂ္ဂုဆန်ကြီးလိုပေါ့၊ ရွှန်းနီလောက် မကန်တတ်ပေမယ့် ဆရာကြီးမဟုတ်လား'

'အဟင်း… ပြောတတ်တယ်၊ ဒါမျိုးကျ မသင်ရဘူး'

စည်သူက စကားဖြတ်ပြီး နွဲ့ယဉ်၏ ရင်ကိုထွင်းဖောက်မတတ် အကြည့်နှင့် ကြည့်ပစ်လိုက်သည်။ နွဲ့ယဉ်၏ တုံ့ပြန်ခုခံမှုက ခေါင်းငုံ့လိုက်ခြင်းသာဖြစ်၏။

'နွဲ့ယဉ်'

ကြားသော်လည်း မော့မကြည့်။ နေသားတကျရှိပြီးသား ကိုက်တံ၊ ကပ်ကျေး၊ ပိတ်စများကို ဟိုရွှေ့ ဒီရွှေ့လုပ်နေလေ၏။

'နွဲ့ယဉ်ဆီက ဘယ်လိုတုန့်ပြန်မှုကိုပဲရရ ကျေနပ်တယ်၊ ဒါပေမဲ့ ငါကတော့ တို့နှစ်ယောက်ရဲ့ အနာဂတ်ဘဝလှပဖို့ ပြင်ဆင်နေပြီ၊ ငါ အလုပ်ပြောင်းမယ်'

သူ့ထံ အကြည့်တစ်ချက် ဖြတ်ခနဲရောက်လာ၏။ ပြီးတော့ ပြန်ပြီး မျက်လွှာချသွားသည်။

'အလုပ်ပြောင်းမယ်ဆိုတာထက် ရောင်းတဲ့ပစ္စည်းပြောင်းမှာ၊ ငါ ဆေးဖော်ပြီး တိုင်းရင်းဆေးပဲ ရောင်းတော့မယ်'

'နင်က ဆေးအကြောင်း နားလည်လို့လား'

'ကိုယ့်မိတ်ဆွေ ဆေးဆရာ ဦးသိက္ခာရှိတယ်လေ၊ သူ့မှာပညာရှိတယ်၊ ကိုယ့်မှာအရင်းအနှီးရှိတယ်၊ ရထားပေါ်က စပြီး တစ်ပြည်လုံးဖြန့်နိုင်တဲ့အထိ ကိုယ်ကြိုးစားသွားမှာ'


www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါတယ်'

'ဒါပေမဲ့ လုပ်ငန်းအောင်မြင်ဖို့ တစ်ခုလိုနေတယ်ဟာ'

'ဘာလဲ၊ ငွေလိုနေလို့လား'

'မဟုတ်ဘူး၊ နင့်ရဲ့အနီးကပ်အားပေးမှု'

သူတို့နှစ်ယောက်ကြားတွင် အရှက်ကန့်လန့်ကာခြားသွား၏။

'နင်ကလည်းဟာ...'

'ငါ့ကိုမကူညီနိုင်ဘူးလား နွဲ့ယဉ်'

မျက်ဝန်းတွင် ထင်ဟပ်နေသည့် သံယောဇဉ်စကားကို အသံနှင့် ဖလှယ်ရန် ခက်ခဲနေပုံရ၏။ ကပ်ကျေးနားမှ နွဲ့ယဉ်၏လက်ကို စည်သူ ဆွဲယူလိုက်သည်။ အိစက်နူးညံ့နွေးထွေးလှသည့် နွဲ့ယဉ်လက်က သူ့လက် နှစ်ဖက်ထဲတွင် တဆတ်ဆတ်တုန်နေ၏။ အရှက်တို့ ဝေသီနေသော မျက်ဝန်း များနှင့် ကြည့်ရင်း သူ့လက်ကို ပြန်ဆွဲယူသည်။

'ငါ... ငါ ဘာကူညီမရမှာလဲလို့'

'အချစ်တွေနဲ့ အားပေးဖေးမကူညီပေါ့'

'စည်သူရယ်'

'ချစ်တယ် နွဲ့ယဉ်ရယ်၊ သိပ်ချစ်တယ်၊ နင်သာ ငါ့ဘေးမှာအမြဲ ရှိရင် အောင်မြင်တဲ့ဘဝကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်မယ်လို့ ငါ ယုံကြည် နေတယ် နွဲ့ယဉ်'

'ခက်လိုက်တာ စည်သူရယ်'

'မခက်ပါဘူးဟာ၊ နင့်အမေ သဘောကျအောင် ငါ ကြိုးစားမှာ ပါ'

'ဘာလဲ၊ တိုက်တစ်လုံး၊ ကားတစ်စီး၊ ရွှေတစ်ဆယ်သားလား'

'ဘယ်ကမလဲ၊ ကွန်တိန်နာတစ်စီးစာအပြည့် ရွှေချောင်းတွေရယ်၊ လေးခန်းတွဲဆယ့်နှစ်ထပ် ကွန်ဒိုတစ်လုံးရယ်လေ'

နှစ်ဦးသား သဘောကျစွာ ရယ်လိုက်ကြ၏။ စည်သူက သူ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ပါဝါတင်လိုက်သည်။ နွဲ့ယဉ် မျက်ဝန်းများကို စတေးရှောင်၏။ သူ ခွတ်ထပ်မေးမိ၏။

'ပြောပါဦး နွဲ့ယဉ်ရယ်'

နွဲ့ယဉ်က ပိတ်စတစ်ထပ်ကို ဆွဲယူနေရာရွှေ့လိုက်၏။ အပေါ်ဆုံး ပိတ်ကို ဖြန့်ပြီး ကိုက်ထိုးတိုင်းနေပြန်သည်။ ပြီးတော့ ပြန်ခေါက်၏။ ဓလိုအပ်ဘဲလုပ်နေတာက အတွင်းစိတ်လှုပ်ရှားမှုကို လှစ်ဟပြခြင်းသာဖြစ်သည်။ စည်သူ ရင်တွေခုန်လာ၏။ စည်သူ နွဲ့ယဉ် လက်ကိုဆွဲယူလိုက်ပြန်သည်။

'နင်… နင်… လုပ်စရာရှိတာ စိတ်ဖြောင့်ဖြောင့်သာ လုပ်ပါ စည်သူရာ'

'မတင်မကျကြီး နွဲ့ယဉ်ရယ်'

'ဟာ… နင်ကလည်းဟာ သိပ်ရစ်တာပဲ'

'ရစ်တာမဟုတ်ပါဘူး၊ ချစ်တာပါ၊ ပြောပါ နွဲ့ယဉ်ရာ၊ စကားလေးတစ်ခွန်းလောက်ကိုများ ကပ်စေးနဲနေလိုက်တာ'

'လုပ်စရာရှိတာသာလုပ်ပါဆို၊ အောင်မြင်တာ မအောင်မြင်တာ ငါ့ကုသိုလ်ပေါ့ဟာ'

'ဒါ… ဒါဆို'

'နင်အောင်မြင်တော့လည်း ငါကောင်းကောင်းမွန်မွန်နေရတာပေါ့'

'ဟား… နင်… နင်… ငါ့ဘေးနားမှာ အမြဲရှိနေမယ်ပေါ့ ဟုတ်လား'

'အင်း'

'ဝမ်း… ဝမ်းသာလိုက်တာ နွဲ့ယဉ်ရာ၊ ဒါဆို နင် ငါ့ကိုချစ်တယ် ပေါ့'

'ဟာ… မသိဘူးဟာ၊ သွား… သွားတော့'

'အဟင်း… မသွားတော့ဘူး၊ တစ်ခါတည်း ဒီမှာနေတော့မယ်'

'ဟဲ့ကောင်… ဘာစကားပြောတာလဲ၊ အမေမရှိပေမယ့် အဒေါ် ရှိသေးတယ်၊ သဘောပေါက်လား၊ သေချင်လို့'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ရောက်လာသော ဒေါ်လေးက ခပ်မာမာလေသံနှင့် နောက်ပြောင်ပြောဆိုလိုက်သည်။ စည်သူက စပ်ဖြီးဖြီး၊ နွဲ့ယဉ်က မျက်နှာနီ မြန်းအောင် ရှက်နေလေတော့၏။ နွဲ့ယဉ် လက်ကို စည်သူ လွှတ်ပေးလိုက်သည်။

'ဒေါ်လေးရယ် ယောက္ခမမရှိတုန်း လွတ်လွတ်လပ်လပ် နေရမလားမှတ်တယ်၊ ယောက္ခမယောင်ဆောင်ပြီး ဟောက်စားလာလုပ်နေတယ်ပေါ့ ဟုတ်လား'

'ဟောက်စား မဟုတ်ဘူး၊ ယောကျ်ားရသွားမှာစိုးလို့ပေါ့၊ အချိန်မတန်ခင် လင်ရသွားမှာစိုးလို့၊ အဒေါ်က တူမကို စောင့်ရှောက်တာ၊ အဲဒါ ဘာဖြစ်လဲ'

'ဒေါ်လေးရာ ကျွန်တော်က ဦးနှောက်မရှိတဲ့လူမှ မဟုတ်တာ'

'ငါက နင်တို့နှစ်ယောက်ကို အစကတည်းက သဘောတူပြီးသား၊ ဒါပေမဲ့ စည်သူက အခြေကျအောင် ကြိုးစားဖို့ အများကြီးလိုသေးတယ်'

'ကျွန်တော် သိပါတယ် ဒေါ်လေး၊ ခုလည်း နွဲ့ယဉ်ကို ကျွန်တော် နောက်နေတာပါဗျာ'

စည်သူမှာ နွဲ့ယဉ်၏ အလှကိုကြည့်မဝ ရှုမဝဖြစ်နေသည်။ သူ့မှာ ချစ်သူတစ်ယောက် ရှိခဲ့ပြီဆိုသည့် အဖြစ်ကို မယုံနိုင်သလိုလည်းဖြစ်နေသေးသည်။

အဖေပြောသလို အချစ်သည် မီး၊ ဘဝသည် ငရဲပင် အမှန်ဖြစ်စေဦးတော့ လူမိုက်နှလုံးသားနှင့် ပိုးဖလံ တစ်ကောင်လို မီးပုံထဲ တိုးဝင်ရန် အဆင်သင့်ဖြစ်နေ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

၃

# အခန်း(၈)

ကြည်လင်ပြာလဲ့နေသော ကောင်းကင်တွင် ဇော်ဂျီဝိဇ္ဇာမိုရ်ရတစ်ပါး ပျံသန်းလာနေသည်။ မြင်မိတွေ့မိသူ အပေါင်း တအံ့တသြ ဝိုင်းကြည့်ကြ၏။ မမြင်သေးသူကို မြင်ပြီးသူက လက်တို့ညွှန်ပြသတင်းပေး၏။ ဒီတော့ ဘူတာဝန်းကျင်မှ လူအပေါင်း အုတ်အော်သောင်းတင်းဖြစ်သွားကြသည်။

သေချာကြည့်တော့မှ ဇော်ဂျီက ပျံသန်းလာတာ မဟုတ်။ တိုးတံတားပေါ်မှ ဆင်းလာတာဖြစ်နေ၏။ တန်ခိုးမရှိ၍ လမ်းလျှောက်လာသည်ဆိုတော့ ဒါမြေလျှောက်ဝိဇ္ဇာပေါ့။ ဝေနေယျဒုက္ခိတ သတ္တဝါများကို ကယ်မဖို့ ကြွလာသည်လားမသိ။ ထိုဇော်ဂျီ ဘူတာထဲဝင်လာပြီ။ အများက ဇော်ဂျီကိုမြင်ဖူးသလို ရှိနေကြ၏။

သို့သော် ဇော်ဂျီကို ကြည့်ရတာ သိပ်ဣန္ဒြေမရ တောင်ဝှေးတစ်ချက် လက်ကိုင်လော်တစ်ဖက် မားကက်တင်းဘေးလွယ်အိတ်နက်ကြီးတစ်ချက်နှင့် ကိုရိုကားယားဖြစ်နေ၏။ ဇော်ဂျီနှင့် စပျစ်သီးသည် မိမွေးရင်ဆိုင်တွေ့ပြီ။

'ဟင်… ဇော်ဂျီ ဟယ်… ဟုတ်ရပေါင် ကိုစည်သူ အစ်ကို ဘယ်လိုဖြစ်လာတာလဲ'

'ဟဲ… ဟဲ… ဂျာနယ်တွေရောင်းမကောင်းလို့ ဆေးရောင်းသော့ ခလို့ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'အတော်ပိရိတယ်နော်၊ သတင်းသဲ့သဲ့တောင် မကြားရဘူး၊ တစ်ယောက်တည်း သူဌေးဖြစ်ကြံတယ်ပေါ့ ဟုတ်လား'

'ခုမှစပြီး ကြိုးစားတုန်းပါဟာ'

'နာမည်ရတဲ့အခါ ဆေးကိုယ်စားလှယ်လေး ဘာလေးပေးနော်၊ ခုကတည်းက ကြိုပြီးအလုပ်လျှောက်ထားလိုက်မယ်၊ မှတ်ထားပါ ဦးဇော်ဂျီ'

'အေးပါဟာ၊ အောင်မြင်ပါစေလို့သာ ဆုတောင်းပေး၊ အိုကေတော့လည်း မျှစားကြတာပေါ့'

'စိတ်ချ၊ အစ်ကို ဒီပုံနဲ့သာ ရထားပေါ်တက်ရင် အလုပ်ဖြစ်မှာ သေချာတယ်'

မိမွှေးက အားပေးစကားပြော၏။ စည်သူလည်း သူ၏ဆေးလုပ်ငန်းပွဲဦးထွက် ဈေးကွက်ဖြန့်ချိရေးအတွက် စိတ်လှုပ်ရှားနေသည်။ မကြာမီ ရထားဝင်လာ၏။ စည်သူ အသင့်ပြင်ပြီး ရထားပေါ်တက်ခဲ့သည်။ လက်ကိုင်လော်(အသံချဲ့စက်)ကို ဖွင့်ပြီး တွဲထဲဝင်လာခဲ့၏။

'တစ်နည်းအားဖြင့် ခရီးသွားကြသော မီးရထားစီး ခရီးသည် ညီငယ် ညီမငယ် ကိုကို မမ ဦးကြီး ဒေါ်လေး အပေါင်းတို့ခင်ဗျား ကျွန်တော့်ရဲ့ လော်သံကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားမယ်ဆိုရင် သည်းခံခွင့်လွှတ်ပေးကြပါလို့ ဦးစွာမေတ္တာရပ်ခံပါရစေ၊ ကျွန်တော့်မှာ ဇော်ဂျီ တံဆိပ် တိုင်းရင်းဆေးစစ်ဆေးမှန်များ ပါရှိလာပါတယ်'

'လူမှာ အရေးအကြီးဆုံးကဆီးနဲ့ဝမ်း၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဘူးဆိုတဲ့ ဆိုရိုးရှိတာလည်း အထင်အရှားပဲ မဟုတ်လား၊ မနက်လင်းတာနဲ့ ဝမ်းသွားလိုက်ရမှ အလုပ်သွားကျောင်းသွားဖို့ ကိစ္စ ဖြောင့်ဖြောင့်လုပ်နိုင်မှာဖြစ်ပါတယ်'

'ဒီဆေးကတော့ သက်သက်သာသာနဲ့ ရှောခနဲ ထွက်ပြီး ဟောခနဲ သက်တဲ့ဇော်ဂျီ အကြောပြေ ဝမ်းသက်ဆေးကြီးပါခင်ဗျာ'

ဇော်ဂျီပုံစံနှင့် စည်သူ၏ အဟောအပြောတွင် ရထားစီးခရီးသည်များ စိတ်ဝင်စား နားထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီ ဓော်ဂျီ အစာကြေလေနိုင်လျက်ဆားကလည်း တကယ်ဆနိုင်တဲ့ဆေးပါ၊ လေမသက်လို့ အနေခက်နေလား၊ အမေလျက်တာနဲ့အလေးပါ တဘူဘူ ပေါက်တဲ့ဆေး'

ခရီးသည်များ သဘောကျ၍ တဟားဟားရယ်ကြ၏။ ဈေးနှုန်းကိုလည်း သုံးရာ နှစ်ရာလောက်သာ သတ်မှတ်ထားသဖြင့် မြည်းစမ်းကြည့်လိုသူများ ဝယ်ယူအားပေးကြသည်။ ဟိုကတစ်ဘူး ဒီကတစ်ဘူး ဝယ်ကြ၏။ စည်သူ အော်လိုက်ဟစ်လိုက် ဆေးရောင်းလိုက်နှင့် ချွေးပြိုက်ပြိုက်ကျနေပြီ။

ဘူတာတစ်ခုရောက်တိုင်း ဓော်ဂျီ ရှာန်နှင့်မကွဲနိုင်ဘဲ အပြေးအလွှားတွဲပြောင်းပြီး ရောင်းရ၏။ အမြင်ဆန်းနေသည်မို့ အထူးအဆန်းလို အားပေးကြသဖြင့် အတော်ရောင်းလိုက်ရသည်။

'အဟမ်း... အဟမ်း... အီးမပါလို့ ခရီးကြာနေပါသလား၊ မြင်းတစ်လို့ အတင်းညှစ်နေရပါသလား၊ အနေမခက် လေသက်ရုံနဲ့ အော်တိုထွက်တဲ့ဆေး၊ အားစိုက်စရာမလို တအားမိုက်လို့ အများကြိုက်တဲ့ ဓော်ဂျီအကြောပြေလေသက်ဝမ်းပျော့ဆေး'

'ဒီကိုတစ်ဘူးဗျို့'

'ဟုတ်ကဲ့ လာပါပြီ ခင်ဗျာ၊ လာပါပြီ'

'ဝမ်းပျော့ဆေးက သုံးရာ၊ အစာကြေလေနိုင်လျက်ဆားက နှစ်ရာပါ'

'တစ်ဘူးစီပေး'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်'

ပွဲဦးထွက်နေ့မို့ လူထုကြားထဲ အသည်းစွဲအောင် ကြော်ငြာပေးနေရသည်။ သည်တော့ စည်သူမောပြီး လျှာထွက်နေတော့၏။ ဝတ်ထားရသည့် အဝတ်အစားကြောင့်လည်း ချွေးပြိုက်ပြိုက်ကျနေသည်။

စောင်ခြုံသောက်ရသည့် ဝင်ရိုးစွန်းရေခဲရေပင် သူ့ကိုမအေးနိုင်စေနိုင်အောင် ဖြစ်နေ၏။ သို့သော် ဆေးက ရောင်းကောင်းနေသဖြင့် တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပန်းတယ် သဘောမထားနိုင်ဘဲ ကြိုးစားပန်းစား လှုပ်ရှားနေရသည်။ စတင် မိတ်ဆက်သည့်နေ့တွင် ဒီလောက်ရောင်းရတာ မဆိုးဟု တွေးပြီးအားလည်း တက်နေ၏။

မြို့တစ်ပတ်ပြည့်အောင် လိုက်လံကြော်ငြာရောင်းပေးခဲ့ရသဖြင့် ကြုံရာတွင်သာ ထမင်းစားခဲ့ရသည်။ ချစ်သူထံ မခစားနိုင်သလို ဒေါ်လေး ဆိုင်မှ ဈေးသက်သာပြီး အရသာရှိသည့် ထမင်းကိုလည်း မစားခဲ့ရ။

နေလုံးကြီး ပါဝါကုန်ပြီးရှက်ရွံ့စွာနှင့် ထွက်ပြေးသွားတော့မှ ဖော်ကို ရထားပေါ်မှ ဆင်းခဲ့ရသည်။ တစ်ကိုယ်လုံး နာကျင်ကာ ညောင်းကိုက်၍ မောဟိုက်နေခဲ့ပြီ။ နွမ်းလျအိမ်ပြန်တော့မဟုတ်။ ယူသွားသမျှ ဆေးများကို ငွေစက္ကူများနှင့်လဲလှယ်ပြီး ပြန်လာခဲ့ခြင်းဖြစ်၏။

အိမ်မပြန်သေးဘဲ ဦးသိက္ခာဆီ အရင်ဝင်ခဲ့သည်။ ဦးသိက္ခာလည်း စိတ်ပူစွာ သူ့ကိုမျှော်နေတာတွေ့ရ၏။

'နောက်ကျလိုက်တာ စည်သူရာ'

'အေးဗျာ၊ ပထမဆုံးနေ့ဆိုတော့ ကိုယ်နဲ့ ကိုယ့်ဆေးကို တွဲပြီး လူတွေမှတ်မိအောင် တစ်မြို့လုံးပတ်နေလို့ဗျ'

'ဘယ်လိုလဲ ရောင်းရရဲ့လား'

စည်သူက ဆေးလွယ်အိတ်ကို ဖွင့်ပြလိုက်၏။ ဝမ်းပျော့ဆေး သုံးပုလင်းနှင့် အစာကြေလေနိုင်ဆေး လေးပုလင်းသာကျန်သည်။ ဦးသိက္ခာ မျက်နှာ ဝင်းပသွား၏။

'ဟာ… တယ်ဟုတ်ပါလား စည်သူရာ'

'တွန်းတွန်းတိုက်တိုက် ရောင်းခဲ့ရတာလေ၊ နှစ်ရက်သုံးရက်နေမှ ဆေးအကြောင်းသိရမှာ၊ အဲဒီတော့မှ ပုံမှန်ဖောက်သည်ရလာမှာ'

'ဒါပေါ့ကွာ၊ တကယ့်ဆေးစစ်ဆေးမှန်တွေနဲ့ စေတနာထားပြီး ဖော်စပ်ရောင်းချတာလေ၊ အလုပ်ဖြစ်မှာပါ'

'ဟုတ်ကဲ့ ကျွန်တော်လည်း အဲလိုပဲ မျှော်လင့်ထားတာ'



www.burmeseclassic.com

www.burmeseclassic.com



စည်သူက တစ်နေ့တာရောင်းရငွေမှ အမြတ်ငွေရှစ်ထောင်ကို နှုတ်ပြီး ကျန်ငွေ သုံးသောင်းရှစ်ထောင်ကို ဦးသိက္ခာလက်သို့ အပ်၏။

'ဦးလေး လိုအပ်တဲ့ ဆေးအမယ်တွေနဲ့ ဘူးခွံရသလောက် ထပ်ဝယ်ထားလိုက်ဦး၊ ဦးလေးက ဆေးဖော်တာနဲ့ ပုလင်းသွပ်တာကိုပဲ နိုင်အောင်လုပ်ပေး၊ ရောင်းဖို့က ကျွန်တော့် တာဝန်ထား'

'စိတ်ချ ငါ့လူ၊ ငွေစုဆေးစုမိတာနဲ့ ဘူတာနားက ကွမ်းယာဆိုင်လေး အရုပ်ထဲက ဆေးဆိုင်တွေအထိပါ ဖြန့်မယ်ကွာ'

'ကောင်းတယ် ဦးလေး၊ ကဲ… ရော… စားစရိတ် နှစ်ထောင်ယူ၊ မနေ့အတွက်'

'သာဓုပါဗျာ၊ သာဓု… သာဓု'

ဦးသိက္ခာက ကြည်နူးဝမ်းသာစွာနှင့် ဆုမွန်ချွေရှာ၏။ စည်သူနှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ အမှောင်လမ်းမှာ ဇော်ဂျီ လျှောက်လာသည်က မမ်းတဝါး…။

❐ ❐ ❐

နံနက်ခင်းသည် ရွှေလင်းယုန်ဆရာတော်၏ ပရိတ်တရားနှင့် မင်္ဂလာရှိစွာ နိုးထလာ၏။ ဆောင်းအငွေ့အသက်တို့ ယှက်သန်းနေသဖြင့် အပင်နှင့်အရွက်တို့တွင် နှင်းရည်တို့ တွဲခိုလို့နေသည်။ လောကတစ်ခွင်လုံး အေးမြငြိမ်းလန်းနေ၏။ စည်သူ ဘရိတ်ဖတ်စ်စားပြီးသည်နှင့် ဇော်ဂျီဝတ်စုံကို သလွယ်ဝတ်ဆင်ရတော့သည်။

စကတည်းက နှစ်စုံချုပ်မိထား၍သာ တော်တော့၏။ မနေ့က ဝတ်စုံက ချွေးတွေစို့ရွှဲပြီး နံပောင်နေခဲ့ပြီ။ မှန်ကြည့်ပြီး ဇော်ဂျီဦးထုပ်ဆောင်းလိုက်သည်။ အပြည့်အစုံ ပြင်ဆင်ပြီးပြီမို့ အခန်းထဲက ထွက်ခဲ့၏။

အဖေ့ကို နှုတ်ဆက်ပြီး လုပ်ငန်းခွင်ဝင် … ဂျီ ထွက်လာခဲ့၏။ ရထားပေါ်တွင်သာမက အရုပ်ထဲမှာပါ ကိုယ့်ဆေးဂုဏ် ကြားဖူးနားဝရှိအောင် လမ်းတစ်လျှောက် ကြော်ငြာရင်း အော်ဟစ်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'လေမသက်လို့ အနေခက်နေသလား၊ ဒီမယ် ဇော်ဂျီ တံဆိပ် အစောကြောလေနိုင်ဆေးကိုစား၊ အမေလျက်တာနဲ့ ဗိုက်ထဲက ကလေးတောင် လေသက်တဲ့ဆေး၊ ဇော်ဂျီနဲ့မကြုံရင် ဘူတာရုံက ဆိုင်တွေမှာမေး'

သူကြော်ငြာကြောင့် အရပ်ထဲကလူတွေလည်း ပြုံးစေ့စေ့၊ ရှေ့တည့် တည့်မှ လျှောက်လာသော နေ့စေ့လစေ့ ကိုယ်ဝန်ဆောင်တစ်ယောက်က…

'ဇော်ဂျီကြီး ရှင့်ဆေးက ဗိုက်ထဲကကလေးပါ လေလည်တယ် ဟုတ်လား'

'အသေအချာပါပဲ မမမီးပုံးပျံရယ်'

ဈေးသွားကြမည့် အဖော်များနှင့် မီးပုံးပျံမမက လက်ဝါးဖြန့်ပေး ရင်း…

'နမူနာလျက်ကြည့်မယ်'

'ရပါတယ် အစ်မ'

ကြော်ငြာလျက်ဆားဘူးကြီးထဲမှ သူ့လက်ထဲ ညစ်ထည့်ပေးလိုက် ၏။ ချက်ချင်းပင် သူလျက်ကြည့်သည်။ တခြားသူတွေလည်း လက်ဖြန့်လာ သဖြင့် အားလုံးကို နမူနာပေးရ၏။

'အင်း… အရသာလေး မဆိုးဘူး၊ ပေးကွယ်တစ်ဘူး'

'ဟုတ်ကဲ့'

ထိုနေရာမှာပင် စည်သူ လျက်ဆားနှစ်ဘူးရောင်းလိုက်ရသည်၊ တစ်ထောင်ပေး၍ အကြွေအမ်းဖို့ ရှာနေခိုက် လေလည်သံတစ်ချက် ပီပီသသ ကြီး ကြားလိုက်ရသည်။ အမျိုးသမီးတစ်သိုက် ပါးစပ်ပိတ်ပြီး တခွိခွိ ရယ်ကုန်တော့၏။

'ဟော… ကြားလိုက်တယ်နော် ဘယ်သူလဲ၊ မှန်မှန်ပြော မမမီးပုံး ပျံလား'

'ဟယ်… မဟုတ်တာ၊ ဇော်ဂျီပေါက်တာ မဟုတ်လား'

'အစ်မရယ် မရှက်ပါနဲ့၊ ဒါ ကျန်းမာရေးပါ၊ ကျွန်တော့်လျက်ဆား



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြီးမှ အသံထွက်လာတာ၊ ဝန်ခံနော်၊ ဝန်မခံရင် ငယ်ငယ်တုန်းကလို အီး… အီး ဘယ်သူပေါက်ဆိုပြီး လုပ်လိုက်မှာနော်'

ဇော်ဂျီစည်သူ့အပြောကြောင့် မိန်းမတွေ အုန်းခနဲ ရယ်ကြပြန်၏။

'ဗိုက်ထဲကကလေးပေါက်တာ ဇော်ဂျီရေ ကဲ… ကျေနပ်ပြီလား၊ ရှင့်ဆေးစွမ်းသလား မမေးနဲ့'

'ဟဲ… ဟဲ… ဟဲ… ခုလိုပေါက်တာကို ပေါက်တယ်လို့ ဝန်ခံပြီး မှန်တာပြောတဲ့အတွက် ချမ်းသာပါစေဗျာ၊ မှန်တာပြော ချမ်းသာပါ ဆေး'

ထိုသို့ပျော်ပျော်ပါးပါး ရောင်းချပြီး စည်သူ ဘူတာဘက်သို့ လျှောက်လာခဲ့၏။ သူ့နောက်မှာ ကလေးများ တရုန်းရုန်းပါလာသည်။ ထားက မလာသေး။ မော်ဒန်ဇော်ဂျီ၏ အိတ်ထဲမှ ကက်ဆက်အသေးတစ်လုံးထွက်လာပြန်၏။ ခုနစ်ထွေအကတီးလုံးများထဲမှ ဇော်ဂျီတီးလုံးကိုဖွင့်ပြီး စည်သူတစ်ချီတစ်မောင်း ကလိုက်သည်။ တတ်လို့တော့မဟုတ်။ တောင်ဆူ့ထမ်းပြီး ဟိုလျှောက်ဒီလျှောက် ခုန်ပေါက်နေခြင်းသာဖြစ်၏။

ဤသို့ပြုလုပ်ရခြင်းအတွက် စည်သူ မရှက်ပါ။ သမ်ာအာဇီဝနှင့် ရိုးသားစွာ စီးပွားရှာခြင်းပဲမဟုတ်လား။ ကလေးတွေ လက်ခုပ်တီးပြီး အပိုလေးတွေ ပြုံးကာ ကောင်လေးတွေ ဟားကြ၏။ ကပြီးတော့ လက်ကိုင်ဆော်ကိုကိုင်၍…

'စမြင်းတစ်ပြီး အတင်းညှစ်နေရသလား၊ အီးမထွက်လို့ ဖီးလ်တက်နေသလား၊ ဇော်ဂျီအကြောပြေ ဝမ်းပျော့ဆေးကိုစား၊ စက်သေနတ်နဲ့ မွှေ့လိုက်သလို တလဟောထွက်တဲ့ဆေး၊ ဇော်ဂျီ ဝမ်းပျော့ဆေး'

ကလိုက် အော်လိုက် ရောင်းလိုက်ရင်းနှင့် ဇော်ဂျီ ဈေးစို့လာရ ပြန်ပြီ။

'ကဲ… ဇော်ဂျီကြီးရေ ဆေးတစ်ဘူးလောက်ပေး၊ မင်းဆေးက သည်း နည်းလိုက်တာကွယ်၊ နှစ်ရက်ပဲ သောက်ရတယ်'

သူ့တွင် ပုံမှန်ဖောက်သည်များ ရလာပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဆေးစစ်ဆေးမှန်မို့ နည်းရတာပါ အဒေါ်၊ ဆေးကောင်းတော့ သန်းခေါင်းလို့ ဆိုကြတယ်မဟုတ်လား၊ ငွေသုံးရာနဲ့ ဝမ်းမှန်တာ တန်တယ်လို့ သဘောထားပြီး အားပေးပါ အဒေါ်'

'အဟမ်း... အပြောကလည်းကောင်း'

'ဆေးကလည်းကောင်းပါတယ်ခင်ဗျာ'

အရောင်းအဝယ်လုပ်နေခိုက် ရထားဝင်လာ၏။ ဇော်ဂျီ မြေကြော ရှုံ့ပြီး ဆက်တော့မည်။ တန်ခိုးနှင့်တော့မဟုတ်။ မြို့ပတ်ရထားနှင့်သာ ဖြစ်သည်။

ဤသို့နှင့် ဇော်ဂျီစည်သူ ဆေးအရောင်းအဝယ်လုပ်ငန်းကို စောင်း ချုလုပ်ကိုင်ခဲ့သည်။ ဆေးက ကောင်းသည်မို့ ဖွဲဖွဲမြဲမြဲ သုံးသူတွေ တိုးလာ သည်။ ရထားပေါ်မှာ အခိုင်အမာ နေရာရတော့ ဘူတာဝန်းကျင်မှ ဆိုင်များ တွင် ဆေးမပြတ်အောင် အမြဲတင်ပေးထားရ၏။

ဇော်ဂျီနှင့် မကြုံသူများ ကွမ်းယာဆိုင်များတွင် ဝယ်ကြသည်။ မြောက်ဥက္ကလာပမှ ဒညင်းကုန်းထိ၊ တံတားလေးမှ အင်းစိန်ထိ ဘူတာ ကွမ်းယာဆိုင်များတွင် ဇော်ဂျီရှိနေပြီ။ ထိုအခါ ရောင်းကုန်ဆေးအမယ်များ အလျှံမီအောင် ထုတ်လုပ်ပေးဖို့ ဦးသိက္ခာတစ်ယောက်တည်းနှင့် မရတော့။

အဖေ့ကို ဗီနိုင်းပုံနှိပ်တိုက်မှ နားခိုင်းလိုက်ရသည်။ အဖေနှင့် ဦးသိက္ခာ အပြင် သွက်သွက်လက်လက် လူငယ်တစ်ယောက်ကိုပါ ခေါ်ထား ရ၏။ ဘူးထဲဆေးချိန်၍ထည့်ရန် ဘူးပတ်တံဆိပ်ကပ်ရန်၊ ဂျပ်ဘူးထဲထည့်ရန် ကိစ္စများအတွက် အလုပ်တွေက အများကြီးဖြစ်နေသည်။ အဖေနှင့် ဦးသိက္ခာ တို့ အိုးမကွာ အိမ်မကွာ အလုပ်ဖြစ်နေကြသဖြင့် စည်သူ စိတ်အေးပြီး ပီတိ ဖြစ်ရသည်။

ထုတ်လုပ်မှုအပိုင်းတွင် လူအင်အားတိုးချဲ့ရသလို ဖြန့်ချိရောင်းခ ရေးတွင်လည်း အကူခေါ်ရ၏။ ပြောလက်စနှင့် ကြိုတင်ဘွတ်ကင်လုပ်ထား သည့် မိမွေးကိုပဲ အလုပ်ခန့်ထားလိုက်သည်။

ပထမတစ်ပတ်လောက် ဇော်ဂျီနှင့်အတူ တွဲ၍ ရောင်းခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကျမှ သူတစ်ယောက်တည်း တာဝန်ပေးခဲ့သည်။ မိမွေးလည်း ဆော်ဂျီမ ဖြစ်သွား၏။ နှစ်ယောက်အားနှင့်ရောင်းတော့ ရောင်းအားပိုတက် လာသည်။

သူ့အနာဂတ်တွေ လှပလာ၏။ သို့သော် ဆေးအမယ်များလုံလောက် အောင် စုဆောင်းဖို့ငွေ ပြန်ရင်းရသဖြင့် လက်ထဲမှာ ငွေပိုငွေလျှံ သိပ်မရှိ။ တစ်နေ့တာဝင်လာသမျှ တစ်နေ့တစ်မျိုး ပြန်ဝယ်နေရသည်။ ဒီနေ့ဆေး နည်းဝယ်လျှင် နောက်နေ့ ပလပ်စတစ်ဘူးခွံနှင့် ဘူးခွံပတ် စက္ကူတံဆိပ်ရိုက် ခဲ့ရသည်။ နောက်တစ်နေ့ကျတော့ ဂျပ်ဘူးခွံ ဝယ်ရပြန်၏။ အရင်ကထက် စာလျှင် ချောင်လည်လာတာတော့ အမှန်ပဲဖြစ်သည်။

ဂျာနယ်ရောင်းစဉ်က တစ်ယောက်စာတောင် အနိုင်နိုင်ဖြစ်သော် သည်း အခုတော့ လူငါးယောက် ခြောက်ယောက်လောက်ကို ထမင်းဝဝ ကျွေးထားသော အလုပ်ဖြစ်လာသည်။

တစ်ရက် ထမင်းစားချိန်တွင် ဖော်ဂျီနှစ်ကောင် ပုဇွန်တောင်ဘူတာ တွင် ဆုံကြ၏။

'ဟော… အစ်ကို ဒီမှာထမင်းစားမလို့လား'

'အေး… နင်ကော'

'ချိန်းထားရင်တောင် လွဲဦးမယ် အစ်ကိုရယ်'

'လာလေ၊ နင်တစ်နာရီခွဲကောင်နဲ့ ပြန်လိုက်မှာ မဟုတ်လား'

'ဟုတ်ကဲ့'

'ဆေးကော ရောင်းရရဲ့လား'

'ရောင်းရပါတယ် အစ်ကို့ဆေးက နာမည်ရနေပြီပဲ'

သူတို့နှစ်ယောက် စကားတပြောပြောနှင့် ထမင်းဆိုင်ထဲ ဝင်လာ ကြ၏။ ကိုယ်စားချင်သည့် ဟင်းများနှင့် မှာလိုက်သည်။

'အစ်ကို့ကို မိမွေးကျေးဇူးတင်တယ် သိလား'

'ဘာလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဆေးရောင်းကောင်းတော့ ကော်မရှင်များများရတယ်လေ၊ ဟိုတုန်းက ယူထားရတဲ့ နေ့ပြန်တိုး အကြွေးတော်တော်လေးကျေသွားပြီ သိလား'

'အဲဒါ ကောင်းတာပေါ့ဟ'

'အစ်ကိုကျေးဇူးတွေ ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး'

'ဘာဆိုင်လို့လဲဟာ အဲဒါ နင့်လုပ်အားခပဲ၊ ဆန်ပေးလို့ ဆီရတာ ဘာများကျေးဇူးတင်စရာရှိလို့လဲ'

'အစ်ကိုနဲ့ မိမွေး ကံစပ်တယ်နော်'

ဇော်ဂျီမ အမူအရာက တစ်မျိုးကြီးဖြစ်နေသဖြင့် စည်သူ ဘရိတ်နင်းပေးရသည်။

'ဘာမှကံမစပ်နဲ့၊ ဒီဟင်းက ငရုပ်သီးစပ်စပ်လေး ကောင်းမှကောင်းပဲ၊ စားကြည့်စမ်း'

မိမွေး နှုတ်ခမ်းစူသွားသည်။ စည်သူ မသိချင်ယောင်ဆောင်လိုက်၏။

'မြန်မြန်စား ရထားက ဆယ့်ငါးမိနစ်လောက် လိုတော့တာ'

စည်သူက ခပ်သွက်သွက်စားပြီး မိမွေးအတွက်ပါ ပိုက်ဆံရှင်းကာ...

'ကဲ... ကွမ်းယာဆိုင်တွေဆီ ပိုက်ဆံလိုက်သိမ်းဦးမယ်၊ သွားပြီနော်'

မိမွေး သူ့အပေါ် လိုက်လျောအရောဝင်လာသဖြင့် မီးဘေးရှောင်မလောင်မီတားသည့်အနေနှင့် စည်သူ ရှောင်ထွက်လာခဲ့ခြင်းဖြစ်သည်။ သူ့တွင် နွံ့ယဉ် ရှိနေပြီး တခြားစိတ်ကစားစရာ အကြောင်းမရှိ။

နွံ့ယဉ်နှင့်သူ သမီးရည်းစားတွေဖြစ်ပြီးမှ အေးအေးဆေးဆေး တစ်ခါမှမတွေ့ရသေး။ ပြောရင်းဆိုရင်းပင် သတိတွေတအားရပြီး တွေ့ချင်လာသည်။ သို့သော် ဒီလိုဇော်ဂျီအဝတ်အစားနှင့်တော့ သွားမတွေ့ချင်၊ တစ်နေ့လောက်တော့ ကောင်းကောင်းရှိုးထုတ်ပြီး သွားတွေ့ဦးမည်ဟု အားခဲထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ လွှမ်းရေးထက် ဝမ်းရေးက ပိုအရေးကြီးနေသည်။ ကွမ်းယာဆိုင်များမှ ရောင်းရဆေးဘူး၊ ပစ္စည်းလက်ကျန်၊ ထပ်ယူသည့်ဆေး စသည်ဖြင့် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် ငွေသိမ်းကာ ပစ္စည်းထပ်တင်ပေးရ၏။ ကွမ်းယာဆိုင်များမှာပါ အရောင်းတက်နေသဖြင့် စည်သူအတော်စိတ်ချမ်းသာနေတော့သည်။

ဦးသိက္ခာအိမ်ရောက်တော့ အဖေတို့လူသိုက် အလုပ်လုပ်နေကြဆဲ။ စည်သူလည်း ဇော်ဂျီဦးထုပ်နှင့် အပေါ်အင်္ကျီကိုချွတ်ပြီး ခြေပစ်လက်ပစ်လှဲကာ အနားယူလိုက်၏။

'ဘယ်လိုလဲ ငါ့သား အတော်ပင်ပန်းနေပြီလား'

'ပင်ပန်းသလောက် အကျိုးရှိတော့လည်း မောတယ် မထင်မိတော့ပါဘူး'

'အားခဲထားလိုက်စမ်းပါ သားရယ်၊ နေရိပ်ကိုရောက်နေတဲ့သူတိုင်း နေပူထဲဖြတ်လျှောက်ခဲ့ကြရတာပဲ မဟုတ်လား'

'ဟုတ်ကဲ့ပါ'

ဦးသိက္ခာကလည်း ဆေးထည့်ပြီးသား ဘူးများကို အဖုံးလိုက်ဖုံးရင်း...

'စည်သူရေ ရပ်ကွက်ထဲက ဆေးဆိုင်သုံးဆိုင်ကလည်း သူတို့ဆီ ဆေးလာတင်ပေးဖို့ ပြောနေကြတယ်'

'ကြားရတာ မင်္ဂလာသတင်းတွေချည်းပါပဲလားဗျာ'

'ရှေ့လျှောက်ကောင်းခန်းချည်းပဲ၊ ငါ့လူ မယုံမရှိနဲ့၊ ဝင်လာမစဲ တသဲသဲဆိုတဲ့ကိန်း ဆိုက်ဦးမှာ'

'ဟား... ဟား... ဟား... ဦးလေးပြောတဲ့အတိုင်းသာ ဖြစ်လို့ကတော့'

'ပြောစမ်း တို့လူကြီးနှစ်ယောက်ကို ဘာလုပ်ပေးမှာလဲ'

'မကောင်းကျောင်းပို့ဆိုသလို ရဟန်းခံပေးလိုက်မှာပေါ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



အဖေနှင့် ဦးလေးသိက္ခာရယ်သံက ဆည်းဆာလေပြေထဲတွင် လွင့်ပါသွားခဲ့၏။

□ □ □

ဇော်ဂျီအဝတ်အစားများချုတ်၍ လူသားစစ်စစ်စတိုင်နှင့် ကံဘဲ့သို့ ရောက်လာခဲ့သည်။ ဆယ်နာရီ ဆယ်မိနစ်ရထားနှင့် လိုက်ခဲ့၍ နည်းနည်း စောနေသဖြင့် ဒေါ်လေးဆိုင်တွင် လူရှင်းနေ၏။ ရောက်ရောက်ချင်းဆိုသလို ပင် ဒေါ်လေးက ခနိုးခနဲ့ စကားဆိုတော့သည်။

'အောင်မယ် စည်သူ ပေါ်လာသေးတယ်နော်၊ နိုင်ငံခြားများ ထွက်သွားပြီလားလို့'

'ဒေါ်လေးကလည်း လုပ်ငန်းပြောင်းပြီး ဆေးရောင်းနေလို့ အလုပ် များပြီး မလာအားတာပါဗျာ'

'သတင်းတွေ ကြားပါတယ်နော်၊ မြို့ပတ်ရထားပေါ်မှာ ဇော်ဂျီ နှစ်ကောင် သောင်းကျန်းနေတယ်ဆိုတဲ့အကြောင်း'

'ဟား… ဟား… ဟား… သတင်းတွေကလည်း အတိအကျ ပါပဲလား'

ဆူညံ ဆူညံအသံကြားသဖြင့် နွဲ့ယဉ် လှစ်ခနဲ ရောက်ချလာ၏။

'ပေါ်မလာတာကြာပြီနော်'

'ဟုတ်တယ် နွဲ့ယဉ်ရယ်၊ ဆေးဖော်ရတာက အလုပ်ရှုပ်သလို လိုက်ရောင်းတော့လည်း တစ်နေ့ကုန်ပဲလေ၊ ခုတောင် ပင်ပန်းလွန်းလို့ မဖြစ်မနေ တစ်ရက်နားပြီးရောက်အောင်လာခဲ့တာ'

'ထမင်းပါ လာမစားတော့တာက ဘာသဘောလဲ'

'ဒေါ်လေးကလည်း မအားလို့ပါဆို၊ ရထားပေါ်နဲ့ ဘူတာတွေများ ကလွဲပြီး ဘယ်မှသွားလို့မရဘူး၊ ဘူတာက ကွမ်းယာဆိုင်တွေမှာပါ ဆေးတွေ တင်ထားတာ ဒေါ်လေးရဲ့'

'စီးပွားရေးသောင်းကျန်းနေတယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ် ဒေါ်လေး၊ နွေဘက်မှာ လင်းယုန်စီးပွားရေး ညဘက်မှာ ဓီးကွက်စီးပွားရေးလုပ်ပြီး မမလေးထဘီဖိုး ရှာနေတာလေ'

စည်သူက သူကြိုးစားနေတာ နွဲ့ယဉ် သိအောင် အသိပေးလိုက်၏။ နွဲ့ယဉ် မျက်နှာမှာလည်း ကျေနပ်ခြင်းတွေ စွန်းထင်းလျက်…။

'နေစမ်းပါဦး အဲဒီဇော်ဂျီမလေးက အတော်လှသဆို'

ဒေါ်လေးစကားက တစ်ဖက်မှဆာဗင်ကို အပိုင်ပင့်တင်ဆဃ်မကာ ဆောင်ပေးပြီး အပီခုတ်ချလိုက်သလို ထိထိမိမိရှိ၏။ ဒေါ်လေး၏ ဘော်လီဘောကစားသလို ပြောသည့်စကားကြောင့် နွဲ့ယဉ် မျက်လုံးလေးဝိုင်းသွားသည်။ စည်သူလည်း ကပျာကသီဖြေရှင်းရတော့သည်။

'ဟာ… ဒေါ်လေးကလည်း အဲဒီရာသီပေါ်သီးနှံတွေရောင်းတဲ့ မြွေးလေ၊ ဒီမှာတောင် တစ်ခါတစ်ခါ ထမင်းလာစားပါသေးတယ်၊ ကလေး သာသာကောင်မလေးပါဗျာ'

'ငါသိပါတယ်၊ အပျိုပေါက်စမပါ၊ ဘာပဲဖြစ်ဖြစ် သူ့လည်း မိန်းမ ပဲလေ၊ ပြီးတော့ မင်းတို့နေ့တိုင်းတွေ့နေကြရတာ မဟုတ်လား'

'လုပ်ပြီ ဒေါ်လေးရာ၊ နွဲ့ယဉ် စိတ်ပူအောင် ချွန်နေပြန်ပါပြီ၊ ကျွန်တော် ဘာမှစိတ်မဝင်စားအားပါဘူးဗျာ'

'ဒါဆိုလည်း ပြီးတာပဲ၊ ငါတို့ဆီ မက်စေ့ချွတွေရောက်တယ်ဆိုတာ အမင်သတိပေးတာ'

'စိတ်ချပါ ဒေါ်လေးရာ၊ ကျွန်တော့်စိတ်ထဲမှာ နွဲ့ယဉ်တစ်ယောက်တည်းပါ'

'ပြီးရော'

ဖြေရှင်းတာကောင်းသဖြင့် နွဲ့ယဉ်မျက်နှာလေး ကြည်သာစပြုချိန်မှာပင်…

'ဟဲ့… နွဲ့ယဉ် ဘာလုပ်နေတာလဲ၊ ဒီမှာ ဈေးဝယ်ရောက်နေတယ်'

တစ်ဖက်ဆိုင်မှ ဒေါ်နွဲ့အေး အသံမာမာနှင့် လှမ်းခေါ်သဖြင့် နွဲ့ယဉ်



www.burmeseclassic.com

www.burmeseclassic.com



ထပြေးရတော့သည်။ စည်သူလည်း ချစ်သူနှင့် စကားစမြည်ပင် ပြောခွင့်မရ တော့ဘဲ အလွမ်းပြေသာ ကြည့်ခွင့်ရခဲ့၏။

'အောင်မလေး ငါ့ဆိုင်လာပြီး လင်းတမှိုင် မှိုင်မနေစမ်းပါနဲ့၊ လာဘ် တိတ်လို့ပါ တကယ်တည်း'

'ဒေါ်လေးရယ် စကားတောင် ကောင်းကောင်းမပြောလိုက်ရဘူး လေ'

'ပူမနေနဲ့၊ မနက်ဖြန် သူ ဈေးဆင်းလိမ့်မယ်၊ ရထားပေါ်က စောင့်နေ'

'ဟင်… ဟုတ်လား၊ ဒါဆို ကံဘဲ့က ဆယ်နာရီဆယ်မိနစ်ထွက် တဲ့ရထားနဲ့ လိုက်ခဲ့လို့ ပြောလိုက်ပါ'

'အေး… အေး'

'ကဲ… ဒေါ်လေး ဘာဟင်းတွေရပြီလဲ၊ ကျွန်တော် ဈေးဦးဖောက် ပေးမယ်'

'ဗုံလုံသီးနဲ့ ပုစွန်ကြော်ရယ်၊ ငါးကြော်ရယ်ပဲ ရသေးတယ်ဟဲ့'

'နှစ်မျိုးလုံးထည့် ဒေါ်လေး စားမယ်'

မစားရတာကြာပြီဖြစ်သည့် ဒေါ်လေးလက်ရာနှင့် ထမင်းစား ကောင်းခဲ့သော်လည်း နှလုံးသားကတော့ မတင်းတိမ်ခဲ့။ ထမင်းစားပြီး မနက်ဖြန်ဆုံကြဖို့ ဒေါ်လေးကို အသေအချာမှာခဲ့ကာ စည်သူ ပြန်လာခဲ့ရ ၏။ နွဲ့ယဉ်ကိုတော့ အရိပ်အယောင်မျှပင် မတွေ့ရတော့။

ရထားကို ခရီးသည်တစ်ယောက်လို စည်သူ စီးလာခဲ့၏။ ဇော်ဂျီ အဝတ်အစားမပါသော်လည်း ရထားဈေးသည်အားလုံး သူ့ကို နှုတ်ဆက်ကြ သည်။ ဂျာနယ်လစ်ဘဝမှ စုတေ၍ ဇော်ဂျီဖြစ်ခဲ့သည့်ကာလတစ်လျှောက် သူ့ကို မသိသူမရှိ။

'ဟား… ကိုယ့်ဆရာက ဒီလိုဆိုတော့လည်း သားနားလို့ပါလား'

ဝင်ရိုးစွန်းရေခဲရေသည်က အားရဝမ်းသာနှုတ်ဆက်၏။

'ငါမပြောဘူးလား၊ စ၊ ဆ၊ ဇ၊ ဈ၊ ညနဲ့ အကျိုးပေးမှာပါဆို'



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဆရာ ပုံနားဘကွန်းက ချီးကျူးစကားပြောသည်။

'ကိုယ့်လူက တကယ်သူဌေးဖြစ်နေပြီကိုး၊ ဇော်ဂျီမတော့ အင်းစိန်ဘက်တက်သွားလေရဲ့'

ကြက်ဥပြုတ် ငုံးဥပြုတ်သည်က နှုတ်ဆက်စကားဆိုသည်။ အားလုံး ကျေနပ်အောင် ရင်းရင်းနှီးနှီး ပြန်နှုတ်ဆက်ရ၏။ ပါရမီ ဘူတာတွင် တွဲပေါ်စိုတွဲတစ်တွဲ တက်လာသည်။ စည်သူ လှမ်းကြည့်ပြီး အံ့သြဝမ်းသာသွား၏။

'ဟော့ကောင် သာဒွန်း'

'ဟင်… စည်သူ မင်းဘိုးအေတဲ့မှပဲ၊ မင်းကိုလိုက်ရှာနေတာကြာပြီ'

သာဒွန်းတို့ လင်မယား ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ သူတို့ရေကူးဘူတာရုံလမ်းတွင် အိမ်ငှားနေကြောင်း ဂျာနယ်ရောင်းရတာ မကိုက်သော့၍ အလုပ်လိုက်ရှာနေကြောင်းများ သိရသည်။ တံတားလေးဘူတာတွင် ဆင်းပြီး လက်ဖက်ရည်ဆိုင်ထိုင်ကြ၏။

'မင်း အဆင်ပြေနေတယ်ဆို၊ သတင်းတွေကြားတယ်'

'ခုမှကြိုးစားတုန်းပါကွာ'

'ငါတို့ကိုအလုပ်မပေးနိုင်ဘူးလား'

'ပေးနိုင်ပါတယ်ကွာ'

'ဘာလုပ်ရမလဲ ပြော'

'ဂဒါဖီကို သွားသတ်လိုက်၊ ဒါမှသတင်းထူးပြီး ဂျာနယ်ရောင်းကောင်းမှာ'

'ဟား… ဟား… ဟား… မင်း ဒါတွေမမေ့သေးဘဲကိုး'

'မေ့စရာလားကွာ၊ ဒီလိုလုပ် ခက်ခက်က အဖေတို့နဲ့အတူ ဆေးဘူးထုတ်လုပ်တဲ့နေရာမှာ ပိုင်းကူ၊ မင်းက ဆေးလိုက်ရောင်း'

'အေး… ကောင်းတယ်၊ လုပ်မယ်ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအတိုင်းတော့ ရောင်းလို့မရဘူးနော်၊ ဇော်ဂျီလိုဝတ်ပြီး အရုပ်ထဲ လိုက်ရောင်းရမှာ'

'ဖြစ်ပါတယ်ကွာ၊ ဒါနဲ့ ရထားပေါ်မှာပဲ ရောင်းလို့မရဘူးလား'

'ရထားပေါ်မှာ ငါ့အပြင် နောက်တစ်ယောက်ရှိသေးတယ်ကွ ပြီးတော့ မနိုင်မနင်းဖြစ်နေလို့ ဘာမှထပ်မလုပ်တော့ဘူးလို့ စဉ်းစားထားတာ မင်းနဲ့တွေ့လို့ အားရှိပြီး အလုပ်ချဲ့ဖို့ စိတ်ကူးပေါက်သွားတာ'

'လုပ်ကွာ၊ ငါ ကြိုးစားပြီး ဖြန့်ပေးပါ့မယ်'

'အေး... ခုဟာက အစမို့ပါ၊ နောက်ပိုင်းဆို လေးဘီးဖြစ်ဖြစ် ပါပလစ်ကာဖြစ်ဖြစ် ငှားပြီး ရန်ကုန်မြို့ပတ်ပြီး ဆေးအရောင်းထွက်မယ်ကွာ'

'မိုက်တယ်၊ ကြိုက်ပြီ၊ လုံးဝအိုကေစေရမယ်ကွာ၊ လုပ်...'

သာဒွန်းတို့လင်မယားကို ဦးသိက္ခာအိမ်သို့ခေါ်သွား၏။ ဇော်ဂျီ ယူနီဖောင်းချုပ်နေစဉ်အတွင်း လင်မယားနှစ်ယောက်လုံး ဒီမှာပဲလုပ်နေရန်နှင့် တစ်ယောက်နေ့တွက် နှစ်ထောင်ပေးမည်ဖြစ်ကြောင်း ပြောလိုက်၏။ သာဒွန်း တို့ လင်မယား ဝမ်းသာနေကြသလို ကျေးဇူးရှိခဲ့ဖူးသူကို ပြန်ကူညီခွင့်ရ သဖြင့် စည်သူလည်း ကြည်နူးပီတိဖြစ်ခဲ့ရသည်။

❒ ❒ ❒

ဆောင်းက ပီပီပြင်ပြင် အရှယ်ရောက်နေခဲ့ပြီ။ အသက်ရှူထုတ် လိုက်တိုင်း နှာခေါင်းနှင့် ပါးစပ်က အငွေ့ကထောင်းထောင်းထ၏။ မြေ လျှောက်ဝိဇ္ဇာ ဇော်ဂျီတစ်ယောက် လမ်းလျှောက်လာနေသည်။

'ဇော်ဂျီ လာပြီနော်၊ ဆေးစားဖို့မမေ့နဲ့၊ ဝမ်းပျော့ဆေး လေနိုင် လျက်ဆားသွေးသန့်ဆေးတွေပါတယ်၊ သိပြီးသားမို့ နားညည်းအောင်အများ ကြီးမပြောတော့ဘူး၊ ကြံ့တုန်းဝယ်ထားလိုက်ကြ၊ ဆေးသည်ဇော်ဂျီ၊ ဆေးသည် ဇော်ဂျီဆေးသည်'

ထုံးစံအတိုင်း ဘူတာမရောက်ခင် အရုပ်ထဲ အဖြတ်မှာ စည်သူ အော်ဟစ်လိုက်သေးသည်။ သို့သော် မရောင်းရတော့။ ဒီရုပ်ကွက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တိုင်းမှာ သူ့ဆေးတွေ ဝယ်လို့ရနေပြီလေ။ အလိုရှိလျှင် ဆိုင်ကိုသာ မေးပြီးဝယ်တတ်ကြ၏။ သူ့ကိုမြင်လျှင် ကလေးတွေ ဝိုင်းပြီး လက်ဖြန့်တတ်ကြသည်။

လျက်ဆား အမြည်းပေးရင်း ဘူတာအထိ လိုက်လာကြ၏။ ဘူတာတွင် ဇော်ကတီးလုံးနှင့် စည်သူ ကတာကြည့်ပြီးမှ ပြန်တတ်သည်။ ဘာပဲပြောပြော ဒါကလည်း ကြော်ငြာနည်းတစ်မျိုးမို့ စည်သူ မဖြစ်မနေ ပျက်မကွက် လုပ်လေ့ရှိ၏။ ဒီနေ့တော့ ဇော်ဂျီမ မိမွေးလည်း ရောက်နေသဖြင့် တီးလုံးဖွင့်ပြီး နှစ်ယောက်ညီညီညာညာ ကလိုက်ကြသည်။

လူတွေလည်း ဝိုင်းအုံကြည့်ကြ၏။ ပြီးတော့ လျက်ဆားတောင်းစားကြသည်။ တချို့လည်း ဝယ်သွားသည်။ ရုံးသွားချိန် ပထမရထားလာတော့ မိမွေးကို ထားခဲ့ပြီး စည်သူ လိုက်သွားသည်။ သူ ရထားပေါ်ရောက်သည်နှင့် ခပ်နောက်နောက်လူတချို့က…

'စမြင်းတစ်လို့ အတင်းညှစ်နေရသလား'

ဟု ဝိုင်းပြောကြ၏။ ဒီလိုလူတွေနားထဲ စွဲနေတာကလည်း အောင်မြင်မှုတစ်ရပ်ပဲ ဖြစ်သည်။

'ဟုတ်ကဲ့ ဇော်ဂျီ ပြောမယ့်စကားတွေ အလွတ်ရနေမှတော့ ဘာမှ မပြောတော့ပါဘူး၊ လိုအပ်ရင် လှမ်းခေါ်လိုက်ပါ ခင်ဗျာ'

'ဒီကို စမြင်းထွက်ဆေးတစ်ဘူးလောက်'

'လာပါပြီဗျာ၊ ရော့…'

'သွေးသန့်ဆေးတစ်ဘူး'

'ဟုတ်ကဲ့ ဒီဆေးနည်းက နှစ်ထောင်းချီကြာပြီဖြစ်တဲ့ ဆေးတွေပါ၊ ဝေဝတီတို့ ဇဏပဒကလျာဏီတို့ သောက်ခဲ့တဲ့ဆေး၊ ပုံမှန်သာ စွဲသောက် သွားရင် မိုးဟောကိုတောင် နောက်ကောက်ကျမယ့်ဆေး'

စည်သူ့အပြောကြောင့် ကောင်မလေးတွေ သဘောကျပြီး ဝယ်ကြ ၏။

'ယောကျ်ားတွေကော သောက်လို့မရဘူးလား'



www.burmeseclassic.com

www.burmeseclassic.com


'သိပ်ရတာပေါ့ဗျာ၊ ဒီဆေးကို ဂျပ်စတင်ဘီဘာတို့ ဟယ်ရီပေါ်တာ တို့ အမြဲမှာစားနေကြတာ'

ကောင်လေးတွေ သဘောကျပြီး ရယ်ကြပြန်သည်။

'ဒါဆို တစ်ဘူးလောက်ဝယ်ပြီး ဗေလုဝဆီ ပို့လိုက်မယ်'

နောက်နောက်ပြောင်ပြောင် ပျော်ပျော်ရွှင်ရွှင်နှင့် ဈေးရောင်းကောင်း နေ၏။ ဟိုတွဲပြောင်း ဒီတွဲပြောင်းရောင်းရင်း ဘူတာကြီးသို့ ရောက်ခဲ့သည်။ ဒီနေ့ နွဲ့ယဉ် ဈေးဝယ်ထွက်မည့်နေ့ဖြစ်၏။ ဆယ်နာရီလောက်တွင် ကံဘဲ့ ဘူတာသို့ရောက်နေမှဖြစ်မည်။ ထို့ကြောင့် မင်္ဂလာဒုံရထားနှင့် ပြန်လိုက်လာ ခဲ့သည်။

ဇော်ဂျီကိုမြင်သည်နှင့် ဆေးလှမ်းဝယ်သူရှိသလို လျက်ဆားတောင်း ဖို့လက်ဖြန့်သူလည်းရှိ၏။

'အင်္ဂါသားသမီးတွေ ခြင်ထောင်သာ ပက်လက်လှန်ထားလိုက် တော့၊ ဝင်လာမစဲ တသဲသဲပဲဗျို့၊ ကိုယ့်ရည်းစားက အင်္ဂါသားသမီးဆိုရင် တစ်ခါတည်းလက်မှတ်ထိုးထားမှ စိတ်ချရမယ်နော်၊ ကွန်ပျူတာဆရာဇော်ခင် ရဲ့ ဟောစာတမ်းတွေ တစ်စောင်တစ်ရာ ကွမ်းယာဖိုးလောက်နဲ့ အကျိုး အကြောင်း အဆိုးအကောင်းသိရမယ်နော်'

ပုံနှားဖိုးကွန်း ဟောစာတမ်းရောင်းနေသဖြင့် စည်သူ ရှောင်ပေး လိုက်၏။

လိုအပ်သည့်သူများကို ရောင်းချပေးရင်း ကံဘဲ့သို့ ပြန်ရောက်လာ ၏။ ဆယ်နာရီမထိုးသေးသည်မို့ စိတ်အေးသွားသည်။ သန့်စင်ခန်းတွင် ဇော်ဂျီသေးပေါက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်နေလိုက်၏။ သူ့အကြည့်က ဘူတာရုံတစ်ဖက် စကြံနှမှ ဝင်ပေါက်ဝဆီသို့ နွဲ့ယဉ် ဆယ်နာရီကျော် ဘူတာထဲ ဝင်လာသည်။ စည်သူ အသာငြိမ်နေလိုက်၏။ မြို့ထဲဘက်သွား မည်မို့ နွဲ့ယဉ် ဒီဘက်ခြမ်း စကြံနှဆီ ကူးလာ၏။ ပြီးတော့ ဟိုဟိုဒီဒီ ရှာကြည့်နေသည်။

ထုံးစံအတိုင်း ရထားထွက်ခါနီးမှ စည်သူ ပြေးတက်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



နွဲ့ယဉ် ထိုင်စရာရတာ လှမ်းမြင်ရသည်။ သူ့ကိုဇော်ဂျီဝတ်စုံနှင့် နွဲ့ယဉ် တစ်ခါမှ မမြင်ဖူးသေးသည်မို့ သူလည်း ကိုယ်ထင်ပြရမှာ နည်းနည်းရှက်နေ၏။

လူကြားသူကြားထဲ ဇော်ဂျီက ကဖို့ မရှက်သော်လည်း ချစ်သူရှေ့ ဒီဝတ်စုံကြီးနှင့် သွားဖို့တော်တော်အားယူနေရ၏။ ထိုအခိုက် သူ့ကိုမြင်သည့် ဆောက်သည်တစ်ယောက်က အတင်းလှမ်းခေါ်နေပြန်သည်။

'ဟေး… ဇော်ဂျီ သွေးသန့်ဆေးတစ်ဘူးလောက်'

မတတ်သာတော့ ထိုလူက နွဲ့ယဉ် ရှေ့တည့်တည့်မှာ ထိုင်နေသည်။ ဇော်ဂျီဟု ကြားလိုက်သဖြင့် နွဲ့ယဉ်လည်း လှမ်းကြည့်နေ၏။ စည်သူ ဆေးပုလင်းအဆင်သင့်ထုတ်ရင်း ခပ်မှုန်မှုန်လျှောက်သွားလိုက်သည်။

'လေမသက်လို့ အနေခက်နေသလား၊ အမေလျက်ရုံနဲ့ ကလေးပါ ဘာဘူဘူပေါက်တဲ့ဆေး၊ ဇော်ဂျီအစာကြေလေနိုင်ဆေး၊ အကြောပြေဝမ်းပျော့ဆေး၊ သွေးသန့်ဆေးတွေ လာပြီနော်၊ ဝယ်ထားလို့ တကယ်မမှားတဲ့ ဇော်ဂျီ ဆေးတိုက်ထုတ် အာမခံဆေးတွေ လာပြီ'

လှမ်းခေါ်သူနှင့် အခြားသူသုံးယောက် အလိုရှိရာ ဆေးများဝယ်ကြသည်။ စည်သူ ရှက်စိတ်ကိုမောင်းထုတ်ရင်း ရောင်းပေးနေရ၏။ ဝယ်သူ မရှိတော့မှ နွဲ့ယဉ်ရှေ့သွားရပ်ပြီး ပြုံးပြလိုက်သည်။ နွဲ့ယဉ်က ရှက်နေပုံမရ။

'ဖိုးချစ်ကျနေတာပဲ ကြည့်လို့ကောင်းတယ်'

ချစ်သူက အားပေးတော့ စည်သူလည်း ရှက်စိတ်ပျောက်ပြီး အား တက်သွား၏။

'ဇော်က ကပြရဦးမလား'

'ဟင့်အင်း ရတယ်၊ လျက်ဆားပဲ နည်းနည်းပေး မြည်းကြည့်မလို့'

ဘေးနားက လူတစ်ယောက် ဆင်းဖို့ထသွားသဖြင့် ဇော်ဂျီ သူယောင်မယ်လေးနားမှာ ဝင်ထိုင်လိုက်၏။ ပြီးတော့ ချစ်သူ၏ လက်ဖဝါး နုနုလေးကို လှမ်းယူလိုက်ပြီး လျက်ဆားနည်းနည်းထည့်ပေးလိုက်သည်။ နွဲ့ယဉ် မြည်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



'နွဲ့ယဉ် နည်းနည်းပဲလျက်နော်၊ အရမ်းလေလည်တာ'

'ဟင်… ဟုတ်လား၊ တော်ပြီ၊ တော်ပြီ'

နွဲ့ယဉ်က လက်ဖဝါးပေါ်မှ လျက်ဆားအကျန်လေးကို ခါချလိုက်သည်။ စည်သူ ရယ်မိ၏။

'ရောင်းကောင်းလား'

'ကောင်းပါတယ်၊ ခုဆို ရထားပေါ်တင်မကတော့ဘူး၊ ရပ်ကွက်ထဲက ဆိုင်တွေပါ ဖြန့်နေတာ၊ နောက်လလောက်ဆို ကားငှားပြီး မြို့အနှံ့ လျှောက်ရောင်းဖို့ ပြင်ဆင်ထားတယ်'

'တိုးတက်လာပြီပေါ့'

'ဟင်း… ဟင်း… ဂျာနယ်ရောင်းတုန်းကထက်စာရင်တော့ အများကြီး အခြေအနေကောင်းလာပါတယ်၊ နွဲ့ယဉ် ငါ့မှာ အစီအစဉ်တွေတော့ အများကြီးပဲ၊ ဒါတွေအားလုံး နင့်အတွက် ကြိုးစားနေတာ သိလား'

'အင်းပါ စည်သူရယ်၊ အဲဒီအတွက် ရင်ခုန်ကြည်နူးရပါတယ်'

နွဲ့ယဉ်က အသိအမှတ်ပြု စကားပြောသဖြင့် စည်သူ နွားဖြစ်ချင်စိတ်ပေါက်သွား၏။ ဒီမိန်းမ အဆင်ပြေပြေနေဖို့အရေး ဒီမိန်းမခိုင်းသမျှ လုပ်ပေးချင်နေသည်။ ထမ်းပိုးကျင့်ခံရသည့် နွားဘဝမှ ပါမင်နင့်နွားဘဝ ချက်ချင်းလက်ငင်းရောက်ချင်နေမိ၏။

'ငါတော့ အနာဂတ်အတွက် ကြိုပြီး ရင်ခုန်နေပြီ နွဲ့ယဉ်ရာ'

'အမေ ဘယ်လိုပြောမလဲဆိုတာကော ထည့်တွေးထားရဲ့လား'

'အေးဟာ၊ အဒေါ်ကလည်း ဘာလို့များ ငါ့ကို မျက်မုန်းကျိုးနေတာလဲ မသိဘူး'

'နင့်မှ မဟုတ်ပါဘူး၊ ကျော်ဇင့်ကိုလည်း ဒီလိုပဲ၊ အမေက ငါ့ကို သမ္မတလောက်မှ သဘောတူချင်တာလား မသိဘူး'

'ဒါဆို အဘိုးကြီးနဲ့ပဲ ညားမှာပေါ့ဟ၊ မိဘက သားသမီးကောင်းစားတာမြင်ချင်တယ်ဆိုပေမယ့် နင့်အမေ လွန်လွန်းပါတယ်'

'ပရာဒိုစီးပြီး လင့်နိခရှုဇာရဲ့တာ မြင်ချင်တာလေ'



www.burmeseclassic.com

www.burmeseclassic.com



'အဟင်း… ရိုမုတ်နဲ့ မောင်းတဲ့ ကားတွေအများကြီးဝယ်ပြီး ဘာတောင်းဦးမယ်'

'ဘယ်လိုတောင်းမှာလဲ'

'နည်းနည်းလောက်လို့'

'အဟင်း… ဟင်း… ဟင်း… ပေးလိုက်လိမ့်မယ် စောင့်နေ'

ချစ်သူနှင့်အေးအေးလူလူ စကားပြောခွင့်ရသော်လည်း သူက ဇော်ဂျီ ယူနီဖောင်းနှင့်မို့ စိတ်မသက်မသာဖြစ်နေသည်။ ကြားတွင် ဘာက်ထော်၊ တာမွေ၊ မေတ္တာညွန့်နှင့် မလွှကုန်းဘူတာတို့ ရှိသော်လည်း ရထားက ဒီနေ့မှ မြန်နေသလားမသိ။ ချက်ချင်းဆိုသလို ပုစွန်တောင်ဘူတာ သို့ ရောက်လာသည်။ တွေ့ဆုံရချိန်က နည်းလွန်းလှ၏။

ဇော်ဂျီက သူယောင်မယ်ကို လက်တွဲပြီး သွားလိုသော်လည်း တာဝန်တယ်သဖြင့် ရထားပေါ်မှ ခပ်ခွာခွာသာ ဆင်းလိုက်ရသည်။ သူတို့ ဆင်းလာတာ ရှေ့ဆုံးတွဲဖြစ်နေ၍ ပုစွန်တောင်ဘူတာမှ မိုးပျံတံတားအောက်နား သို့ ခေါင်းတွဲက ရောက်နေသည်။ တံတားလှေကားအနီးတွင် ခဏရပ်လိုက် ကြ၏။ စည်သူက တစ်ခါတုန်းက နွဲ့ယဉ် လက်မခံခဲ့သည့် လက်စွပ်ဘူး လေးကို ထုတ်လိုက်သည်။

'နွဲ့ယဉ် နင့်ကို ငါ လက်ထပ်ပါရစေ၊ နင် လက်ခံတယ်ဆိုရင် ဒီလက်စွပ်လေး ငါဝတ်ပေးချင်တယ်'

နွဲ့ယဉ်က ရှက်သလို ခေါင်းငုံ့လိုက်ရင်း…

'စည်သူရယ် လူမြင်ကွင်းကြီးမှာ'

'နင်နဲ့ငါ နှစ်ယောက်တည်းတွေ့ခွင့်မှ မရှိတာ'

'ဟုတ်ပါတယ်လေ၊ ကဲ… နင် လက်ထပ်ခွင့်တောင်းတာကို ငါ လက်ခံပါတယ် စည်သူ'

'ဝမ်းသာလိုက်တာ နွဲ့ယဉ်ရယ်၊ ငါလေ တစ်နှစ်အတွင်း လက်ထပ်နိုင်အောင် ကြိုးစားမယ် သိလား'

စည်သူက ပြောပြောဆိုဆိုပင် လက်စွပ်ဘူးလေးကို ဖွင့်၍ လက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုထုတ်ယူ၍ နွဲ့ယဉ်၏ ဘယ်လက်ကို ဆွဲယူကာ လက်သူကြွယ်တွင် တထုတ်တယဆင်မြန်းပေး၏။ အနီးအနားမှာ လူမရှိသော်လည်း မလှမ်းမကမ်းမှ လူများ လှမ်းကြည့်နေကြသည်။ ဇော်ဂျီက ကောင်မလေး လက်ကို ဆွဲနေသည်ကိုး။

ထိုမြင်ကွင်းကို တံတားပေါ်မှ ဇော်ဂျီ တစ်ယောက်ကလည်း လှမ်းကြည့်နေသည်။ ထိုဇော်ဂျီက မိမွေးပင်ဖြစ်၏။ မိမွေးက လှမ်းကြည့်ရင်း တော်တော်လေး ကြေကွဲသွားရှာသည်။ ကိုရီးယားကား ပရိသတ်များမို့ ဘာအဓိပ္ပာယ်လည်းဆိုတာ ကောင်းကောင်းသိသဖြင့် ထိထိခိုက်ခိုက် ဖြစ်သွား၏။

ကျေနပ်ကြည်နူးနေသော စည်သူတို့စုံတွဲ။ အတူယဉ်၍ ဘုတာစကြံ့န်ကို အလျားလိုက် လျှောက်လာခဲ့ကြ၏။ စကြံ့န်အဆုံး ဘုန်းကြီးကျောင်းအတွင်းမှ ဖြတ်ထွက်လျှင် ယခင် အမဲဈေးဘက်သို့ ရောက်၏။ မင်္ဂလာဈေးတို့ ယုဇနပလာဇာတို့နှင့် သိပ်မဝေးလှတော့။

ဇော်ဂျီက သူယောင်မယ်ကို ထိုကျောင်းဝထိလိုက်ပို့ပေး၏။ နှစ်ယောက်မျက်နှာချင်းဆိုင်ရပ်ပြီး မခွဲနိုင်မခွာရက် ဖြစ်နေကြသည်။ သို့သော် ဘဝပေးအခြေအနေအရ အလုပ်ကိုယ်စီနှင့်မို့ နွဲ့ယဉ်ထွက်သွားတာကို လှမ်းကြည့်ရင်း ဇော်ဂျီငေးငိုင်ကာ ကျန်ရစ်ခဲ့တော့၏။

❐ ❐ ❐

သာဒွန်းက ဇော်ဂျီဝတ်စုံကို ရီဟာဇယ်ဝတ်ကြည့်ရင်း ခုန်ပေါက်နေ၏။ အဖေနှင့် ဦးသိက္ခာက စိတ်ပျက်လက်ပျက် လှမ်းကြည့်ရင်း…

'သာဒွန်းရာ မျက်စိနောက်လိုက်တာ၊ မင်းက ဇော်ဂျီနဲ့မတူဘဲ မျောက်နီကြီး ကမြင်းကြောထနေတာနဲ့ပဲ တူတယ်'

'ဟား… ဟား… ဟား… ပြောထားဦးပေါ့ ဦးလေးတို့ရာ၊ နောက်မှ ဇော်ဂျီဆေးတွေ အရမ်းရောင်းရအောင်လုပ်ပေးတဲ့ ဇော်ဂျီအစစ်ဆိုပြီး လာမဖားနဲ့'



www.burmeseclassic.com

www.burmeseclassic.com


သာဒွန်း စိတ်အားတက်ကြွနေပုံကို ကြည့်ရင်း စည်သူလည်း စိတ်ပျော်လက်ပျော် ဖြစ်နေမိ၏။ ထိုအခိုက်ဇော်ဂျီမ မိမွေးလည်း ပြန်ရောက်လာသည်။ မိမွေးက အိမ်ခန်းထဲဝင်ပြီး ယူနီဖောင်းသွားလဲနေ၏။ ပြန်ထွက်လာတော့ တစ်နေ့တာရောင်းရစာရင်းလက်ကျန်စာရင်းများတွက်ပြီး ပိုက်ဆံအပ်သည်။ စည်သူက သူ့အတွက်ကော်မရှင်နှုန်းတွက်၍ ငွေရှင်းပေးလိုက်၏။

ပြီးတော့ စည်သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း…

'နေ့ခင်းက ပုစွန်တောင်ဘုတာမှာ ကိုရီးယားကားကြည့်ရတာကောင်းလိုက်တာ ကိုစည်သူရာ'

'ဟုတ်လား၊ နင်ဈေးရောင်းဘဲ ကြည့်နေတာပေါ့'

'ဩော် ခဏလေးဟာကို၊ ဇော်ဂျီတစ်ယောက်က ကောင်မလေးတစ်ယောက်ကို လက်စွပ် စွပ်ပေးတာ သိပ်ကြည်နူးဖို့ကောင်းတာပဲ သိလား'

'ဟင်'

မိမွေး သူ့ကိုပြောနေတာဖြစ်ကြောင်း စည်သူ ရိပ်မိသွားသည်။ မိမွေးကို ဆက်မပြောရန် အမူအရာနှင့် တားလိုက်၏။ ဒါကို မမွေးက ဂရုမစိုက်။

'အဲဒီအစ်မကြီးက ကိုစည်သူ့ချစ်သူပေါ့ ဟုတ်လား'

အဖေ အကြည့်က သူ့ဆီတန်းရောက်လာ၏။ စည်သူ မျက်နှာလွှဲလိုက်သည်။ ဦးသိက္ခာ သာဒွန်းနှင့်ခက်ခက်တို့လည်း သူ့ကိုဝိုင်းကြည့်နေကြ၏။

'ငါ့သား မင်းထမင်းချက်မယ့်လူ ရှာတွေ့ပြီပေါ့ ဟုတ်လား'

'ဗျာ… ဟာ အဖေကလည်း'

'ဟဲ… ဟဲ… ရှက်မနေပါနဲ့ကွာ၊ ဒီအရွယ်မှာ ဒါမျိုးမရှိဘူးဆိုမှသာ ရှက်ရမှာ၊ ငါ့သားချစ်တယ်ဆို ဘယ်လိုမိန်းကလေးဖြစ်ဖြစ် အဖေသဘောတူတယ်၊ အိမ်ခေါ်လာပြီး အဖေနဲ့ မြန်မြန်မိတ်ဆက်ပေး'

အဖေ့စကားကို ကြားတော့ စည်သူ ပြုံးသွားသလောက် မိမွေး အံ့ဩသွား၏။


www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဦးလေးက အစ်ကို့ကို မိန်းမပေးစားချင်နေတာလား'

'ဒွါပေါ့ဟ၊ အိမ်မှာ အိမ်ရှင်မ မရှိဘဲ နေလာတာ ဘယ်လောက်ကြာနေပြီလဲ၊ မြန်မြန်ယူလေ၊ မြန်မြန် ထမင်းမြိန်လေပဲ'

'ဟွန်း… ဒီလိုမှန်းသိ မပြောပါဘူး၊ သွားမယ်၊ သွားမယ် ပြန်တော့မယ်'

မိမွေး ဝေါက်ခနဲ ထပြန်သွား၏။ ကျန်ခဲ့သူ အားလုံး ခေါင်းတညိတ်ညိတ်…

'ဇော်ဂျီမက စည်သူ့ကို ကြိုက်နေတာကိုး'

ဦးသိက္ခာ၏ စကားကို သာဒွန်းက ထောက်ခံ၏။

'ဟုတ်တယ် ဦးလေး၊ စည်သူ့အဖေက ကန့်ကွက်မလားလို့ ချိန်သလို တိုင်သလိုမျိုး ပြောသွားတာ ထင်သလိုဖြစ်မလာတော့ စိတ်တိုပြီး ထပြန်သွားတာ အသိသာကြီး'

'အဲဒါတွေထားလိုက်၊ သား… မိန်းကလေးအကြောင်း ပြောစမ်းပါဦး'

စည်သူ ရင်ကော့လိုက်သည်။ သူပြောချင်တာ ကြာလှပြီမဟုတ်လား။

'သားနဲ့အတူ ကျောင်းပြီးထားတာပါ၊ အမေတစ်ခု သမီးတစ်ခုပါပဲ၊ ကံဘုံဈေးမှာ အထည်ဆိုင်ဖွင့်ထားပါတယ်၊ မရှိမရှားပါဘဲ၊ သိပ်မလှပေမယ့် သားအတွက်တော့ ရုပ်ရှင်မင်းသမီးနဲ့ မလဲနိုင်ပါဘူး အဖေ'

'ဟား… ဟား… ဟုတ်ပြီကွာ၊ အဖေချွေးမရဖို့ သေချာသွားပြီပေါ့၊ ဗွတ်ကွာ၊ ဗဲရီးဗွတ်'

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

ပါပလစ်ကာကားကို သာဒွန်းက ဈေးရှေ့တွင် ထိုးရပ်လိုက်၏။ ကားဘေးနှစ်ဖက်တွင် ဗီနိုင်းနှင့် ကြော်ငြာများကပ်ထားသည်။ ကားနောက်ခန်းတွင် ဆေးဘူးများနှင့်အတူ ဦးသိက္ခာပါလာ၏။ ကားရှေ့ခန်းမှ ဇော်ဂျီနှစ်ယောက် ဆင်းလာသည်။ ဝန်းကျင်သစ်က ဇော်ဂျီများကိုစူးစမ်းကြသည်။

စည်သူနှင့် သာဒွန်း ဇော်ဂျီဆေးများစတင်ကြော်ငြာကြ၏။ စည်သူက စပီကာဖြင့် အော်ဟစ်ကြော်ငြာသည်။ သာဒွန်းက ဆေးနမူနာများ ဖြန့်ဝေပေး၏။

'ဟုတ်ကဲ့၊ မိဘပြည်သူများ ကျန်းမာရေးအတွက် စေတနာရှေ့ထားပြီး လာခဲ့ကြတဲ့ ကျွန်တော်များထံမှ အကြောပြေဝမ်းပျော့ဆေး၊ အစာကြေလေနိုင်ဆေးနဲ့ သွေးသန့်ဆေးများ ပါရှိလာပါတယ်ခင်ဗျာ'

အော်ဟစ်ကြော်ငြာပြီး ဦးသိက္ခာက လက်တွေ့လည်း နှိပ်နယ်ကုသ အကြောပြင်ပေး၏။ ဆေးလည်းအသင့်အတင့်ရောင်းရသည်။

'ကဲ… ဈေးထဲဝင်ပြီး နည်းနည်းလောက် ကြော်ငြာလိုက်ရအောင်'

'အေး… သွားကြတာပေါ့'

ဇော်ဂျီနှစ်ယောက် ဈေးထဲဝင်ခဲ့သည်။ ကြော်ငြာအော်ဟစ်နေစဉ် ဆေးလိုက်လုပ်ရင်း အသား ငါးတန်းဘက်သို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ကျွန်တော်များ'

ကြော်ငြာပင်မစရသေးခင်...

'ဝုတ်... ဝုတ်... ဝုတ်... ဝုတ်... ဝေါင်း... ဂီး'

ဈေးခွေးများထွက်လာကာ သူတို့ကို ထိုးဟောင်တော့၏။ လေးငါး ခြောက်ကောင်လောက်တော့ ရှိမည်ထင်သည်။ ရုတ်တရက်မို့ ဘာလုပ်ရမှန်း မသိ။

'ဟဲ့... ခွေး... ဟဲ့... ခွေး... သွား... သွားစမ်း'

'ဝုတ်... ဝုတ်... ဝုတ်... ဂီး'

ခွေးတွေတကယ်မျက်စိနောက်နေပုံရ၏။ တဝုန်းဝုန်းထိုးဟောင်ကာ ရှေ့တိုးလာသည်။ ဇော်ဂျီနှစ်ယောက် ကျောချင်းကပ်၍ တောင်ဝှေးတွေနှင့် ခြောက်လှန့်ရ၏။ နောက်ဆုံးတော့ တောင်ဝှေးလက်နက်ကို အကာအကွယ်ယူ ကာ ထွက်ပြေးကြရတော့သည်။ ကားဆီ ပြန်ရောက်တော့ ဖတ်ဖတ်မော နေကြတော့၏။

'ဟား... မလွယ်ပါလား စည်သူရာ'

'အဟင်း... ကံကောင်းလို့ အသားတစ်မထွက်တာဟေ့'

'ဘာဖြစ်လာကြတာလဲ'

'ခွေးလိုက်ဆွဲလို့ ဦးလေးရေ'

'အင်း... ခွေးမျက်စိနောက်မယ်ဆိုလည်း နောက်ချင်စရာပဲကိုးကွ'

'ကဲ... ကဲ... ကားက ငွေပေးပြီး ငှားထားရတာ၊ ဆီဖိုးကလည်း မသေးဘူး၊ နေရာပြောင်းမယ်ဟေ့'

စည်သူက ခပ်မြန်မြန်ဆုံးဖြတ်ပြီး နေရာရွှေ့ခဲ့ကြ၏။ ရပ်ကွက်ထဲ တိုးကာစမို့ အားပေးသည့်နေရာများရှိသလို အားမပေးကြသည့်အရပ်လည်း ရှိသည်။ ဒါကရေရှည်လုပ်သွားရမည့်ကိစ္စဖြစ်၏။

အခြေအနေကို သုံးသပ်ပြီးသည့်နောက်ပိုင်း ဈေးကွက်ကျယ်ပြန့် သော ရပ်ကွက်ကို ပိုပြီး အာရုံစိုက်ရန် ဆုံးဖြတ်လိုက်သည်။ ရထားပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



သစ်ဟာသွားသည့် စည်သူ့နေရာအတွက် ချာတိတ်တစ်ယောက်ကို ထပ်ခေါ်ပြီး စည်သူနှင့်သာဒွန်းက ကားနှင့်လှည့်လည်ရောင်းချခြင်းကို အလေးပေးဆောင်ရွက်ခဲ့ကြသည်။

တစ်လခန့်အကြာမှာတော့ သိသာသော တိုးတက်မှုကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိခဲ့ကြသည်။ ရောင်းချမှု ဖြန့်ချိမှုကို အမီလိုက်ရန် ထုတ်လုပ်မှုကိုပါ တိုးမြှင့်ခဲ့ရသည်။ စည်သူ့လုပ်ငန်းအခြေခိုင်ကာ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိလာခဲ့ပြီဟုသာ ဆိုရတော့မည်ဖြစ်၏။

❒ ❒ ❒

သာတောင့်သာယာရှိလှသော ညနေစောင်းတစ်ခုတွင် စည်သူနှင့်နွဲ့ယဉ် ဆုံတွေ့ပြီးလျှောက်လည်ကြ၏။ စုမိဆောင်းမိဖြစ်နေသည့် စည်သူကအေးအေးဆေးဆေးစကားပြောလို့ရနိုင်ပြီး အရသာရှိရှိ စားသောက်နိုင်ရန်ဘာမစ်တစ်နှင့် ရွှေဂုံတိုင်ကြားမှ မွေထိုင်းစားသောက်ဆိုင်သို့ခေါ်လာခဲ့သည်။

ယိုးဒယားသင်္ဘောသီးထောင်း၊ ပင်လယ်စာ အစုံသုပ်နှင့် ဘဲပေါင်းမှာကာ ထမင်းစားကြ၏။ ထိုဆိုင်က မူစလင်ဆိုင်ဖြစ်၍ ဝက်သားတော့မရ။ သို့သော် ယိုးဒယားစတိုင်ဖြစ်၍ မြန်မာလျှာနှင့်နီးစပ်သဖြင့် စားလို့ကောင်းသည်။

နွဲ့ယဉ်က မိန်းကလေးပီပီ ယိုးဒယားသင်္ဘောသီးထောင်းကို အရသာတွေ့နေ၏။ ဟင်းအားလုံးအရသာရှိလှသဖြင့် တော်တော်များများစားပစ်လိုက်ကြ၏။ ဗိုက်နည်းနည်းပြည့်သွားတော့မှ စကားပြောဖြစ်သည်။

'နွဲ့ယဉ် ကိုယ့်အဖေနဲ့ တွေ့ပြီးတော့ အတွေးပြောင်းသွားတာများရှိသေးလား'

'ဟင့်အင်း မရှိပါဘူး၊ဘာကိုအတွေးပြောင်းရဦးမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ငါ့ဇနီးအဖြစ်နဲ့ မိသားစုထဲကို ဝင်လာဖို့ ကျိန်းသေပြီပေါ့ ဟုတ်လား'

'အင်း'

စည်သူက ပင်လယ်စာအစုံသုပ်ကို တစ်ဇွန်းခပ်စားလိုက်၏။ ပြီး တော့ စွန်တန်ဟင်းချိုသောက်ရင်း ခံတွင်းရှင်းလိုက်သည်။ ပြီးမှ…

'နွဲ့ယဉ် ငါ ဘယ်တော့လောက် နင့်အမေကို လာတွေ့ရမလဲ'

'အဲ… အဲဒါ အဲဒါက ဟိုလေ ငါ အမေ့ကို မပြောရဲသေးလို့ဟာ နည်းနည်းလောက် သည်းခံပြီးစောင့်ပါဦး'

'ဘယ်လောက်ထပ်စောင့်ရဦးမှာလဲ နွဲ့ယဉ်'

နွဲ့ယဉ်က စိတ်အတွေးနှင့် ခန့်မှန်းပြီး တွက်ချက်နေ၏။ အတော် လေး အားတုံ့အားနာ ဖြစ်နေဟန်နှင့် ခေါင်းကုတ်ပြီး ပေါ်ကြောင်ကြောင် အိုက်တင်မျိုးနှင့် ပြုံးပြ၏။

'တစ်လနှစ်လပါပဲ စည်သူရယ်၊ ဘာလဲ မစောင့်ချင်ဘူးလား'

'မစောင့်ချင်တာတော့ ဘယ်ဟုတ်မလဲ၊ ဒါပေမဲ့ ငါ နင့်ကို ပိုင်ဆိုင်ချင်လှပြီဟာ၊ ငါ့ဘေးမှာ နင်မရှိရင် ငါ ကြိုးစားသမျှတွေက အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူး'

နွဲ့ယဉ် မျက်နှာဆွေးဆွေးမြေ့မြေ့လေး ဖြစ်သွား၏။ ထိုအခိုက် ဆိုင်ထဲသို့ လူနှစ်ယောက် ဝင်လာသည်။ စည်သူတို့ဘေးမှ ဖြတ်သွားရင်း…

'ဟင်… နွဲ့ယဉ်… နွဲ့ယဉ် မဟုတ်လား'

ရပ်ကြည့်ပြီး အသေအချာနှုတ်ဆက်လိုက်သဖြင့် နွဲ့ယဉ် မော့ကြည့် ပြီး…

'အန်… အန်ကယ်'

'ထမင်းလာစားကြတာလား၊ ဒါနဲ့ သူက…'

'နွဲ့ယဉ် သူငယ်ချင်းပါ'

'ဪ… အင်း… အင်း'



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက စည်သူ့ကို စူးရဲစွာကြည့်ပြီး ခြေသံပြင်းပြင်းနင်းလျက် ဆက်သွားကာ သီးသန့်ခန်းထဲသို့ ဝင်သွား၏။ စည်သူလည်း သိပ်အစာ ကျေချင်။

'ဘာလဲ နွဲ့ယဉ်၊ ဘာကြီးလဲ'

'ကွိုင်ပဲ စည်သူ၊ အဲဒါ အမေ့မိတ်ဆွေ'

'ဟင်'

'အမေနဲ့ တော်တော်ရင်းနှီးတယ်၊ အကူအညီတွေ ခဏခဏပေး ဖူးတယ်'

'ငါ သဘောမကျဘူး နွဲ့ယဉ်'

'ခေါင်းထဲထည့်မနေပါနဲ့ စည်သူ၊ ထားလိုက်ပါ၊ ကဲ··· ဟင်းတွေ စားလိုက်ဦး'

စည်သူ ပင်လယ်စာသုပ်ကို ခပ်စားလိုက်၏။ ဈေးကြီးသော ပင်လယ်စာသုပ်က စောစောကလို အရသာမရှိတော့။

❒ ❒ ❒

နောက်တစ်ပတ်အကြာမှာတော့ ဆေးကြော်ငြာကားနှင့် ကံဘဲ့ဈေးထဲ ရောက်လာခဲ့ကြ၏။ လမ်းတစ်လျှောက် အော်ဟစ်ကြော်ငြာလိုက် ဖော်က ကလိုက်နှင့် မှန်မှန်ကြီး ချီတက်လာခဲ့သည်။ ဘူတာရုံဘက်တက်သွားသည့် လမ်းသွယ်ထဲရောက်သောအခါ ကားဝင်လို့မရတော့သဖြင့် ဖော်ကျိန့်စ်ယောက် လမ်းလျှောက်ဝင်ခဲ့၏။

နွဲ့ယဉ်တို့ဆိုင်ရှေ့အရောက် နွဲ့ယဉ်နှင့်ဒေါ်နွဲ့အေးကိုပါ တွေ့သဖြင့် ဆေးလက်ဆောင်များပေးရင်း စကားဝင်ပြောသည်။

'အဒေါ်··· ဒါ··· ကျွန်တော် ထုတ်လုပ်ဖြန့်ချိတဲ့ဆေးလေး၊ နမူနာ လေး သုံးကြည့်ဖို့ လက်ဆောင်ပေးတာပါ'

'အမလေး လေး··· မင်းက ဆေးဖော်ရောင်းတယ်၊ ဘာနားလည်



www.burmeseclassic.com

www.burmeseclassic.com



လို့ လုပ်ရတာလဲ၊ ဆေးဆိုတာ အသက်နဲ့ဆိုင်တဲ့ကိစ္စနော်၊ မသိတဲ့လူကို ညာရောင်း၊ ငါတို့ ဒါမျိုးမသုံးဘူး၊ မပေးခဲ့နဲ့'

'ဟာ… အဒေါ်ကလည်း ကျွန်တော့်အဖေလို လေးစားရတဲ့ ဆေးဆရာကြီးတစ်ယောက်ရဲ့ ကြီးကြပ်မှုနဲ့ ထုတ်ထားတာပါ၊ ဆေးဝါးကြီး ကြပ်ကွပ်ကဲမှု ဗဟိုအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ တရားဝင်ရောင်းချခွင့်ရထားတာ'

'ဘာပဲဖြစ်ဖြစ် ဆေးလည်းမသုံးဘူး၊ မင်းလည်း သွားတော့'

သူ့အပေါ် ယောက္ခမလောင်း၏ အမြင်ကပ်မှုက ပိုပြီးပြင်းထန်နေ တာသိရသဖြင့် စည်သူ စိတ်ဓာတ်ကျသွား၏။ ဆက်အထွန့်တက်နေလျှင် သူလည်း ကျော်ဇင်လို အရှက်ကွဲရမည်မို့ သာဒွန်းလက်ကိုဆွဲပြီး ဇော်ဂျီ နှစ်ကောင် သုတ်ခြေတင်ခဲ့ရတော့သည်။

ကားဆီပြန်ရောက်မှ ဦးသိက္ခာကိုပါခေါ်ပြီး နီးရာထမင်းဆိုင်ဝင် လိုက်ကြသည်။ စည်သူ ထမင်းစားချင်စိတ်ပင် မရှိဘဲ မျောက်မှိုင်မှိုင်နေ တော့၏။

'စည်သူ မင်းက ဘာဖြစ်နေတာလဲ'

ဦးသိက္ခာ အမေးကို သာဒွန်းက အဖြေပေး၏။

'ယောက္ခမလောင်းက ပိုးစိုးပက်စက်ပြောလွှတ်လိုက်လို့'

သာဒွန်း၏ ရှင်းပြမှုနှင့် အကြောင်းစုံသိသွားသည့် ဦးသိက္ခာ တကျွတ်ကျွတ်နှင့် စုပ်သပ်၏။

'မင်းနဲ့ဘာလို့သဘောမတူတာလဲ'

'သဘောမတူတာမဟုတ်ဘူး ဦးလေးရေ၊ သူ့သမီးနဲ့ ရည်းစား ဖြစ်နေတာတောင် မသိသေးဘဲနဲ့ ဖြစ်သွားမှာနီးစပ်သွားမှာစိုးလို့ ကြိုကာ နေတာ'

'ဟား… ပြင်းလှချည်လား၊ ကောင်မလေးကတော့ မွန်မွန်ရည် ရည်နဲ့ပါ၊ မင်းခေါ်လာတုန်းက ကောင်းကောင်းစကားပြောလိုက်ရတာပဲ၊ မင်းကိုလည်း ယုံယုံကြည်ကြည်နဲ့ ချစ်ရှာသားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'တော်ရုံလူနဲ့ကို သဘောမတူချင်တာ ဦးလေးရေ'

'ကြီးကျယ်လို့ကွာ၊ သူကိုယ်တိုင်က ဝင်ဒါမီယာမှာနေတာကျနေ ဘာပဲ၊ ဒီမယ် စည်သူ ဒါမျိုး ဘယ်တော့မှ ဒူးမထောက်နဲ့၊ ကောင်မလေး ဘ မင်းဘက်မှာပဲ၊ ခိုးသာပြေး၊ ငါ အားပေးတယ်'

စည်သူ့ခေါင်းထဲ အတွေးတစ်ချက် လင်းလက်သွား၏။ ဟုတ် သည်။ နွှဲ့ယဉ် အမေကို ဘယ်လိုမှ စည်းရုံးလို့ရမှာမဟုတ်ဘူးဆိုတာ သူလည်း ရိပ်စားမိပြီ။ ခုလိုခိုးပြေးလို့ ရတယ်ဆိုတာ ဘာကြောင့်မတွေးမိပါ သိမ့်ဟု သူ့ကိုယ်သူ အားမလိုအားမရ ဖြစ်မိ၏။

'ကောင်းလိုက်တဲ့အကြံဗျာ၊ ဟုတ်တယ်၊ ကျွန်တော် ခိုးပြေးတော့ မယ်၊ နွှဲ့ယဉ်ကို ရအောင်စည်းရုံးပြီး ခိုးပြေးမယ်၊ ကျွန်တော်လည်း မိန်းမ တစ်ယောက်ကို တင့်တောင်းတင့်တယ် လက်ထပ်ယူနိုင်သလို အိမ်ထောင် တစ်ခုကိုလည်း ကောင်းကောင်းတာဝန်ယူနိုင်ပါတယ်ဗျ'

'ဒါပဲပေါ့ ငါ့လူရာ၊ ဒါကိုများ မျောက်မှိုင်မှိုင်နေရတယ်လို့၊ ငါ သက်နှစ်ဆယ်ကျော်မှာ မင်းလိုခပ်နုံနုံ မဟုတ်ဘူးကွ သိလား'

'ဟား... ဟား... ဟား... ဟား... ကောင်းပြီ ဦးလေး၊ ကျွန်တော်လည်း မနုံဘူးဆိုတာ အမြန်ဆုံးလက်တွေ့ပြမယ်၊ ဟုတ်ပြီလား'

'အိုးတာကေဗျာ အိုးတာကေ'

❐ ❐ ❐

နောက်တစ်နေ့မှာပင် စည်သူ လူလိုဝတ်ပြီး ထမင်းစားချိန်လောက် နီး၍ ဒေါ်လေး၏ဆိုင်သို့ ရောက်နေခဲ့၏။ လူယောင်ပြထားသဖြင့် သူ့အမေ အလစ်တွင် နွှဲ့ယဉ်ရောက်လာသည်။

'နွှဲ့ယဉ် အပြင်ခဏသွားပြီး စကားပြောလို့ရမလား'

'မရဘူး စည်သူ၊ ခုတောင် အမေ ခေါင်းမူးလို့ဆိုပြီး အိပ် နေလို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဒါဆို ဒီမှာပဲ ပြောကြတာပေါ့၊ ဟိုလေ မွေထိုင်းမှာ တွေ့ခဲ့တဲ့လူ ချွန်တွန်းလုပ်သေးလား'

'အင်း… အမေနဲ့ နှစ်ခါလောက်ဆုံတယ်ပြောတာပဲ၊ ဒါပေမဲ့ အမေ့ဆီက ဘာသံမှထွက်မလာဘူး၊ သူမပြောဘူးထင်တာပဲ'

'တော်သေးတာပေါ့'

စကားပြတ်သွားခိုက် စည်သူ နွဲ့ယဉ်ကို စူးစူးနစ်နစ် စိုက်ကြည့်ပစ်လိုက်သည်။ နွဲ့ယဉ် ခေါင်းငုံ့သွား၏။

'နွဲ့ယဉ် ငါ နင့်ကိုလက်ထပ်ယူဖို့ အဆင်သင့်ဖြစ်နေပြီဟာ၊ လောလောဆယ် လက်ထဲမှာ ဆယ်သိန်းလောက်ရှိတယ်၊ တို့တွေ အတူနေကြရအောင်'

'စည်သူရယ် လောလိုက်တာ၊ ငါအမေ့ကို…'

'လုပ်မနေပါနဲ့ နွဲ့ယဉ်ရယ်၊ နင်ဖွင့်ပြောလည်း သဘောမတူဘူးဆိုတာပဲ လာမှာလေ၊ အဖြေက ကြိုသိနေပြီးသားပဲ၊ ငါ့ကိုချစ်ရင် ငါ့နောက်ကို လိုက်ခဲ့တော့'

'ဟာင်'

'ဟုတ်တယ်လေ၊ အဖြေရှိပြီးသားကိစ္စကို ဘာလို့စိတ်အပင်ပန်းခံနေမှာလဲ၊ နင်တို့သားအမိ ရန်ဖြစ်တာပဲ အဖတ်တင်မှာပေါ့'

'ဒါပေမဲ့ ငါက မိန်းကလေးလေ၊ နှစ်ဖက်မိဘကြည်ဖြူပြီးမှ လက်ထပ်ချင်တာပေါ့လို့'

စည်သူ ခေါင်းကုတ်လိုက်၏။ ကိုယ်ကတန်ဖိုးမထားတာမှ မဟုတ်တာပဲ။ အခြေအနေက ခိုးပြေးဖို့ တိုက်တွန်းနေတာမျိုးဖြစ်နေသည်။

'ပြီးရင် မပြောရဲလို့ဆိုပြီး အချိန်ဆွဲနေမှာမဟုတ်လား'

'ဒီတစ်ခါ ငါတကယ်ပြောမှာပါဟာ'

'ဘယ်တော့လဲ'

'သုံးရက်ပဲ အချိန်ပေး၊ ငါဖွင့်ပြောပြီးလို့မှ အမေ လက်မခံရင် နင့်သဘော၊ နင့်နောက်ငါလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com


စည်သူ တအံ့တသြနှင့် ပြုံးဖြီးဖြီး ဖြစ်သွား၏။

'နွဲ့ယဉ် နင်... နင်... တကယ်ပြောတာနော်'

'တကယ်ပေါ့၊ အမေ့ကို ရှိသေပေမယ့် နင့်ကိုလည်း ငါချစ်တယ်'

'ဟား... အိုကေဟာ၊ ဒါဆိုလန်းသွားပြီ၊ ငါ အားလုံးပြင်ဆင်ထားလိုက်မယ်၊ နောက်မှ ဘွာမခတ်နဲ့နော်'

'အေးပါဟယ်၊ ဘွာမခတ်ပါဘူး၊ ငါ ကတိပေးပါတယ်'

'ဝမ်းသာလိုက်တာ နွဲ့ယဉ်ရယ်'

'ဒါဆို သွားမယ်နော်၊ အမေ နိုးလာဦးမယ်'

'အင်း... ဟုတ်ပြီ နွဲ့ယဉ်'

နွဲ့ယဉ် သူ့ဆိုင်ပြန်သွား၏။ စည်သူ့ရင်ထဲ ဘင်ခရာဝိုင်းလှည့်နေသလို ဝုန်းဒိုင်းကျဲနေသည်။ မိန်းမတစ်ယောက်ထံမှ လက်ထပ်ပါ့မယ် နိုးရာလိုက်ပါ့မယ်ဟု ကတိစကားတစ်ခွန်းကြားရရုံနှင့် သူ ဒီလောက်ပျော်နေခဲ့လျှင် တကယ်တန်း နွဲ့ယဉ် သူ့ရင်ခွင်ထဲရောက်လာပါက သူ သေသွားနိုင်လားမသိ။

'ဟဲ့... စည်သူ အမလေးဟယ် ဖြစ်နေလိုက်တဲ့ ရုပ်ကြီးကိုက ထမင်းမစားတော့ဘူးလား၊ ငုတ်တုတ်ကြီး အသက်ပျောက်သွားပြီလား'

ဒေါ်လေး၏ အောက်ကူလိအာအသံကြီး ကြားလိုက်မှ စည်သူ အသက်ပြန်ဝင်လာ၏။ စပ်ဖြဲဖြဲအိုက်တင်နှင့်...

'စားမှာပေါ့ ယောက္ခမလေးရယ်၊ ထည့်ချင်တဲ့ဟင်းနဲ့သာထည့်၊ ဒီနေ့အဖို့ ခုံဖိနပ်ပြုတ်ကြော်နဲ့ စားရမယ်ဆိုရင်တောင် ထမင်းစားကောင်းမှာ သေချာတယ်'

'အင်း... ယောက်ျားတွေကို အဲဒါတွေကြောင့် ငါ မယုံခဲ့တာပေါ့၊ ရေခင် ဖျာလိုလိပ်ဆိုတဲ့ ဖော်မြူလာကြီးက ဒိတ်အောက်နေပြီနော်'

'ရပြီးတဲ့အခါမှာလည်း ဖျာလိုခင်းပြီး ထိုင်တယ်ဆိုပေမယ့် အနားလေးကွပ်ပြီး တရိုတသေ ထိုင်မှာပါဗျာ'


www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကျန်းမာရေး အကောင်းကြီးနော်၊ စောင့်ကြည့်နေမှာ စည်သူ'

'ကြည့်ဗျာ ကြည့်၊ စည်သူတို့အချစ်က I.S.O 9002 လက်မှတ်ရထားတာ ဓာတုဆိုးဆေးလည်းကင်းတယ်၊ အရသာလည်းရှိမှ ရှိပဲ'

စည်သူ့စကားကြောင့် ဒေါ်လေး ရယ်လေတော့၏။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

ကမ္ဘာကြီးက သူ့ဝင်ရိုးပေါ်တွင် သူ့ဟာသူခပ်စောင်းစောင်းလေး ဒီဂရီ ၂၄ နာရီတွင် တစ်ပတ်လှည့်လည်လျှက်ရှိသည်တဲ့။ ကြာလိုက်တာ ကမ္ဘာကို ကြိုးနှင့်ပတ်ပြီး ဂျင်ပေါက်သလို ပေါက်၍ ခပ်သွက်သွက်လှည့် ပစ်လိုက်ချင်သည်။ သုံးရက်ဆိုသည့် အချိန်ကာလကို သူ မစောင့်နိုင်အောင် ဖြစ်နေ၏။

နွဲ့ယဉ်ကို မိသားဖသားပီပီ တောင်းရမ်းပြီး လက်ထပ်ခွင့်ရဖို့ ဘယ်လိုမှ မဖြစ်နိုင်သဖြင့် ခိုးပြေးရမည့်အစီအစဉ် သုံးမျိုးလောက်ကိုသာ ကြိုတင်ရေးဆွဲထားခဲ့သည်။

ဘယ်သွားသွား ငွေတစ်သိန်းနှင့် မှတ်ပုံတင်ကို မမေ့မလျော့အောင် သွားသည်။ ဘယ်လိုအရေးပေါ်အခြေအနေကြုံကြုံ ဖြေရှင်းနိုင်အောင် ပြင်ဆင်ထား၏။ စိတ်မရှည်နိုင်လောက်အောင် စောင့်ခဲ့ရသည့် သုံးရက်ကုန်ဆုံးသွားချိန်မှာတော့ စည်သူ လက်ခမောင်းခတ်တော့သည်။ ဒီနေ့ ကံဘဲ့ကို သွားပြီး အခြေအနေ အကဲခတ်မည်။ သတင်းနားစွင့်မည်။

မနက်စောစောထပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။ ဘူတာရုံကို အဖြတ်တွင် ရထားတစ်စီး ဝင်လာ၍ ခဏရပ်စောင့်နေလိုက်သည်။ ရထားပေါ်မှဆင်းလာကြသူများထဲ ဒေါ်လေးကို တွေ့လိုက်ရ၏။ စည်သူ နည်းနည်းတော့ အံ့သြသွားသည်။ ဒေါ်လေးက သူ့ကိုမမြင်။ ဘယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားရမှန်းမသိဟန်နှင့် ဟိုကြည့် ဒီကြည့် ဖြစ်နေ၏။ စည်သူ ဒေါ်လေးနား လျှောက်သွားလိုက်ရင်း. . .

'ဘယ်ကိုသွားမလို့လဲ ဒေါ်လေး'

'ဟယ်. . . စည်သူ အတော်ပဲ အတော်ပဲ ငါ နင့်ဆီလာတာ တော်သေးတာပေါ့ တည့်တည့်တိုးလို့'

'ဘာဖြစ်လို့လဲ ဒေါ်လေး၊ နွဲ့ယဉ် ဘာမှာလိုက်လို့လဲ'

'မိုးမီးလောင်ပြီ စည်သူရေ၊ ကောင်းကင်ပါပြိုကျမတတ်ဘဲ'

'ဗျာ'

စည်သူ ဒေါ်လေးကိုဆွဲခေါ်ကာ အနီးဆုံးလက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ထိုင်ပြီး လက်ဖက်ရည်မှာလိုက်၏။ စိတ်လှုပ်ရှားမှုကို ထိန်းရင်း. . .

'ပြောပါဦး ဒေါ်လေး ဘာတွေဖြစ်ကြလို့လဲ'

'မင်း လာသွားတဲ့နေ့ကပဲ နွဲ့ယဉ် သူ့အမေကို ဖွင့်ပြောတယ်လေ'

'ဟုတ်လား အခြေအနေက'

'အစ်မ ပေါက်ကွဲချက်များ ကြောက်ဖို့တောင်ကောင်းတယ်ကွယ်'

'အင်း'

'ဒါနဲ့ မင်းတို့စုံတွဲ စားသောက်ဆိုင်မှာ လူတစ်ယောက်နဲ့ တွေ့ခဲ့ကြတယ်ဆို'

'ဟုတ်တယ် ဒေါ်လေး'

'အေး. . . အဲဒီလူပြောတာတောင် သူ မယုံခဲ့ဘူး၊ ဘာမှလည်း မမေးခဲ့တဲ့အပြင် ဆူလည်းမဆူခဲ့ဘူးတဲ့၊ ဒီလောက်မိုက်လုံးကြီးလိမ့်မယ်လည်း မထင်ဘူးပေါ့'

'ဒါတွေက မျှော်လင့်ထားပြီးသားပဲဗျာ၊ နွဲ့ယဉ်က ခိုးရာလိုက်မယ်လို့ထပ်ပြီးမှာလိုက်တယ် မဟုတ်လား'

ဒေါ်လေးမျက်နှာက ပြုံတော့မည့်မိုးသို့ အုံ့မှိုင်းသွား၏။ စည်သူ အနည်းငယ် တုန်လှုပ်စပြုလာသည်။

'ဒေါ်လေးရယ် မြန်မြန်ပြောပါ၊ ဘာတွေဖြစ်ကုန်ကြပြီလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အစ်မက နွဲ့ယဉ်ကိုခေါ်ပြီး နယ်က အမျိုးတွေဆီ ထွက်သွားပြီ'

'ဗျာ'

'နွဲ့ယဉ် ခိုးရာလိုက်မယ့်အကြံကို သိပုံပဲ၊ ဘာမှလုပ်လို့မရအောင် နယ်ကို ခေါ်သွားတာ'

'ဟား... ပြဿနာပဲဗျာ၊ ဒုက္ခတော့ရောက်ပြီ'

'အဲဒီပြဿနာက ဘာဟုတ်သေးလို့လဲ'

'နောက်ပြဿနာတွေရှိနေသေးလို့လား ဒေါ်လေး'

'အင်း'

'ပြောပါ ဒေါ်လေးရယ်၊ ပြောစမ်းပါ၊ ဘယ်လောက်ကြီးတဲ့ ပြဿနာဖြစ်ဖြစ် ဖြေရှင်းလို့ရတဲ့နည်းတော့ ရှိမှာပေါ့၊ ပြောပါ၊ ဘာတွေဖြစ်ကြလဲ'

ဒေါ်လေးက စည်သူ့ကိုကြည့်လိုက် အဝေးသို့ ငေးလိုက်နှင့် ဘူနွေပျက်နေ၏။ ဒေါ်လေးအမူအရာကြောင့် စည်သူ ပိုပြီးရင်ပူသွားသည်။

'အစ်မက နွဲ့ယဉ်... နွဲ့ယဉ်ကို မင်းတို့တွေ့ခဲ့တယ်ဆိုတဲ့ ဦးလူဖေ ဝင်းနဲ့ ပေးစားမလို့တဲ့'

'ဗျာ'

ကြားရသည့် စကားက ယုံနိုင်ဖွယ်ရာပင် မရှိ။ ဒေါ်နွဲ့အေး အသိဉာဏ်မဲ့ပုံက ကမ်းကုန်နေပြီ။

'ဟိုကောင်က တိုက်နဲ့ကားနဲ့ ကုမ္ပဏီလုပ်ငန်းနဲ့လေ'

'ဘယ်လောက်ချမ်းသာချမ်းသာ သူက အသက်ကြီးလှပါပြီ'

'မသိလို့မှ မဟုတ်ဘဲ၊ ငွေမက်နေတာ၊ ငွေဖုံးပြီး စုံလုံးကန်းနေတာ'

'ဟား ကျွိုင်က အကြီးကြီးပါလား၊ ပက်စက်လိုက်တာဗျာ၊ ကိုယ့် သမီး နုနုထွတ်ထွတ်လေးကို'

'အေးလေဟယ် ငါလည်း အစ်မကို ဖျောင်းဖြနားချတာပဲ၊ ဘယ်လို မှ ပြောမရဘူး'

စည်သူ့ရင်ထဲ ငရဲမီးလောင်းထည့်ခံရသလို ပူပြင်းလောင်မြိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ စိတ်ဆင်းရဲမှုကြီးစွာနှင့် သောကတွေဝေနေမည့် နွဲ့ယဥ်ကို မြင်ယောင်ရင်း စိတ်ဓာတ်တွေကျသွားတော့သည်။

'နွဲ့ယဥ်ကို ဘယ်ခေါ်သွားတာလဲ ဒေါ်လေး၊ ဘယ်မြို့လဲ ကျွန်တော် လိုက်မယ်'

'မဖြစ်ပါဘူး စည်သူရယ်၊ ဟိုမှာက အမျိုးတော်င့်တယ်၊ အားလုံးကလည်း ငါ့အစ်မပေးကျွေးထားတာတွေ၊ သူ့ဩဇာတစ်ခုတည်းရယ်၊ လိုက်သွားရင် နင့်ကိုအသေလုပ်ကြမှာ'

လမ်းစကပြတ်သွားပြန်သည်။ လောလောဆယ်လုပ်လို့ရတာ ဘာမှမရှိသလိုဖြစ်နေ၏။ စည်သူ ခေါင်းခြောက်မတတ် အကြံထုတ်ပါသော်လည်း ဘာမှတွေးလို့မရ။ စိတ်ဂယောက်ဂယက်နှင့် လက်ဖက်ရည်ကိုသာတွင်တွင်ကောက်မော့နေမိသည်။ လက်ဖက်ရည်တစ်ခွက်ဆိုတာကလည်း တစ်ဂါလံလောက်ပါတာမှမဟုတ်ဘဲ။ ကုန်နေသည့်လက်ဖက်ရည်ခွက်ကို သတိလက်လွှတ်ယူသောက်နေမိတာက အကြိမ်ကြိမ်။

'ဦးလူဖေဝင်းနဲ့ မင်္ဂလာဆောင်ကာနီးမှ ပြန်လာကြမှာလားမသိဘူး'

'နွဲ့ယဥ်ကရော သူ့အမေ စီစဥ်တဲ့မင်္ဂလာကိစ္စကို လက်ခံလား'

'မင်းရှိနေတာ ဘယ်လိုလုပ်လက်ခံမှာလဲ၊ နောက်ပြီး အဲဒီလူကအသက်ကလည်း ငါ့ထက်တောင်ကြီးသေး'

'ဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ'

'ငါလည်း မသိလို့ နင့်ဆီပြေးလာတာပေါ့ဟဲ့၊ တစ်ခုတော့ရှိတယ်ဟိုက အမျိုးတွေကို အယုံသွင်းပြီး အလစ်မှာ ထွက်ပြေးချင်ပြေးလာမှာ'

'အဲဒါကြောင့် ကျွန်တော် လိုက်သွားချင်တယ် ပြောတာပေါ့'

ထိုအခိုက် သာဒွန်း သတင်းစာနှင့် ဂျာနယ်တစ်စောင်ကိုင်ကာ ဆိုင်ထဲဝင်လာ၏။ သူတို့စားပွဲတွင် ဝင်ထိုင်ရင်း...

'ဟော့ကောင်... သတင်းစာထဲမှာ အဝေးသင်တွေ ဘွဲ့ယူဖို့ခေါ်နေတယ်၊ မင်းတို့လားတော့ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်လား၊ ပြစမ်း'

စည်သူ သတင်းစာကို အလောတကြီးကောက်လှန်ပြီး ကမန်းကတန်းဖတ်လိုက်၏။ ဟုတ်သည်။ သူတို့ နွဲ့ယဉ်တို့ စာသင်နှစ်မှ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရများ ဘွဲ့အပ်နှင်းမည့် ဖိတ်ခေါ်တာဖြစ်နေသည်။

'ဟုတ်တယ် သာဒွန်း၊ ငါတို့အသုတ်ပဲ'

'ဒါဆို နွဲ့ယဉ်လည်း ဘွဲ့ယူရမှာပေါ့ ဟုတ်လား'

'ဟုတ်တယ် ဒေါ်လေး၊ ဟာ… ဟုတ်ပြီ၊ အကြံရပြီ'

စည်သူ၏ အားရဝမ်းသာလေသံကြောင့် ဒေါ်လေး စိတ်ဝင်တစားအားစွင့်သည်။ သာဒွန်းက ဘာမှမသိ မျက်လုံးလေး ကလယ်ကလယ်နှင့်။

'နွဲ့ယဉ် ဘွဲ့ယူမယ် ဘွဲ့နှင်းသဘင်တက်မယ်လို့ သူ့အမေကို ပြန်အကြပ်ကိုင်ခိုင်း ဘွဲ့ယူပြီးမှ ဟိုလူ့ကို ယူမယ်လို့ အပျော့ဆွဲ ဆွဲခိုင်း'

'အေး… အဲဒါကောင်းတယ်'

'နွဲ့ယဉ် စိတ်ခိုင်ခိုင်ထားဖို့လည်း မှာလိုက်ဦးနော်၊ ရော့… ဒီသတင်းစာ ဒေါ်လေးယူသွား၊ သူ သိချင်မှသိဦးမှာ'

'အေး… အေး… တော်ပါသေးရဲ့ဟယ်၊ ထွက်ပေါက်လေးတစ်ခုစဉ်းစားလို့ ရပေလို့ပေါ့'

'ကဲ… ဒေါ်လေး ရထားလာတော့မယ်၊ ပြန်မှာမဟုတ်လား'

'အေး'

'သူတို့သားအမိလည်း မရှိကြဘူးဆိုတော့ အရေးကြီးကိစ္စရှိရင် ဒေါ်လေးဆီပဲ ကျွန်တော် လာခဲ့မယ်'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကဲ…၊ သွားပြီဟေ့'

ဒေါ်လေး ထွက်သွားတော့ သာဒွန်း၏ မေးခွန်းနှင့် ရင်ဆိုင်ရပြန်သည်။ နွဲ့ယဉ် အမေအကြောင်း ရှင်းပြလိုက်၏။

'ဟာ… မိုက်ရိုင်းလိုက်တာကွာ၊ တရုတ်ကား၊ မြန်မာစာတန်းထိုးထဲကလို ဒီလိုအဖြစ်မျိုး အပြင်မှာ တကယ်ရှိသလားလို့ပဲ မေးရမလိုဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ခေတ်မှာ ပိုဆိုးတာပေါ့ သာဒွန်းရာ၊ ဈေးကွက်စီးပွားရေး ဆိုတော့ တရုတ်၊ ကိုရီးယား၊ ထိုင်းက လုပ်ငန်းရှင်တွေ လိုမ့်ဝင်လာတာ မဟုတ်လား။ နွဲ့ယဉ်အမေက သူဌေးကို သမီးနဲ့ပေးစားဖို့ကြံတာလောက် တော့ စာမဖွဲ့ဘူး။ ကိုရီးယားရဲ့ မယားငယ်ဖြစ်ဖို့တောင် အလုအယက် တန်းစီနေကြတာလေ'

'အေးကွာ၊ ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်တဲ့သူတွေများလာပြီနော်၊ အခု မင်းတို့ကိစ္စ ဘယ်လိုလုပ်မယ် စီစဉ်ထားလဲ'

'နွဲ့ယဉ် ဘွဲ့နှင်းသဘင်တက်ရင် ပြီးပြီ၊ ဘယ်သူ့ကိုမှ မငဲ့တော့ ဘူး၊ မီးစင်ကြည့်ကလိုက်မယ်'

'ကောင်းတယ် သူငယ်ချင်း၊ လိုအပ်တာမှန်သမျှ ငါ ကူညီမယ်၊ မင်း ဘယ်ကိုခိုးပြေးမလဲ၊ သူငယ်ချင်းတွေဘာတွေရှိရဲ့လား၊ ငါ့အိမ်ကတော့ ဆယ်ပေပတ်လည်လောက်ရှိတာကွ၊ အိမ်ပြိုသွားလိမ့်မယ်၊ ဟဲ… ဟဲ… ဟဲ'

'တော်စမ်းပါကွာ၊ ဘာလုပ်မှာလဲ၊ ခရီးထွက်ပြီး တည်းခိုခန်းမှာပဲ နားမယ်'

'အဲဒါမှ ဥတ်တာကွ၊ စိတ်လွတ်ကိုယ်လွတ်ပဲ အိမ်ရှင်ကို အရက်မူး အောင်တိုက်နေစရာလည်း မလိုဘူး၊ ဟား… ဟား… ဟား'

'အဟင်း… ခက်ခက်နဲ့ကိစ္စ ပြန်သတိရနေတာလား၊ အဲဒီတုန်းက ငါ တကယ်မူးသွားတာကွ၊ နို့မို့ဆိုရင်တော့လား'

'ပစ္စည်းမဲ့ဒေါ်သကို ကြုံဖူးမှ ပစ္စည်းရှိလူတန်းစားဖြစ်လာတဲ့အခါ ပိုပြီး အရသာရှိတာကွ၊ ဟဲ… ဟဲ… မင်းကို အနီးကပ်သင်တန်းပို့ချပေး မယ်၊ သင်တန်းကြေးသာ မြိုးမြိုးမြက်မြက်ပေး'

'မလိုဘူး သာဒွန်း၊ ဆရာမလိုဘဲ တတ်တဲ့ပညာထဲမှာ အဲဒါက ထိပ်ဆုံးကကွ'

'ပေါ့ပေါ့မတွေးနဲ့၊ မသင်ဘဲတတ်တယ်ပဲထားဦး၊ စင်္ကာပူဖုံထုတ် ကားနဲ့ ဂျပန်ကား မတူဘူးနော်၊ နည်းပညာတော့ ကွာတာပေါ့ကလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ဘယ်လိုပဲကွာကွာ၊ ခရီးရောက်တာ ချင်းတော့ အတူတူပါပဲကွာ'

'ဂျပန်ကားက ပိုမြန်တယ်ကွ'

'ဒါမျိုးက ကြာလေ ကောင်းလေကွ၊ ဟား… ဟား… ကဲပါ အလုပ်သွားဖို့ လုပ်ရဦးမှာ သွားစို့'

❐ ❐ ❐

ရိုဟာဇယ်ရက်မတိုင်မီ ငါးရက်လောက်ကြိုပြီး နွဲ့ယဉ် ပြန်ရောက်လာသည်ဟု သတင်းကြားရ၏။ နွဲ့ယဉ်နှင့် အဆက်အသွယ် လုံးဝမလုပ်သော်လည်း ဒေါ်လေးက ဖုန်းဆက်သတင်းပေးသဖြင့် အကြောင်းစုံကို သိရသည်။

နွဲ့ယဉ်က ဘွဲ့မယူရလျှင် သတ်သေမည်ဟု အကျပ်ကိုင်ပြီး ဘွဲ့ယူရမှ ဦးလူဖေဝင်းကို ယူမည်ဟု ကတိပေးခဲ့သည်တဲ့။ ဘွဲ့ယူဖို့ ကိစ္စလိုအပ်သည်များ ဆောင်ရွက်ရာသို့ ဒေါ်နွဲ့အေး ထပ်ချပ်မကွာလိုက်သည်။ စည်သူနှင့် ဆုံသော်လည်း စည်သူက ဂရုမစိုက်သည့်အပြင် မျက်နှာကို ဆယ့်ခြောက်ခေါက်ချိုးထား၏။ ဒေါ်နွဲ့အေးက ရှစ်ခေါက်ပဲ ချိုးထားသည့်အတွက် စည်သူက နှစ်ဆတင်းထားသည့်သဘောဖြစ်၏။

မလွဲသာ မရှောင်သာ မျက်နှာချင်းဆိုင်ရလျှင်လည်း အနူနှင့်ပက်ပင်းဆုံ၍ ရွံရှာသလိုမျိုး အိုက်တင်နှင့် မတူတန်သလို ဟန်ပန်လုပ်ပြီး သူက အရင်မျက်နှာလွှဲသည်။ အတင်းလိုက်ကပ်နေမည် ယူဆပြီး သက်ဆော်စောင့်လုပ်ဖို့ လိုက်လာသည့် ဒေါ်နွဲ့အေးစိတ်ကိုအောင် ဆွပေးသည်။

ဒေါ်နွဲ့အေး မခံချိမခံသာဖြစ်နေသော်လည်း စည်သူ့ရန်မှ ကင်းလွတ်ခွင့်ရသဖြင့် စိတ်အေးနေပုံရ၏။

ရိုဟာဇယ်နေ့တွင် ဦးလူဖေဝင်းမောင်းသည့် ကားကြီးနှင့် နွဲ့ယဉ်တို့ ရောက်လာတာ တွေ့ရသည်။ ရင်ထဲမှာ မချိသော်လည်း ဒေါ်နွဲ့အေး မြင်အောင် တံတွေးကို ထွီခနဲထွေး၍ ချာခနဲလှည့်ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွဲ့အေး ဆွေ့ဆွေ့ခုန်ကာ ကျန်ရစ်သည်။ မနက်ဖြန်ဆို တကယ် ဘွဲ့ယူရမည့်နေ့။ စည်သူနှင့် နွဲ့ယဉ် လုံးဝအဆက်အသွယ်မရှိသော်လည်း ဒေါ်လေးကို ကြားခံထား၍ အစီအစဉ်များအားလုံးကို ကြိုတင်အသိပေး ထား၏။

ဒေါ်နွဲ့အေးနှင့် ဦးလူဖေဝင်းကလည်း အပိုင်ကြံထားကြသည်။ နွဲ့ယဉ်ဘွဲ့ယူပြီးသည်နှင့် ဘွဲ့ဝတ်စုံချွတ်၍ သတို့သမီးလောင်းဝတ်စုံ ကောက် စွပ်ကာ စင်ထရယ်ဟိုတယ်တွင် ကျင်းပမည့် စေ့စပ်မင်္ဂလာပွဲသို့ တက်ရန် စီစဉ်ပြင်ဆင်ထားပြီးဖြစ်သည်။ ထိုသတင်းကိုကြားတော့ စည်သူ ကလိကလ ဖြစ်ရသည်။ သူ့အစီအစဉ်တွေသာ လွဲချော်ခဲ့ပါက နွဲ့ယဉ်နှင့် တစ်သက်လုံး ဝေးရတော့မည်ဖြစ်သည်။

ထို့ကြောင့် သာဒွန်းနှင့်တိုင်ပင်ပြီး စူပါဆလွန်းခပ်လတ်လတ်တစ် စီးကို ကြိုငှားထား၏။ ကားကို သာဒွန်းကိုယ်တိုင်မောင်းမည်ဖြစ်သည်။ ဘွဲ့သွားယူဖို့နှင့် မိန်းမခိုးဖို့ တစ်ခါတည်း ငှားထားခြင်းဖြစ်၏။

ဦးသိက္ခာ ကြိုရှင်းပြထားသဖြင့် စည်သူ့အဖေလည်း အကြောင်းစုံ သိထားပြီးမဖြစ်မနေ ခိုးယူရန် တိုက်တွန်းအားပေးခဲ့သည်။

ထို့ကြောင့် စည်သူ အကြီးအကျယ် အားတက်နေ၏။ ညကလည်း လုံးဝအိပ်လို့မပျော်။ ဒေါ်လေးနှင့်လည်း နောက်ဆုံးအစီအစဉ်ကို ကျေညက် အောင် အထပ်ထပ်မှာကြားပြီးဖြစ်သည်။ သို့ဖြစ်၍ စည်သူမှာ သမရိုးကျ ရင်ခုန်ခြင်းရော၊ ထူးခြားဖြစ်စဉ် ရင်ခုန်ခြင်းများပါ ရောသမလျှက် ပြောမပြ နိုင်လောက်အောင်ပင် ခံစားနေရ၏။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

မမလေးကို ခိုးဖို့လူဆိုးတွေနှင့် တိုင်စရာမရှိသည့်အတွက် အဖေ၊ ဦးသိက္ခာ၊ သာဒွန်းတို့နှင့်သာ တိုင်ပင်ခဲ့ရသည်။ စည်သူတို့ ဘွဲ့ယူရမှာက နောက်ပိုင်းဖြစ်၏။ ဘွဲ့နှင်းသဘင်ခန်းမထဲ ကိုးနာရီအရောက် ဝင်ရမည်မို့ အိမ်မှ ခုနစ်နာရီခွဲတွင် ထွက်လာခဲ့သည်။

ကားပြန်ထွက်ရတာ လွယ်အောင် ကျောင်းဝင်းထဲ မဝင်ဘဲ အပြင်မှာပဲ ရပ်ထားခဲ့သည်။ သာဒွန်းကားပေါ်ကပဲ စောင့်နေ၏။ စည်သူနှင့်အဖေ ကျောင်းထဲဝင်လာခဲ့ကြသည်။

တစ်နေရာတွင် နွဲ့ယဉ်နှင့် သူငယ်ချင်းများ ဓာတ်ပုံရိုက်နေတာ တွေ့ရ၏။ မျက်မှန်းတန်းနေသော သူငယ်ချင်းမတစ်ယောက်က အတင်းဆွဲခေါ်သဖြင့် မေဂျာတူ ဆက်ရှင်တူ အုပ်စုအဖြစ် နွဲ့ယဉ်တို့နှင့်အတူ ဓာတ်ပုံရိုက်လိုက်ရသေးသည်။

ဦးလူဖေဝင်းနှင့် ဒေါ်နွဲ့အေးကို မလှမ်းမကမ်းတွင် အတူတကွ တွေ့ရသည်။ သူတို့နှစ်ယောက် တော်တော်လိုက်ဖက်၏။ အမှန်မှာ မုဆိုးမ ဒေါ်နွဲ့အေးကသာ ဦးလူဖေဝင်းကို လက်ထပ်ယူသင့်သည်။ ထိုသို့တွေးမိသဖြင့် စည်သူ ပြုံးမိသေး၏။

မင်္ဂလာအချိန်က အတော်နီးလာပြီ။ ဘွဲ့ယူဖို့မဟုတ်။ မိန်းမခိုးဖို့ မင်္ဂလာအချိန်ကို တွက်ချက်ရင်ခုန်နေခြင်းဖြစ်သည်။ နွဲ့ယဉ်လည်း သူ့လိုပင်

www.burmeseclassic.com



ဖြစ်နေမည်မှာ မလွဲ။ ဟန်လုပ်ပြီး ပြုံးနေရသော်လည်း ရင်ထဲမှာ ဘလောင်ဆူပြီး စိုးရိမ်သောကတွေနှင့် ပူပန်နေမှာသေချာသည်။

အားတင်းထားလိုက်ပါ ချစ်သူ။ နှစ်ယောက်သား လက်ချင်းဆုပ်ပြီး ဘဝသစ်စာမျက်နှာ လှန်ကြဖို့ နာရီပိုင်းလောက်သာ လိုတော့သည်။

ကိုးနာရီထိုးဖို့ ဆယ်မိနစ်တွင် ဘွဲ့ယူမည့် မောင်မယ်များနေရာယူကြရန် လော်စပီကာမှ ဆော်ဩသံကို ကြားရ၏။ စည်သူ သူ့အဖေကို တီးတိုးကပ်မှာလိုက်သည်။

'အဖေ… ဘွဲ့နှင်းသဘင်ခန်းမထဲကို မဝင်နဲ့တော့၊ ကားဆီပြန်ပြီး အသင့်စောင့်နေနော်'

'အေးပါကွာ၊ အဖေ သဘောပေါက်ပါတယ်'

ဝက်ဝံမည်းကြီးတွေ ဘွဲ့နှင်းသဘင်ခန်းမထဲ တန်းစီဝင်ရောက်သွားကြ၏။ သတ်မှတ်ခုံနံပါတ်များတွင် စည်သူတို့ ဝင်ထိုင်ကြသည်။ စည်သူနှင့်နွဲ့ယဉ်ကြားမှာ သုံးယောက်သာခြား၏။ မိဘ ဆွေမျိုးအသိုင်းအဝိုင်းက ခန်းမ၏ အပေါ်ထပ်တွင်နေရာယူပြီး လှမ်းမျှော်ကြည့်ကြရသည်၊ အလှမ်းဝေးသဖြင့် လူလုံးကွဲအောင် မနည်းကြည့်ကြရသည်။

စိတ်ချရသော အကွာအဝေးရှိသည်မို့ နွဲ့ယဉ်ကို လက်မထောင်ပြပြီး စကားလှမ်းပြောရသည်။ စည်သူက အရင်ယူရမည်မို့ နွဲ့ယဉ်ကို သူစောင့်နေမည်ဖြစ်ကြောင်း ပြောထားရသည်။ နွဲ့ယဉ် မျက်နှာငယ်လေးနှင့် ချွေးစို့နေရှာသည်။

အစီအစဉ်စတော့ ပါချုပ်သြဝါဒနှင့်ဖွင့်သည်။ ပြီးတော့ ကထိကက ဂုဏ်ယူဝမ်းမြောက်ကြောင်း စကားဆိုသည်။ နောက်ဆုံးမှ စီနီယာအတိုင်း ဘွဲ့လက်မှတ်ချီးမြှင့်ကြ၏။

တစ်တန်းပြီးတစ်တန်း ခုံမှထသည်။ နံရံနှင့်ကပ်လျက် စကြံအတိုင်း တန်းစီရသည်။ ဘွဲ့အလိုက် ဘာသာရပ်အလိုက် ခုံနံပါတ်အလိုက် အစဉ်အတိုင်း တစ်ယောက်ချင်း ဘွဲ့တက်ယူကြရသည်။ စည်သူ့အလှည့်ရောက်အောင် တစ်နာရီလောက် စောင့်ရ၏။ သူတို့တန်းစီသည့်အလှည့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တော့ ဘွဲ့ယူပြီးဖို့နှင့် နွဲ့ယဉ်လက်ကိုဆွဲပြေးဖို့လည်း နာရီဝက်လောက် သာ လိုတော့သည်။

စည်သူ့ရင်ခုန်သံတွေ ဗလောင်းဗလဲဖြစ်လာ၏။ ဝတ်ရုံကြီးနှင့်မို့ ခိုက်ရသည့်ကြားထဲ စိတ်လှုပ်ရှား၍ ချွေးတွေက ရေချိုးထားသလို ထွက် နေခဲ့ပြီ။ မျှော်လင့်စောင့်စားခဲ့ရသော မင်္ဂလာအချိန် ဆိုက်ရောက်လာ၏။ စည်သူ ဘွဲ့လက်မှတ်ယူရတာတောင် ကတုန်ကယင်ဖြစ်နေသည်။

စင်ပေါ်က အဆင်း သမင်လည်ပြန်ကြည့်မိတော့ နွဲ့ယဉ်မှာ စတိတ်ပေါ်အတက် လှေကားထစ်သို့ရောက်နေပြီ။ စည်သူ ခန်းမအပြင် ထွက်ထွက်လာရင်း လက်ကိုင်ပဝါထုတ်၍ ချွေးသုတ်ရသေး၏။ ငါးမိနစ် လောက်ကျော်စောင့်ပြီးမှ နွဲ့ယဉ် ထွက်လာသည်။ ဘွဲ့ရမောင်မယ်များ မပြန် သေးရန် လှမ်းအော်နေသော်လည်း စည်သူတို့မလိုက်နာနိုင်တော့။

'နွဲ့ယဉ် သွားကြစို့'

'ငါ ကြောက်လိုက်တာ စည်သူရယ်'

'ကြောက်ရင် လွဲလိမ့်မယ်၊ လာ…'

စည်သူ့ ညာလက်နှင့် နွဲ့ယဉ်၏ ဘယ်လက်ဆုပ်ကိုင်မိလိုက်ကြ ပြီး ဝတ်ရုံမည်းကြီးနှစ်ကောင် ခန်းမထဲမှ ပြေးထွက်သွားကြ၏။ ဦးလူဖေဝင်း နှင့် ဒေါ်နွဲ့အေးတို့တော့ ညွှန်ကြားသည်များသတ်မှတ်နေရာမှ စောင့်မျှော်နေကြပေ လိမ့်မည်။

စည်သူနှင့်နွဲ့ယဉ် အမောဆို့မတတ်ပြေးနေကြ၏။ ကျောင်းဝင်းက အတွယ်ကြီး ခြေတစ်လှမ်း သုံးပေနှုန်းလောက်နှင့် မရပ်မနားပြေးကြသည်။ ဒါ အမေ့ရင်ခွင်နှင့် ဦးလူဖေဝင်း၏ ချုပ်ကိုင်မှုမှ ရုန်းထွက်သော ခြေလှမ်း များဖြစ်သည်။ ခြေတစ်လှမ်းတိုင်းသည် ဒေါ်လာတစ်သိန်းမက တန်ကြေး ရှိ၏။ အချင်းချင်း ပိုင်ဆိုင်ဖို့အတွက် နီးစပ်ရန် ကြိုးပမ်းသော ခြေလှမ်းများ ဖြင့် နှစ်ယောက်စလုံး အားပါနေကြသည်။

ဘွဲ့နှင်းသဘင်ခန်းမက တဖြည်းဖြည်းဝေး၍ ကျန်ခဲ့၏။ သူတို့နှစ်ကိုတွဲ ကို မြင်သူတိုင်း တအံ့တသြ ရပ်ကြည့်ကြသည်။ ဘွဲ့ဝတ်စုံကြီးကို ရှိဖားရား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျားလိုက်သလိုပြေးလာကြသည့် မြင်ကွင်းက အဆန်းတကြယ် ဖြစ်နေသည်။

ကျောင်းဝင်းအပြင်သို့ စည်သူတို့ရောက်လာကြပြီ။ အဖေနှင့် သာဒွန်းတို့ စိတ်စောစွာနှင့် ကားအပြင်သို့ ရောက်နေကြ၏။ သူတို့ကိုမြင်ရ ကားထဲပြန်ဝင်ကာ အဆင်သင့်စက်နိုးထားသည်။ စည်သူ ကားနားရောက် သည်နှင့် ကားတံခါးဆွဲဖွင့်၍ နွဲ့ယဉ်ကို အရင်ဝင်ခိုင်းလိုက်၏။

ပြီးတော့ စည်သူ ဝင်ထိုင်ပြီး ကားတံခါးဆောင့်ပိတ်လိုက်တော့ သည်။ သူနှင့်နွဲ့ယဉ်၏ အသက်ရှူသံက ပြင်းပြင်းပြပြ မြည်နေ၏။ ရင်အုံ လည်း ဖားဖိုကဲ့သို့ လှိုက်မောအုံကြွကာ လှိုင်းထနေသည်။ စည်သူ အားပါဝါ နှင့် စကားတစ်ခွန်းကိုသာ ပြောနိုင်တော့သည်။

'သာဒွန်း… မောင်း… မောင်း'

ကားစက်သံကြားမှ ဂလုပ်ခနဲ ဂီယာဝင်သွားသံကြားလိုက်ရပြီး နောက် လျှောခနဲ ကားက လိမ့်ထွက်သွားသည်။ ကားပြတင်းမှ လေအေး တို့တိုးဝင်လာသည်။ အိုက်စပ်နေမှုတွေ သက်သာသွားကာ နေသာထိုင်သာ ရှိသွား၏။

စကားမပြောဖြစ်သော်လည်း စည်သူ နွဲ့ယဉ်လက်ကို ဆုပ်ကိုင် ထားသည်။ တစ်ယောက်ကိုတစ်ယောက် အားပေးသလိုလည်း ကြည့်မိ ကြ၏။ သာဒွန်းက လူရှင်းလျှင် ရှင်းသလို လီဘာကုန်တင်နေသည်။

မိနစ်နှစ်ဆယ်လောက် မောင်းလာပြီးတော့ သင်္ချိုင်းကျွန်း စံပြဈေး လမ်းဆုံသို့ ရောက်လာသည်။ ဖြူနီမျဉ်းကျား လွတ်သောနေရာတွင် ကား ရပ်လိုက်သည်။ စည်သူ့အဖေ ကားပေါ်မှ ဆင်း၏။

'ကဲ… သားနဲ့သမီး ဘာမှပူမနေနဲ့၊ နောက်ပိုင်းက ပြဿနာ အားလုံး အဖေရှင်းထားလိုက်မယ်၊ သားတို့ ပဲခူးလောက်ရောက်မှ လက်ထပ် ကြ၊ ခုတော့ ရန်ကုန်နဲ့ ဝေးလေကောင်းလေပဲ၊ ကဲ… သွားကြတော့ သာဒွန်း ဂရုစိုက်မောင်းနော်'

'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ… သွားပြီ ဖေဖေ'

စည်သူတို့ စုံတွဲ အဖေ့ကို နှုတ်ဆက်ပြီးသည်နှင့် သာဒွန်း လက်စွမ်းပြတော့သည်။ အချိန်က ဆယ့်တစ်နာရီမထိုးသေး။ ပဲခူးသို့ တစ်နာရီ ခထိုးခင် ရောက်ကောင်းပါရဲ့လေ။ စည်သူက နွဲ့ယဉ်ခေါင်းမှ ဘွဲ့ဦးထုပ်ကိုချွတ်ပေးပြီး သူကိုယ်တိုင်လည်း ချွတ်လိုက်၏။ ပြီးတော့ ထိုဦးထုပ်နှင့် ဆပ်ခပ်သည်။

'အမေနဲ့ ဟိုလူကြီး ခုလောက်ဆို ဒေါပွနေလောက်ပြီနော်'

'မေ့ထားလိုက် နွဲ့ယဉ်၊ ခု နင့်ဘေးမှာ ငါ ရှိနေပြီလေ၊ နင့်ဘဝကို ငါ တာဝန်ယူတော့မှာ၊ စိတ်ကိုလျှော့ထား၊ ဘာမှတွေးမနေနဲ့တော့'

'ငါ ငါ ကြောက်တယ်ဟယ်'

'ငါ့လက်ကိုဆုပ်ပြီး ပခုံးပေါ် ခေါင်းတင် နားလိုက် ရင်ဆိုင်ရဲတဲ့ သတ္တိတွေ စီးဝင်လာလိမ့်မယ်'

နွဲ့ယဉ် ခပ်ယဲ့ယဲ့ပြုံးပြီး ပခုံးစွန်းတွင် ခေါင်းမှေးတင်လိုက်၏။ နွဲ့ယဉ်တော့မသိ။ စည်သူ့တစ်ကိုယ်လုံး တဖျင်းဖျင်း ဖြစ်သွားသည်။ သတ္တိတွေ ခွန်အားတွေ စီးဝင်လာသလို ခံစားလိုက်ရ၏။ သူတို့မောမောနှင့် မှေးအိပ်ပြီးလိုက်လာခဲ့ကြသည်။

BURMESE CLASSIC

တစ်နာရီခွဲကျော်ကျော် မောင်းပြီးနောက် ပဲခူးသို့ ဝင်လာ၏။ သားသားနားနား တည်းခိုခန်းရှေ့ ကားရပ်လိုက်၏။ ဘွဲ့ဝတ်စုံနှင့် စုံတွဲ တည်းခိုခန်းထဲ ဝင်သွားကြသည်။

အခန်းရသည်နှင့် ဦးစွာလုပ်ရသည်က ဝတ်ဝံအရေခွံကြီးတွေ ချွတ်ရခြင်းပဲဖြစ်၏။ ဒါတွေကို သာဒွန်းနှင့် ပြန်ပေးလိုက်ရမည်။ တစ်ပတ်အတွင်း ပြန်အပ်ရမည်ဖြစ်သည်။

စည်သူ စီစဉ်လာခဲ့သော အဝတ်အစား အိတ်ထဲမှ တီရှပ်တစ်ထည်နှင့် ထဘီအသစ်တစ်ထည် ထုတ်ပေးလိုက်သည်။ နွဲ့ယဉ်က ရေချိုးခန်းထဲ ဝင်ဖို့ ခြေလှမ်းပြင်၏။ ပိတ်ဖောက်ဇာ အစိမ်းလက်ရှည် ချိတ်သဘီ ခက်ဖူးစိမ်းနှင့် နုယဉ်က စည်သူ့မျက်စိထဲ သိပ်လှနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲ လဲ ပြီးရော နယဥ်ရယ်"

"ဟယ်… စည်သူ အစုတ်ပလုတ်"

"အမယ်… လုပ်မနေနဲ့၊ နောက်နှာရိုဝက်လောက်ဆို လင်မယား ဖြစ်တော့မှာ"

အရုက်သည်းသွားသော နယဥ် စည်သူ့ကိုထု၏။ နှက်၏။ ထို လက်များကို စည်သူ ဖမ်းချုပ်ပြီး သိုင်းဖက်လိုက်သည်။ နွဲ့ယဥ် သူ့ရင်ခွင် ထဲ ပြုဆင်းလာ၏။ စည်သူ လွှတ်ပေးရန် အားမထုတ်မိသလို နွဲ့ယဥ်လည်း ရုန်းထွက်ရန် မကြိုးစားတော့။

နှစ်ယောက်စလုံး သာဒွန်းပါလာသည်ကို မေ့သွားကြသည်။ ဘွဲ့ ဝတ်စုံများ ပြန်ပေးရမည်ကိုလည်း လုံးဝသတိမရကြတော့။

အချစ်မြစ်အတွင်း သက်ဆင်းနစ်မြုပ်ချောပါလျက်…

အားကြိုးမာန်တက် ကူးခတ်နေကြလျက်။

တန်ခူးလေပြေ

BURMESE CLASSIC

www.burmeseclassic.com